ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 28 September 2021 ၁၀၅၁၀

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

# NUG နှင့်ဆက်စပ်အဖွဲ့များသည် ဒီမိုကရေစီနည်းအရ နိုင်ငံ၏ တိုးတက်ရာတိုးတက်ကြောင်း တိုက်တွန်းပြောဆိုမှု လုံးဝမရှိဘဲ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရန်သာ တိုက်တွန်းပြောဆို၍ နိုင်ငံပျက်စီးအောင် ဆောင်ရွက်လျက်ရှိ

## မိမိတို့အနေဖြင့် လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ လုံးဝသွေဖည်မသွားဘဲ ကာကွယ်ထိန်းသိမ်း၍ ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒေါက်တာငွေအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❑

ကြေးမုံ
ယနေ့ ဖတ်စရာ

**တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၅ လကြာ ထပ်မံတိုးမြှင့်ရပ်စဲလိုက်ကြောင်း ကြေညာချက်ထုတ်ပြန်**

စာမျက်နှာ » ၉

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၈၂ ဦး တွေ့ရှိ၊ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၄၅၉၄၃၆ ဦးရှိ**

စာမျက်နှာ » ၂၂




**အခန်းဆက် ဝတ္ထုရှည်**

စာမျက်နှာ ၂၃

# နိုင်ငံအခြေအနေမှန် ထင်ဟပ်ပေါ်လွင်ရေးကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုသည် မည်သည့်အခြေအနေရှိသည်ဖြစ်စေ မဆုတ်ယုတ်ဘဲ တည်တံ့နေရန်အရေးကြီးသည်။ တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်သည်ဆိုသော်လည်း ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တည်ငြိမ်မှုကို တည်ဆောက်နိုင်သည်။ ဖွံ့ဖြိုးမှုဆိုသည်မှာ လူမှုဘဝဆုတ်ယုတ်ယိုယွင်းခြင်းမရှိဘဲ အစဉ်ရှင်သန်လည်ပတ်နေခြင်းဖြစ်သည်။ စစ်အတွင်းကာလပင်ဖြစ်သော်လည်း ကုန်ထုတ်လုပ်ရေး၊ ရောင်းဝယ်ဖောက်ကားရေး၊ တည်ဆောက်ရေးတို့ပြုလုပ်ကြသည်ကို ကမ္ဘာ့သမိုင်းတွင် တွေ့ရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြောင့် စီးပွားရေးဘက်တွင် တုံ့ဆိုင်းနှေးကွေးရပ်တန့်နေမှုများကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်ရှိနိုင်ငံများတွင်လည်း ဖြစ်ပေါ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်မူ ကိုဗစ်-၁၉ ကပ်ရောဂါဘေးနောက်ဆက်တွဲအကျိုးဆက်များအပြင် နိုင်ငံရေးဂယက်ရိုက်ခတ်မှုကြောင့် စီးပွားရေးလုပ်ငန်းများဘက်တွင် စိန်ခေါ်မှုအခက်အခဲများရှိနေသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏လူမှုစီးပွားဘဝများ တည်တံ့ထွန်းကားလာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း နိုင်ငံတော်နှင့်ပြည်သူများ၏ စီးပွားရေးဘဝ မြင့်မားတိုးတက်လာအောင် ပြည်တွင်းထုတ်ကုန်၊ ပြည်ပပို့ကုန်တိုးတက်ရေးကို မကြာခဏလမ်းညွှန်မှာကြား အားပေးကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံအတွင်းဖြစ်ပေါ်နေသော နိုင်ငံရေးပယောဂအမျိုးမျိုးတို့ကြောင့် မြန်မာနိုင်ငံ၏ပုံရိပ်မှာ ကမ္ဘာ့အလယ်တွင် မျက်နှာငယ်စရာအဖြစ်များနှင့် ကြုံတွေ့နေရသည်ကို တွေ့ရမည်ဖြစ်သည်။ မည်သို့သောအခက်အခဲများ ကြုံတွေ့ရသည်ဖြစ်စေ မြန်မာနိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားများ၏ စီးပွားရေးဘဝ မြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဖော်ထုတ်ပြသရမည်ဖြစ်သည်။ နိမ့်ကျနေသောမြန်မာကို မြင့်မားတိုးတက်လာအောင် မြန်မာနိုင်ငံကို ချစ်မြတ်နိုး၊ တန်ဖိုးထားသောနိုင်ငံသားတိုင်းက ကြိုးပမ်းအားထုတ်ကြရန် အချိန်တန်ပြီဖြစ်သည်။ စီးပွားရေးကို ပြန်လည်ဦးမော့လာအောင်၊ မြင့်မားတိုးတက်လာအောင် ကဏ္ဍပေါင်းစုံတွင် ဆောင်ရွက်ကြရန်လိုအပ်လျက်ရှိသည်။

နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးတွင် ပြည်တွင်းထုတ်ကုန်များ အဆင့်မြှင့်တင်တိုးတက်ဆောင်ရွက်ခြင်းနှင့် ပြည်ပပို့ကုန်များကို ဈေးကွက်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်းသည် အဓိကကျသောအချက်များဖြစ်သည်။ မကြာသေးမီက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က မြန်မာနိုင်ငံကို ကိုယ်စားပြုကာ ကမ္ဘာ့နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၂၀၀ ကျော်နှင့်အတူ ယခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ ခြောက်လကြာကျင်းပမည့် ကမ္ဘာ့ကုန်စည်ပြပွဲ (Expo 2020 Dubai) တွင် ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်းသိရှိရသည်။ ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၂၀ ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၀ ရက်မှ၂၀၂၁ ခုနှစ် ဧပြီ ၁၀ ရက်အထိ ခြောက်လကြာကျင်းပရန်ဖြစ်သော်လည်း ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် Expo 2020 Dubai ကျင်းပမည့်ကာလကို ၂၀၂၂ ခုနှစ်အထိ ပြောင်းရွှေ့လိုက်ခြင်းဖြစ်သည်။

ကမ္ဘာ့ကုန်စည်ပြပွဲ (Expo 2020 Dubai) သို့ မြန်မာနိုင်ငံမှ ပါဝင်ပြသရန် ဒူဘိုင်းကုန်စည်ပြပွဲကျင်းပရေးကော်မတီက ဖိတ်ကြားလာသည့်အတွက် မြန်မာနိုင်ငံ၏စီးပွားရေးကို မြှင့်တင်ဖော်ဆောင်ရန် အခွင့်အလမ်းကောင်းများ ရရှိလိုက်ခြင်းဖြစ်သည်။ အဆိုပါကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံက ပါဝင်ပြသနိုင်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မိတ်ဆက်ပြသနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ထုတ်ကုန်များကို အရှေ့အလယ်ပိုင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်၊ ကမ္ဘာ့ဈေးကွက်အထိ တိုးမြှင့်မိတ်ဆက်ထိုးဖောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်တွင် ဝင်ဆံ့နိုင်အောင် ထုတ်ကုန်အရည်အသွေး၊ ထုတ်လုပ်မှု နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်အောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကမ္ဘာ့ကုန်စည်ပြပွဲသည် တစ်ကမ္ဘာလုံးမှ ကုန်စည်ပစ္စည်းများကို တစ်ချိန်တည်း တစ်နေရာတည်း မိတ်ဆက်ပြသနိုင်ပြီး ကြိုက်နှစ်သက်ပါက ကုန်သွယ်မှုမိတ်ဖက်နိုင်ငံသစ်များ ရရှိလာမည်ဖြစ်ရာ ယင်းအခွင့်အလမ်းကောင်းကို မြန်မာနိုင်ငံမှထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များက လက်မလွှတ်တမ်းအသုံးချနိုင်ရန် လိုအပ်ပေသည်။ မြန်မာ့စီးပွားရေး ပွင့်လန်းတိုးတက်ရန်အတွက် လယ်ယာစိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံသော ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမြှင့်တင်ထုတ်လုပ်ကြရန်လိုအပ်သည်။

သို့ဖြစ်ရာ Expo 2020 Dubai တွင် မြန်မာနိုင်ငံ ပါဝင်ဆင်နွှဲခွင့်ရသဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းများအား နိုင်ငံတကာသို့ မိတ်ဆက်မြှင့်တင်နိုင်သကဲ့သို့ ကမ္ဘာ့နိုင်ငံများအကြား မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များကို ထုတ်ဖော်ပြသနိုင်မည်ဖြစ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

INTERNATIONAL DAY OF OLDER PERSON

“ သာတူညီမျှ ဒစ်ဂျစ်တယ်ကဏ္ဍ သက်ရွယ်မရွေး ပါဝင်ကြ ”

“ Digital Equity for All Ages ”

၁.၁၀.၂၀၂၁ နေပြည်တော်

## မိုင်းရယ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဆင်း

မိုင်းရယ် စက်တင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန် သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအုန်းမောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အရေးနှင့် မိသားစုဝင်ငွေတိုးစေရေး ယခုသင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ သင်တန်းသားများက လက်ခံရယူသည်။ အဆိုပါသင်တန်းသို့ သင်တန်းသားစုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

အေးသူ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇ - ၉ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၂,၃၀၁ | ၂၀,၂၄၈,၈၀၀ |
| MTSH | ၃,၁၀၀ | ၃,၂၀၀ | ၂,၇၀၄ | ၈,၄၈၆,၆၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၂၁,၀၀၀ | ၂၁,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၅၀ | ၂၅ | ၆၇,၇၅၀ |
| EFR | ၂,၉၅၀ | ၂,၉၀၀ | ၁၈၉ | ၅၅၀,၆၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅ | ၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၅၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၅၃.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၁.၅၈ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၂.၃၃၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၉.၁၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၈၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၄.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၉၆.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၈၂.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၇၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံတစ်နိုင်ငံ အလုံးစုံဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အထောက်အကူပြုတဲ့နေရာမှာ ခရီးသွားလုပ်ငန်းဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်ပြီး အလုပ်အကိုင်နဲ့အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် စီးပွားရေးဆိုင်ရာ မညီမျှမှုများကို လျှော့နည်းစေနိုင်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့-၂၀၂၂ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်အမှာစကား

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ၊ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ် စက်တင်ဘာလ (၂၇) ရက်နေ့မှာ ကမ္ဘာတစ်ဝန်းရှိ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရဲ့ အဖွဲ့ဝင်နိုင်ငံများမှာကျင်းပကြကြောင်း သိရှိရပါတယ်။ ဒီလိုကျင်းပရတဲ့ ရည်ရွယ်ချက်က စီးပွားရေးဆိုင်ရာအကျိုးရှိမှု၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှု၊ သဘာဝအရင်းအမြစ်များ၊ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်နိုင်မှု၊ ပြည်သူလူထုအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုနဲ့ အပြန်အလှန် နားလည်ရေးတည်ဆောက်နိုင်မှု စတဲ့ခရီးသွားလုပ်ငန်းရဲ့ အရေးပါတဲ့ အကျိုးသက်ရောက်မှုတွေကို ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေဖို့ ဖြစ်တယ်လို့ သိရှိရပါတယ်။

### အကျိုးအမြတ်များ ရရှိခံစားစေ

ခရီးသွားလုပ်ငန်းဟာ ၎င်းနဲ့တိုက်ရိုက်ပတ်သက်တဲ့အလုပ်အကိုင်များဖြစ်တဲ့ ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းအေဂျင်စီများ၊ ခရီးလှည့်လည်ရေးလုပ်ငန်းလုပ်ကိုင်တဲ့ကုမ္ပဏီများ၊ လေကြောင်းလိုင်းများနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပြင် ဆောက်လုပ်ရေးလုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းများ၊ ကုန်စည်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ အစားအသောက်နဲ့ သစ်သီးဝလံစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အကျိုးအမြတ်များရရှိခံစားစေတာကို သတိပြုမိဖို့ လိုအပ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ အလုံးစုံဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အထောက်အကူပြုတဲ့နေရာမှာ ခရီးသွားလုပ်ငန်းဟာ အရေးပါတဲ့အခန်းကဏ္ဍမှာပါဝင်ပြီး အလုပ်အကိုင်နဲ့အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် စီးပွားရေးဆိုင်ရာ မညီမျှမှုများကို လျှော့နည်းစေနိုင်တယ်လို့လည်း ပြောနိုင်ပါတယ်။ ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားကို **"ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့်ဖော်ဆောင်ပေး" (Tourism for Inclusive Growth)**ဆိုတဲ့ ဆောင်ပုဒ်နဲ့ကျင်းပကြမှာဖြစ်ပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကမ္ဘာ့နိုင်ငံများမှာရှိတဲ့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်ကဏ္ဍအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေတယ်ဆိုတာ ပိုမိုသိရှိကြစေဖို့ ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြားစဉ်။

### ခရီးသွားလုပ်ငန်းဆိုင်ရာ အကျပ်အတည်း

လွန်ခဲ့တဲ့နှစ်အနည်းငယ်က အရှိန်အဟုန်ကောင်းစွာနဲ့ တိုးတက်လာခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဟာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ဖို့ ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးမှုရပ်ဆိုင်းတာတွေ၊ နိုင်ငံတကာလေကြောင်းလိုင်းတွေ ရပ်ဆိုင်းတာတွေ၊ ခရီးသွားလာခွင့်ထိန်းချုပ်တာတွေကို လုပ်ဆောင်ခဲ့ရတဲ့အတွက် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံတကာပြည်ဝင်ခရီးစဉ်များ လုံးဝရပ်ဆိုင်းသွားခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှာဖြစ်ပေါ်ခဲ့တဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ အကျပ်အတည်းဖြစ်ပြီး အပြည့်အဝ ပြန်လည်နာလန်ထူဖို့ ကြိုးစားကြရဦးမှာဖြစ်ပါတယ်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ထုတ်ပြန်ထားတဲ့ စာရင်းဇယားများအရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ကမ္ဘာတစ်ဝန်း နိုင်ငံတကာ ခရီးသည်ရောက်ရှိမှုဟာ ၂၀၁၉ ခုနှစ် အလားတူကာလရောက်ရှိမှုနဲ့ နှိုင်းယှဉ်ရင် ၈၅ ရာခိုင်နှုန်း ကျဆင်းသွားတာကို တွေ့ရှိရပါတယ်။ အရေအတွက်အားဖြင့် သန်း ၄၆၀ လျော့နည်းသွားခြင်းဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာ့ခရီးသွားလုပ်ငန်းသမိုင်းမှာ အဆိုးရွားဆုံးကျဆင်းမှုဖြစ်ပါတယ်။

အာရှ- ပစိဖိတ်ဒေသကိုကြည့်ရင်၂၀၂၂ ခုနှစ် ပထမ (၅)လအတွင်း နိုင်ငံတကာခရီးသည်ရောက်ရှိမှုဟာ ၂၀၁၉ ခုနှစ်နဲ့နှိုင်းယှဉ်ရင် ၉၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း တွေ့ရှိရပါတယ်။ ဥရောပဒေသက ၈၅ ရာခိုင်နှုန်း၊ အရှေ့အလယ်ပိုင်းဒေသက ၈၃ ရာခိုင်နှုန်း၊ အာဖရိကဒေသက ၈၁ ရာခိုင်နှုန်းနဲ့ အမေရိကဒေသက ၇၂ ရာခိုင်နှုန်း အသီးသီး လျော့နည်းကျဆင်းသွားကြောင်း တွေ့ရှိရပါတယ်။

### ကြုံတွေ့နေကြရ

ကမ္ဘာ့ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (Sustainable Development Goals)ထဲမှ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ကျား/မတန်းတူညီမျှမှု၊ ကောင်းမွန်တဲ့အလုပ်အကိုင်နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စတဲ့ရည်မှန်းချက်တွေကို အဓိကမဏ္ဍိုင်တစ်ခုအဖြစ် ဖြည့်ဆည်းပံ့ပိုးပေးခဲ့တဲ့ ခရီးသွားလုပ်ငန်းကဏ္ဍဟာ ယခုအချိန်မှာ ဒီလိုအခြေအနေမျိုးတွေကြောင့် မအောင်မြင်မှုတွေ၊ ဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့နေကြရပါတယ်။ ဒါကြောင့်လည်း ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ဖို့နဲ့ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာဖို့ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနဲ့ ကမ္ဘာ့နိုင်ငံများကလည်း အထူးဂရုစိုက် ကြိုးစားဆောင်ရွက်လျက်ရှိနေကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ခရီးသွားလုပ်ငန်းများ မကြာခင်မှာ ပြန်လည်စတင်နိုင်ဖို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနဲ့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နေကြပါတယ်။

ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ဖို့ ပြည်တွင်း ပြည်ပခရီးသွားများရဲ့ ယုံကြည်မှုကို တည်ဆောက်နိုင်ရေးဟာ အရေးပါတဲ့အတွက် ခရီးသွားလုပ်ငန်း ကဏ္ဍအတွင်းမှာ ဝန်ဆောင်မှုပေးနေကြသူများကို ကိုဗစ်-၁၉ကပ်ရောဂါ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ပို့ချပေးနေသလို ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များ၊ ခရီးသွားကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ပို့ဆောင်ရေးလုပ်ငန်းများကိုပါ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးစံနှုန်းများ၊ လမ်းညွှန်ချက်များနဲ့ ကိုက်ညီမှု ရှိ/မရှိစစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းသောဝန်ဆောင်မှုအဖြစ် သတ်မှတ်တဲ့ (Health and Safety Protocol) အသိအမှတ်ပြုလက်မှတ်များကို ဒေသတွင်းအဆင့်၊ အမျိုးသားအဆင့်နဲ့ နိုင်ငံတကာအဆင့် သတ်မှတ်ပေးသွားဖို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကျန်းမာရေးဝန်ကြီးဌာနနဲ့ အခြားဆက်စပ်ဝန်ကြီးဌာနများရဲ့ ပံ့ပိုးကူညီမှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။

### ပိုမိုရွေးချယ်လာကြမှာဖြစ်

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားများရဲ့ ရွေးချယ်မှုများဟာ ပြောင်းလဲသွားပြီဖြစ်ပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်ပြီး သီးခြားသွားရောက်ရတဲ့ ခရီးစဉ်များကို ပိုမိုရွေးချယ်လာကြမှာဖြစ်ပါတယ်။ လူနေထူထပ်များပြားတဲ့ မြို့ပြဒေသတွေ၊ နေရာတွေအစား လူနေထူထပ်မှုမရှိဘဲ လွတ်လပ်စွာသွားလာလည်ပတ်လို့ရမယ့် Nature Based Tourism၊ Ecotourism၊ Agri-tourism၊ Marine Tourism၊ Rural Tourism စတဲ့ခရီးစဉ်တွေကို ပိုမိုစိတ်ဝင်စားလည်ပတ်လာကြပါတယ်။

မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုး(၁၃၅)မျိုးရှိပြီး တိုင်းရင်းသားလူမျိုးစုတိုင်းမှာ မတူညီတဲ့ယဉ်ကျေးမှုဓလေ့စရိုက်တွေ၊ သက်ဝင်ယုံကြည်မှုတွေ၊ ရိုးရာပွဲတော်တွေနဲ့ဒေသထွက်ပစ္စည်းများ၊ အစားအသောက်များ စတဲ့ အလွန်စိတ်ဝင်စားစရာတွေကို ပိုင်ဆိုင်ထားကြပါတယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ယဉ်ကျေးမှုများကို ဖော်ထုတ်ပေးဖို့၊ ကျေးလက်ဒေသနေ ပြည်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချဖို့နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်နေတဲ့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) ကိုလည်း အထူးအလေးထားပြီး ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြစေလိုပါတယ်။

မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရ လှပ်စွာလှပတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရဲ့ ရေမြေတောတောင် သဘာဝအလှများဟာ ခရီးသွားဧည့်သည်တွေအတွက် အလွန်ဆွဲဆောင်မှုရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မြောက်ဖျားဒေသတွေမှာ နှင်းဖုံးတဲ့

စာမျက်နှာ ၄ သို့ ★

- မြန်မာနိုင်ငံအနေနဲ့လည်း ခရီးသွားလုပ်ငန်းများ မကြာခင်မှာ ပြန်လည်စတင်နိုင်ဖို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနဲ့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နေ
- မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရ လှန်စွာလှပတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရဲ့ ရေမြေတောတောင် သဘာဝအလှများဟာ ခရီးသွားဧည့်သည်တွေအတွက် အလွန်ဆွဲဆောင်မှုရှိတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မြောက်ဖျားဒေသတွေမှာ နှင်းဖုံးတဲ့တောင်တန်းတွေ ရှိသလို တောင်ဘက်စွန်းဒေသတွေမှာ ပင်လယ်ကမ်းခြေအလှအပတွေ ကျွန်းစုတွေနဲ့ အလှအပပေါင်းစုံကို ခံစားရှုမြင်နိုင်တဲ့ နိုင်ငံဖြစ်

❑ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဆောင်ရွက်ခဲ့သည်မှာ ၈ လ တာကာလ ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ တာဝန်ယူပြီးချိန်နောက်ပိုင်း ဖြစ်ပေါ်ပြောင်းလဲမှုများ မျိုးစုံဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ အကျပ်အတည်း ဖြစ်ပေါ်ခဲ့ခြင်းသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုအပေါ် ဥပဒေအရ ဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံတော်၏အာဏာအား ဆက်လက်ရယူရန် အဓမ္မနည်းဖြင့် ဥပဒေမဲ့ဆောင်ရွက်ခဲ့မှုများကြောင့် ယခုကဲ့သို့သော အခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏အရေးပေါ်အခြေအနေ ကြေညာပြီးနောက်ပိုင်းတွင် ဥပဒေအရ ရင်ဆိုင်ဖြေရှင်းဆောင်ရွက်နိုင်သည့် အခြေအနေများရှိခဲ့ကြောင်း၊ မဲမသမာမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၊ ပါဝင်ပတ်သက်သူများအနေဖြင့် ဥပဒေအရ အရေးယူခံရနိုင်သော်လည်း ရွေးချယ်ခံကိုယ်စားလှယ်များအနေဖြင့် ကိုယ်စားလှယ်အဖြစ်မှ ပျက်ပြယ်မှုသာရှိကြောင်း၊ အထွေထွေရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံတစ်ခုအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး အဆိုပါအချက်အားမျက်ကွယ်ပြု၍ မသင့်တော်သည့်နည်းလမ်းဖြင့် အနိုင်ရရှိရေးကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဥပဒေဖြင့် မလျော်ညီဘဲ ဆောင်ရွက်ခဲ့မှုကြောင့် ဖယ်ရှားခံရသူများက ဥပဒေဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ဆောင်ရွက်လာခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်လမ်းစဉ်ကို ၎င်းတို့ ရွေးချယ်ခြင်းသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီ နည်းလမ်းနှင့် ဆောင်ရွက်ခြင်းကိုသာ လိုလားကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ဆန္ဒကိုလေးစားကြောင်း၊ သို့သော် စည်းကမ်းနှင့်ညီညွတ်ရန်လိုပြီး "လူညီလျှင် ဉာဏ်ကို ကျွဲဖြစ်သည်"ဆိုသော်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိပါက ဆောင်ရွက်၍မရကြောင်း၊ ဥပဒေအရသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အကြမ်းဖက်မှုများ၊ မီးရှို့ဖျက်ဆီးခြင်းများ၊ သတ်ဖြတ်ခြင်းများ၊ မိုင်းခွဲတိုက်ခိုက်ခြင်းများသည် ဒီမိုကရေစီစနစ်၏ ဆန့်ကျင့်ဘက်ပင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး ၎င်းတို့ထံမှ သင်ခန်းစာယူ၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းကို လိုလားကြောင်း၊ ကောင်းမွန်သည့် ဒီမိုကရေစီအလေ့အထကို ရစေချင်ကြောင်း၊ လူအများစု၏ ဆန္ဒဆိုပြီး ဥပဒေနှင့်ဆန့်ကျင်ကာ ဆောင်ရွက်ကြောင်း၊ မိမိတို့အနေဖြင့် လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ လုံးဝသွေဖယ်မသွားဘဲ ကာကွယ်ထိန်းသိမ်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**နိုင်ငံတော်အပေါ် သစ္စာစောင့်သိ**

မိမိတို့နိုင်ငံတွင် စာရင်းဇယားအရ လူဦးရေ ၅၅ သန်းခန့်ရှိကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ထိ အဆင့်ဆင့်အုပ်ချုပ်ရေးဆိုင်ရာဌာနများတွင် နိုင်ငံတော်၏ လုပ်ငန်းများကို အကောင်အထည်ဖော်

☆ ရွေးကောက်ပွဲတွင် ဥပဒေဖြင့် မလျော်ညီဘဲ ဆောင်ရွက်ခဲ့မှုကြောင့် ဖယ်ရှားခံရသူများက ဥပဒေဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ဆောင်ရွက်လာခဲ့

☆ အကြမ်းဖက်လမ်းစဉ်ကို ၎င်းတို့ ရွေးချယ်ခြင်းသာဖြစ်၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းနှင့် ဆောင်ရွက်ခြင်းကိုသာ လိုလား

☆ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ဆန္ဒကို လေးစား

☆ "လူညီလျှင် ဉာဏ်ကို ကျွဲဖြစ်သည်"ဆိုသော်လည်း ဥပဒေနှင့် ညီညွတ်မှုမရှိပါက ဆောင်ရွက်၍မရ၊ ဥပဒေအရသာ ဆောင်ရွက်ရမည်

ဆန္ဒမဲပေးပိုင်ခွင့်ပေးထားပြီး နိုင်ငံရေးအရ လွတ်လပ်ခွင့်ပေးပြီးဖြစ်ကြောင်း၊ နိုင်ငံရေးနှင့် ဝန်ထမ်းတာဝန် မရောရန်လိုကြောင်း။

**ကြိုတင်ပြင်ဆင်ထားရမည်**

ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု တတိယလှိုင်းဖြစ်ပွားလျက်ရှိပြီး ဇူလိုင်လအတွင်း အမြင့်ဆုံးဖြစ်ခဲ့သော်လည်း ယခုအခါ ရောဂါဖြစ်ပွားမှုနှုန်းများ ကျဆင်းလာပြီဖြစ်ကြောင်း၊ သို့သော် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုသည် မြန်ဆန်မှုရှိသဖြင့် ပေါ့ဆနေ၍မရကြောင်း၊ မိမိတို့နှင့် မိမိတို့မွေးထုတ်လိုက်သည့် မျိုးဆက်များတွင် မကောင်းသောအကျင့် မပါသွားရန် လိုကြောင်း။

**ဦးတည်ဆောင်ရွက်နေ**

ယခုအခါ CRPH, NUG စသည့် အဖွဲ့အစည်းများ ပြောဆိုဆောင်ရွက်နေသည့် ကိစ္စရပ်များသည် အကြမ်းဖက်လမ်းစဉ်ကို ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ ၎င်းတို့နှင့် ဆက်စပ်ဆောင်ရွက်နေသည့် EAO များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များတွင် တိုက်ရိုက်နည်းလမ်းများ၊ သွယ်ဝိုက်နည်းလမ်းများဖြင့် ပါဝင်ကူညီဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ NUG နှင့် ဆက်စပ်အဖွဲ့များသည် ဒီမိုကရေစီနည်းအရ နိုင်ငံ၏ တိုးတက်ရာ တိုးတက်ကြောင်း၊ ကောင်းမွန်ရာ ကောင်းမွန်းကြောင်း တိုက်တွန်းပြောဆိုနေမှုများ လုံးဝမရှိဘဲ လူသတ်ခြင်း၊ မိုင်းခွဲခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန်သာ တိုက်တွန်းပြောဆို၍ နိုင်ငံပျက်စီးအောင် ဆောင်ရွက်လျက်ရှိ ဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများရှိကြောင်း၊ အဆိုပါအဖွဲ့များအားလုံးသည် နိုင်ငံတော်၏လစာကို ရယူနေရသူများဖြစ်သဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန် လုပ်ဆောင်ရန်လိုကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် CDM ပြုလုပ်ပြီး ဥပဒေပြင်ပသို့ ရောက်ရှိသွားသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်၍ ထိုကဲ့သို့ဆောင်ရွက်ခြင်းများ မပြုလုပ်ရန်အတွက် စိတ်ရှည်သည်းခံစွာဖြင့် မိမိတို့၏ သဘောထားများအား ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ လက်ရှိဥပဒေအတွင်း တာဝန်ထမ်းဆောင်နေသည့် အစိုးရဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ စီမံအုပ်ချုပ်မှုအောက်တွင် မှန်မှန်ကန်ကန်ဖြင့် နိုင်ငံအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံတိုင်းတွင် နိုင်ငံ့ဝန်ထမ်းများ အားလုံးအား မရဘဲ အဆိုးဆုံးအခြေအနေအထိ မြော်တွေး၍ ဆက်လက်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အချို့မြို့နယ်များအား Stay at Home သတ်မှတ်ထားမှုများအား ဖြေလျှော့ပေးပြီး အချို့လိုအပ်သည့် မြို့နယ်များအား သတ်မှတ်မှုများတိုးမြှင့်ဆောင်ရွက်မှုရှိကြောင်း၊ ကူးစက်မှုများအား သိရှိစေရေးအတွက် စစ်ဆေးမှုများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ထားသည့် SOP များကို လိုက်နာ၍ နေထိုင်သွားလာ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ကူးစက်မှုရာခိုင်နှုန်း ၅ ရာခိုင်နှုန်းအောက် ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စတုတ္ထလှိုင်း ဖြစ်ပွားလာနိုင်မှုအပေါ်လည်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုဗစ်နှင့် ပတ်သက်၍ လိုက်နာရမည့် သွားလာမှုစည်းကမ်းများကိုလည်း တစ်ဦးချင်းလိုက်နာကြရန် လိုကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဆေးရုံများ၊ ဆေးခန်းများတွင်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရန်လိုကြောင်း၊ အောက်ဆီဂျင်ရရှိရေးနှင့် ပတ်သက်၍လည်း ဇူလိုင်လအတွင်း အမြင့်ဆုံးအသုံးပြုခဲ့သည့် ပမာဏထက်ကျော်လွန်အောင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဆေးရုံများတွင် ICU ခန်းများ ပြင်ဆင်ခြင်းနှင့် လိုအပ်သည့် ဆေးပစ္စည်းများအား ဝယ်ယူစုဆောင်းထားရမည်ဖြစ်ကြောင်း၊ ကုသဆေးနှင့် ကာကွယ်ဆေးများကိုလည်း ပြည်ပမှ ဝယ်ယူနေရခြင်းထက် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ တိုင်းရင်းဆေးအနေဖြင့်လည်း ဆေးခါးကြီးကို အခြေခံ၍ ကာကွယ်ဆေးနှင့် ကုသဆေးတို့ ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ရေးအတွက်လည်း အမြဲမပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ကုန်သွယ်မှုလိုငွေ ၃၆၈ သန်းခန့်ရှိ**

စီးပွားရေးကဏ္ဍနှင့် ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် ဇူလိုင်လအထိ ဘတ်ဂျက်ကာလ ၁၀ လအတွင်း ပို့ကုန် ၁၁ ဒသမ ၈၉၂ ဘီလီယံရှိပြီး သွင်းကုန် ၁၂ ဒသမ ၂၆၀ ဘီလီယံရှိကြောင်း၊ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး ၂၁ ဒသမ ၁၅၃ ဘီလီယံရှိပြီး ကုန်သွယ်မှုလိုငွေ ၃၆၈ သန်းခန့်ရှိကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ကုန်သွယ်မှု ၂၂ ဒသမ ၃၈ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ရခြင်းမှာ စားအုန်းဆီနှင့် ဘိလပ်မြေများအား ပိုမိုတင်သွင်းခဲ့ရပြီး ပြည်ပပို့ကုန်များဖြစ်သည့် ငါး၊ ပုစွန်နှင့် ဆန်များတင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ တွင် ပြည်ပမှ စားအုန်းဆီတန်ချိန် ၇၆၈၀၀၀ ကျော်၊ ၂၀၁၈ မီနီဘတ်ဂျက်တွင် တန်ချိန် ၃၇၀၀၀၀ ကျော်၊ ၂၀၁၈-၂၀၁၉ တွင် တန်ချိန် ၈၅၅၀၀၀ ကျော်၊ ၂၀၁၉-၂၀၂၀ တွင် တန်ချိန် ၈၈၈၀၀၀ ကျော်၊ ယခုနှစ်တွင် စက်တင်ဘာလ ၁၇ ရက်အထိ တန်ချိန် ၇၉၀၀၀၀ခန့် အသီးသီးတင်သွင်းခဲ့ရသည်ကို တွေ့ရှိရသဖြင့် မိမိတို့နိုင်ငံတွင် ဆီစားသုံးမှုနှင့် ပတ်သက်၍ စနစ်တကျ ခြိုးခြံသုံးစွဲကြရန်လိုအပ်သည်ကို တွေ့ရှိရကြောင်း။ **စာမျက်နှာ ၅ သို့ »»»**

★ **စာမျက်နှာ ၃ မှ**

တောင်တန်းတွေရှိသလို တောင်ဘက်စွန်းဒေသတွေမှာ ပင်လယ်ကမ်းခြေ အလှအပတွေ ကျွန်းစုတွေနဲ့ အလှအပပေါင်းစုံကို ခံစားရှုမြင်နိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ တောင်ဘက်စွန်းက မြိတ်ကျွန်းစုဒေသမှာလည်း ထူးခြားလှပတဲ့ ကမ်းခြေတွေရှိတဲ့ကျွန်းတွေ၊ ရေအောက်သယံဇာတတွေနဲ့ အလှအပတွေ၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့မှာရှိတဲ့ ကမ်းခြေဒေသတွေဟာလည်း ပြည်တွင်း/ ပြည်ပခရီးသွားတွေအတွက် ရွေးချယ်စရာနေရာတွေဖြစ်ပါတယ်။ ဒီလိုသဘာဝခရီးစဉ်တွေအပြင် အပျော်စီးမီးရထားခရီးစဉ်တွေ၊ မြစ်အတွင်းသင်္ဘောခရီးစဉ်တွေ၊ တောတွင်းခရီးကြမ်း လမ်းလျှောက်တာတွေ၊ တောင်တက်ခရီးစဉ်တွေ စတဲ့ ပြည်တွင်းပြည်ပခရီးသွားတွေအတွက် ခရီးစဉ်အသစ်တွေ၊ ခရီးသွားမှုပုံစံအသစ်တွေကို တီထွင်ကြံဆဖန်တီးဆောင်ရွက်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ခရီးသွားလုပ်ငန်း ပြန်လည်စတင်ဖို့အဘက်ဘက်က ကြိုးစားဆောင်ရွက်နေသလို တစ်ဖက်ကလည်း ခရီးသွားလုပ်ငန်းကရရှိလာမယ့် အကျိုးအမြတ်တွေကို ခရီးသွားလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ နယ်ပယ်အသီးသီးက ပြည်သူများကလည်း အချိုးညီမျှစွာ ရရှိစေရေးဟာလည်း အလွန်အရေးပါပါတယ်။

ခရီးသွားလုပ်ငန်းဟာ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံမတူညီတဲ့ လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးနိုင်တာကြောင့် လူမှုရေးအရ ပိုမိုပေါင်းစည်းမှုကိုဖြစ်ပေါ်စေမှာဖြစ်ပါတယ်။

**အလွန်အရေးကြီး**

မြန်မာနိုင်ငံရဲ့ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ဆောင်ရွက်ရာမှာ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို သတိပြုဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ပြည်တွင်း၊ ပြည်ပခရီးသွားကဏ္ဍ ပြန်လည်ရှင်သန်ဦးမော့လာစေရေးအတွက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျရေးဟာ အလွန်အရေးကြီးပါတယ်။ လူတစ်ဦးချင်းစီရဲ့ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းဆောင်ရွက်မှု၊ တာဝန်ရှိအဖွဲ့အစည်း အသိုက်အဝန်းအားလုံးက ကြပ်မတ်၊ ကူညီ၊ ပံ့ပိုးဆောင်ရွက်ပေးမှုများဟာ ခရီးသွားကဏ္ဍအမြန်ရှင်သန်ရေးအတွက် အထောက်အကူပြုစေမှာပါ။ အားလုံးနဲ့သက်ဆိုင်တဲ့လုပ်ငန်း၊ အားလုံးအတွက် အကျိုးပြုတဲ့လုပ်ငန်းဖြစ်လို့ အလေးထားစေလိုပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ တားဆီးကာကွယ်ရေး လမ်းညွှန်ချက်များနဲ့အညီ ဌာနဆိုင်ရာများဘက်ကရော၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်ကပါ ဘက်စုံဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီအချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့များနဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များကလည်း အလေးထားဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ ခရီးသွားလုပ်ငန်းဟာ ကဏ္ဍများစွာနဲ့ ပတ်သက်ဆက်နွှယ်မှုရှိတဲ့အတွက် ပါဝင်လုပ်ကိုင်သူအားလုံးအတွက် အကျိုးအမြတ်ရှိစေမှာဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းကြောင့် နိုင်ငံရဲ့စီးပွားရေးကို အထောက်အကူပြုသည်သာမက ကမ္ဘာ့နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝအမွေအနှစ်များကိုလည်း ထိန်းသိမ်းရာရောက်တဲ့အတွက် နိုင်ငံတော်ရဲ့ ဦးစားပေးကဏ္ဍများအနက်မှာ အရေးပါတဲ့ကဏ္ဍအနေနဲ့လည်း ပါဝင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်ဖြစ်သော **"ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး"**(Tourism for Inclusive Growth)နဲ့လျော်ညီစွာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ပြီး ခရီးသွားလုပ်ငန်းမှရရှိတဲ့ အခွင့်အလမ်းများနဲ့ အခြားလူမှုစီးပွားကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်နဲ့ ဒေသခံပြည်သူများ အချိုးညီမျှစွာ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနိုင်ကြစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းအပ်ပါတယ်။

»» စာမျက်နှာ ၄ မှ

မိမိတို့အနေဖြင့် နိုင်ငံသာယာဝပြောရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် တောင်သူများ၊ ကုန်ထုတ်လုပ်သူများအားလုံး စိတ်ချမ်းသာစွာ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများက ဘက်ပေါင်းစုံမှ ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးတောင်သူများအား ပညာပေးခြင်းများ၊ အားပေးခြင်းများ ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အတူ ပြည်တွင်း ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများမှ ဘိလပ်မြေထုတ်လုပ်မှုများအား စွမ်းအားပြည့်လည်ပတ်၍ ပြည်ပမှ ဘိလပ်မြေတင်သွင်းမှုများကို လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

### ပြည်ပပို့ကုန်တိုးမြှင့်ရေး

မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဆန်များကိုလည်း ပြည်ပသို့တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားဝင်ငွေများ ရရှိမည်ဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးချင်းတူပါက အရည်အသွေးကောင်းရမည်၊ အရည်အသွေးချင်းတူပါက ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရမည် ဖြစ်ကြောင်း၊ စပါး၊ ပဲ၊ ပြောင်းတို့သည် မိမိတို့နိုင်ငံ၏ အဓိက ပြည်ပပို့ကုန်များဖြစ်ကြောင်း၊ ကုန်ချောအဖြစ် တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများပိုမိုရရှိမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးသည် အရေးကြီးကြောင်း။

လောင်စာဆီသုံးစွဲမှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံအတွင်း ယခုနှစ် ဩဂုတ်လအထိ ကုန်တင်ယာဉ်နှင့် လူစီးမော်တော်ယာဉ်စုစုပေါင်း ၁၁၄၀၀၀၀ ကျော်၊ မော်တော်ဆိုင်ကယ်စုစုပေါင်း ၆၄၅၀၀၀၀ ကျော်ရှိကြောင်း၊ အဆိုပါယာဉ်များအတွက် စက်သုံးဆီများအား ပြည်ပနိုင်ငံများမှ တန်ချိန်ပေါင်းများစွာ တင်သွင်းနေရကြောင်း၊ ထိုသို့သုံးစွဲလျက်ရှိသည့် စက်သုံးဆီများ တင်သွင်းမှုလျှော့ချနိုင်ရေးအတွက် Public Transportation ဖြစ်သည့် ဘတ်စ်ကားများ၊ မြို့ပတ်ရထားများ၊ ခရီးဝေးရထားများပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စက်သုံးဆီသုံးစွဲမှုများ လျှော့ချနိုင်ရေးအတွက် လူတစ်ဦးချင်းအနေဖြင့် အသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်ရန်လိုသကဲ့သို့ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရသည့် အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း စက်သုံးဆီများသုံးစွဲမှုလျှော့ချနိုင်သည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားအသုံးပြုမောင်းနှင်ရသည့် ဘတ်စ်ကားများနှင့် အိမ်သုံးမော်တော်ယာဉ်များ အသုံးပြုနိုင်ရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်ရန်လိုကြောင်း၊ အချို့နိုင်ငံများတွင် လျှပ်စစ်ဓာတ်အားသုံးမော်တော်ယာဉ်များအား စတင်သုံးစွဲလျက်ရှိကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးနှင့် လေအားသုံးလျှပ်စစ်ထုတ်လုပ်ရေးများ ဆောင်ရွက်နိုင်သည့် အရင်းအမြစ်များ များစွာရှိကြောင်း၊ အဆိုပါ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များအားအသုံးချ၍ စက်သုံးဆီသုံးစွဲမှုအား လျှော့ချနိုင်ရေး မဖြစ်မနေ ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့လျှော့ချနိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

> ☆ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေးဆောင်ရွက်သွားရမည်
>
> ☆ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖော်ဆောင်ပေးရမည်
>
> ☆ ထို့အတူ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးရမည်
>
> ☆ တိုင်းရင်းသားဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ ရုပ်လုံးပေါ်အောင် ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုရှိလာမည်
>
> ☆ သို့မှသာ တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့်နိုင်ငံတစ်နိုင်ငံ တည်ဆောက်နိုင်မည်

### ပြည်ပမှတင်သွင်းနေ

စိုက်ပျိုးရေး လုပ်ငန်းများတွင် ဓာတ်မြေဩဇာများသုံးစွဲရပြီး အဆိုပါ ဓာတ်မြေဩဇာများအား ပြည်ပမှတင်သွင်းနေရကြောင်း၊ စိုက်ပျိုးမြေများအတွက် ဓာတ်မြေဩဇာ လုံလောက်စွာရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းဓာတ်မြေဩဇာ ထုတ်လုပ်ရေးစက်ရုံများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး ကျွဲ၊ နွား၊ ကြက်များအား မွေးမြူကြကြောင်း၊ အဆိုပါမွေးမြူရေးလုပ်ငန်းများအား စနစ်တကျမွေးမြူ၍ ၎င်းတို့၏ စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် သဘာဝဓာတ်မြေဩဇာများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မွေးမြူရေးဆောင်ရွက်သူများ စနစ်တကျဖြင့် မွေးမြူစေရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ပေးရန်လိုကြောင်း။

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နိုင်ငံရေးအခြေအနေအား အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါး ထုတ်လုပ်သူများအနေဖြင့် မူးယစ်ဆေးဝါးများအား နည်းလမ်းပေါင်းစုံဖြင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း၊ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာလအထိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် စုစုပေါင်း ၅၂၈ ကြိမ်ရှိပြီး ဖမ်းဆီးရမိမူးယစ်ဆေးများအနေဖြင့် WY ဆေးပြားပေါင်း ၁၂၈ သန်း၊ အိုက်စ် ၁၁၁၉၀ ကီလိုဂရမ်၊ ဘိန်းဖြူ ၁၄၅၁ ကီလိုဂရမ်၊ ဘိန်းစိမ်း ၁၂၂၇ ကီလိုဂရမ်၊ ကတ်တမင်း ၅၄၇ ကီလိုဂရမ်၊ ကိုကင်း ၇၄ ကီလိုဂရမ်နှင့် အခြားပစ္စည်း ၁၉၇၈၆၉ ကီလိုဂရမ် စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၀၆ ဒသမ ၉၇ ဘီလီယံရှိကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးမှုများကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် တပ်မတော်အနေဖြင့် ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးကြရန်လိုကြောင်း၊ ဖမ်းဆီးရမိမှုများသည် မိမိတို့နိုင်ငံ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှုရှိနေသည်ကိုပြနေကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကြီးစိုးသည့်နေရာများဖြစ်ကြောင်း။

အခွန်အကောက် ရရှိရေးနှင့်ပတ်သက်၍ တိုင်းပြည်၏ဝင်ငွေသည် အခွန်ငွေများဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်မီတာခများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများမှ ကောက်ခံလျက်ရှိသည့် အခွန်အကောက်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် အခွန်ထမ်းလိုသည့်စိတ်ရှိပြီး ပေးသင့်ပေးထိုက်သည့်အခွန်များ ပေးဆောင်လိုသည့် အသိများရှိရန်လိုကြောင်း၊ တစ်ဖက်တွင်အခွန်ငွေများ လျှော့ချပေးထားသော်လည်း ရသင့်ရထိုက်သည့် အခွန်များရရှိစေရေး စနစ်တကျကောက်ခံရန်လိုကြောင်း၊ အခွန်ငွေများရရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း။

### ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေး

ပြည်သူများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုကြောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်များအား စနစ်တကျစွန့်ပစ်ရန်အတွက် ပြည်သူများအနေဖြင့် အသိစိတ်ရှိရှိဖြင့် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနများမှလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်း၏ Mind Set များ ကောင်းမွန်စေရေးအတွက် သန့်ရှင်းသာယာသည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်အောင် ဖန်တီးပေးရန်လိုကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပြည်သူများစည်းကမ်းလိုက်နာမှုရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် ပြုပြင်ရန်လိုအပ်သည့် ကဏ္ဍများစွာ ရှိနေသေးသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

### ဆီစားသုံးမှုလျှော့ချရန်လို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆီဝယ်ယူတင်သွင်းမှုပမာဏအရ ပြည်တွင်းထွက် စားသုံးဆီမပါ အရွယ်ရောက်သူတစ်ဦးအနေဖြင့် တစ်နှစ် ဆီစားသုံးမှုမှာ ၁၀ ပိဿာကျော်ခန့်ရှိသည်ကို တွက်ချက်မှုများအရ သိရှိရသဖြင့် တစ်ဦးချင်း ဆီစားသုံးမှုများကို လျှော့ချကြရန်လိုပြီး ကျန်းမာရေးနှင့်လျော်ညီသည့် ဆီစားသုံးမှုများရှိရန်လိုကြောင်း၊ ပြည်တွင်း၌ ဆီဖူလုံစွာ ထုတ်လုပ်နိုင်ပြီး ဆီစားသုံးမှုများကို လျှော့ချနိုင်မည်ဆိုပါက ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်ပြီး နိုင်ငံ၏နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဆီစားသုံးမှုလျှော့ချရေးအတွက် ပြည်သူများအား အသိပညာပေးသည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း။

မြေယာစီမံခန့်ခွဲမှုဥပဒေနှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းများတွင် မြေနေရာရယူထားသူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ နှစ်အလိုက်စိုက်ပျိုးရမည့် သတ်မှတ်ချက်များရှိကြောင်း၊ သို့သော်လည်း စိုက်ပျိုးမြေများကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းလမ်းများဖြင့် တရားမဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း၊ စီမံကိန်းများ ဆောင်ရွက်ရန် မြေနေရာများ ဖော်ဆောင်ရာတွင် မြေနေရာရယူထားသူများအနေဖြင့် မြေပြင်တွင် အမှန်တကယ် ဆောင်ရွက်မှုမရှိသည်ကို တွေ့ရကြောင်း၊ မြေနေရာရယူထားသူများအနေဖြင့် မြေယာဥပဒေနှင့် မူဝါဒများကို လိုက်နာကြရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက မှန်မှန်ကန်ကန် ကြီးကြပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်၏ စိုက်ပျိုးမြေကောပြောင်ကျမှုမရှိစေရန်အတွက် တာဝန်ရှိသူများက မြေယာစီမံခန့်ခွဲမှုများကို စနစ်တကျဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မြေကိုတန်ဖိုးထားပြီး အကျိုးရှိအောင် ထိထိရောက်ရောက် အသုံးပြုရန်လိုအပ်ကြောင်း၊ နိုင်ငံအတွင်းရှိ မော်တော်ကားလမ်းများ၏ လမ်းနယ်နိမိတ်အကျယ်အဝန်းကို အတိအကျသတ်မှတ်ပေးထားကြောင်း၊ လမ်းနယ်နိမိတ်များအတွင်း ကျူးကျော်ဝင်ရောက်မှုများ မဖြစ်စေရန် တာဝန်ရှိသူများက စနစ်တကျကိုင်တွယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### ဦးစားပေးဆောင်ရွက်

တိုင်းရင်းသားဒေသများနှင့်ပတ်သက်၍ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်နယ်များဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထို့အတူ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ ရုပ်လုံးပေါ်အောင် ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ သို့မှသာ တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များစုပေါင်းပြီး ပြည်ထောင်စုနိုင်ငံ ဖွဲ့စည်းထားကြောင်း၊ သို့ဖြစ်၍ ပြည်သူအားလုံး သာတူညီမျှ အေးအတူပူအမျှ ရရှိခံစားရမည်ဖြစ်သောကြောင့် စည်းလုံးညီညွတ်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရေ၊ မြေ၊ သဘာဝ သယံဇာတများနှင့် အတတ်ပညာများရှိသည့်အတွက် အားလုံးဝိုင်းဝန်းကြိုးစားပါက ၅ နှစ်အတွင်း အာဆီယံတွင် အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ပိုမိုကြိုးစားပါက ၁၀ နှစ်အတွင်း အာဆီယံတွင် ထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဆင့်သို့ ရောက်ရှိနိုင်ကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အစိုးရသည် ပြည်သူ့လူထုအတွက် အရိပ်ဖြစ်သဖြင့် အစိုးရ၏အရိပ်အောက်တွင် ပြည်သူများ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်အောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အစိုးရအနေဖြင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစီမံကိန်းဥပဒေပါ စီမံကိန်းလုပ်ငန်းများကို အကျိုးရှိရှိဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

**သတင်းစဉ်**

> ☆ ပြည်တွင်း၌ ဆီဖူလုံစွာထုတ်လုပ်နိုင်ပြီး ဆီစားသုံးမှုများကို လျှော့ချနိုင်မည်ဆိုပါက ပြည်ပမှစားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်ပြီး နိုင်ငံ၏နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်
>
> ☆ ဆီစားသုံးမှုလျှော့ချရေးအတွက် ပြည်သူများအားအသိပညာပေးသည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လို

- ❖ **မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုကို ခံစားနေရရုံသာမက လတ်တလောဖြစ်ပွားနေသော အခြေအနေများကြောင့် အခြားသောနိုင်ငံများထက် ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ရေး ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများကို နှစ်ဆ သုံးဆ ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်**
- ❖ **ထိုသို့ဆောင်ရွက်ကြရာတွင် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများဟူသော အခန်းကဏ္ဍများအားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ယန္တရားကြီး အရှိန်အဟုန်ဖြင့် အမြန်ဆုံးလည်ပတ်နိုင်မည်**

☆ **ကျောဖုံးမှ**

ဗဟိုကော်မတီဝင်များ၊ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌများ၊ စကားဝိုင်းဆွေးနွေးပွဲကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေးပို့သည့် အမှာစကားရုပ်သံဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သည့် အမှာစကားကို စာမျက်နှာ - ၃ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် စက်တင်ဘာ ၂၇ ရက်သည် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အရေးပါသော နေ့ထူးနေ့မြတ်တစ်ခုဖြစ်ပြီး ယခုကဲ့သို့ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ဖန်တီးပေးနိုင်**

လူသားများသည် ခရီးသွားခြင်းကို နှစ်သက်ကြပြီး ကမ္ဘာ့နေရာအနှံ့အပြားသို့ ရှာဖွေစူးစမ်းသွားလာလိုကြကြောင်း၊ ထို့ကြောင့် လူသားအားလုံးပျော်ရွှင်စိတ်ချမ်းမြေ့မှုရရှိခံစားနိုင်ရေးအတွက် ခရီးသွားလုပ်ငန်းကိုဖော်ဆောင်ကြရခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် လူသားတိုင်းအတွက် လူမှုစီးပွားအကျိုးများစွာကို ဖန်တီးပေးနိုင်သဖြင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်ဖြစ်သော **"ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး"** (Tourism for Inclusive Growth)နှင့်များစွာကိုက်ညီမှုရှိသည်ဟု ပြောကြားလိုပါကြောင်း။

သို့သော် ယနေ့ကမ္ဘာနှင့်အဝှမ်း ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးအန္တရာယ်ကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် အခြားသော စီးပွားရေးနယ်ပယ်အသီးသီးတွင် ထိခိုက်ဆုံးရှုံးမှုများစွာဖြစ်ပေါ်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းက စတင်ဖြစ်ပေါ်ခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါသည် အချိန်ကာလအားဖြင့် နှစ်နှစ်နီးပါး ကြာမြင့်လာပြီဖြစ်သည့်အပြင် ဗီဇမျိုးကွဲများ များပြားလာပြီး ရောဂါကူးစက်မှု ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းနှင့် အချို့သော ကမ္ဘာ့နိုင်ငံများတွင် စတုတ္ထလှိုင်းအထိ စတင်ကူးစက်ပျံ့နှံ့နေသည်ကိုလည်း သိရှိရပါကြောင်း။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်အထိ ကမ္ဘာ့လူဦးရေသန်းပေါင်း ၂၃၂ သန်းကျော်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းကိုခံခဲ့ရကြောင်းနှင့် သေဆုံးမှုစုစုပေါင်းသည် ၄ ဒသမ ၇ သန်းကျော်ရှိပြီး ပြန်လည်ကောင်းမွန်သူ ၂၀၉ သန်းကျော်ဖြစ်သည်ကို သိရပါကြောင်း၊ မြန်မာနိုင်ငံတွင် စက်တင်ဘာ ၂၆ ရက်တွင် ကူးစက်ခံရသူ ၁၅၃၄ ဦးရှိပြီး သေဆုံးသူ ၆၂ ဦးအပါအဝင် ယနေ့အထိ တစ်နိုင်ငံလုံးတွင် လေးသိန်းငါးသောင်းကျော်ရှိပြီး ဆေးရုံဆင်းသည့်အရေအတွက်သည် လေးသိန်းတစ်သောင်းကျော်နှင့် သေဆုံးသူ ၁၇၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း။

**အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် အပါအဝင် နိုင်ငံတကာက ဆေးပညာရှင်များကလည်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုထိန်းချုပ်နိုင်ရေးနှင့် ထိရောက်သည့် ကာကွယ်ဆေးရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြသည်ကိုလည်း တွေ့ရပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကို ကမ္ဘာနှင့်အဝှမ်း ရင်ဆိုင်ကြုံတွေ့နေကြရခြင်းဖြစ်သည့်အတွက် ကပ်ရောဂါထိန်းချုပ်နိုင်မည့်အချိန်ကို မှန်းဆသိရှိနိုင်ရန်မလွယ်ကူသော်လည်း မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းဖြစ်သော ကူးစက်မြန်ဒယ်လ်တာမျိုးကွဲ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်နိုင်ရေး အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်အထိ ကူးစက်မှုနှုန်းသည် ၈ ဒသမ ၃၂ ရာခိုင်နှုန်းသာရှိတော့သည်ကို တွေ့ရကြောင်း၊ ဆက်လက်၍ ငါးရာခိုင်နှုန်းအောက်ကျဆင်းရေး၊ ထိုမှတစ်ဆင့် ကူးစက်မှုလုံးဝမဖြစ်ပေါ်စေရေးအတွက် ကာကွယ်ဆေးထိုးနှံမှုနှင့် ကာကွယ်ဆေးထုတ်လုပ်မှုလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

**ကာကွယ်ဆေးထိုးနှံလျက်ရှိ**

ထို့ပြင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကုန်တွင် အသက် ၁၈ နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးထိုးနှံပြီးစီးရေး ရည်မှန်းချက်ထားပြီး ကာကွယ်ဆေးထိုးနှံလျက်ရှိသည့်အပြင် ပညာသင်အရွယ် ကျောင်းသား ကျောင်းသူများ စာသင်နှစ်တစ်နှစ် မထိခိုက်စေရေး၊ စာသင်ကျောင်းများ အမြန်ဖွင့်လှစ်နိုင်ရေးအတွက်လည်း အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေးထိုးနှံနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဦးနှင့်တစ်ဦး Social Distancing ဖြင့်နေထိုင်ခြင်း၊ နှာခေါင်းစည်း(mask)၊ မျက်နှာအကာ (face shield) များကို စနစ်တကျတပ်ဆင်ခြင်းစသည့် ကိုဗစ်ရောဂါပျံ့နှံ့မှုထိန်းချုပ်နိုင်ရေးဆိုင်ရာ(SOP) လိုက်နာစရာများကိုစနစ်တကျ လိုက်နာဆောင်ရွက်ရန် ကြပ်မတ်ဆောင်ရွက်နေပါကြောင်း၊ သို့မှသာ မြန်မာနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့မှုများကို ထိန်းချုပ်လာနိုင်ပြီး ခရီးသွားလုပ်ငန်းအပါအဝင် အခြားသော စီးပွားရေးလုပ်ငန်းများကိုလည်း အမြန်ဆုံးပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ပြန်လည်စတင်လည်ပတ်နိုင်ရန်**

ကပ်ရောဂါဘေးထိန်းချုပ်နိုင်သည်နှင့် တစ်ပြိုင်တည်း ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်လည်ပတ်နိုင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက အဆင်သင့်ပြင်ဆင်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိနေကြသည်ကိုသိရှိရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာအကူအညီများ ပံ့ပိုးပေးလျက်ရှိနေကြသည်ကိုလည်း တွေ့ရကြောင်း၊ အထူးသဖြင့် နိုင်ငံအသီးသီးက ရေးဆွဲဆောင်ရွက်လျက်ရှိသည့် ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ရေးအစီအစဉ်များကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ရေးလမ်းညွှန်ချက်များနှင့် အစီအမံများကို မှီငြမ်းကိုးကားနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုကို ခံစားနေရရုံသာမက လတ်တလောဖြစ်ပွားနေသော အခြေအနေများကြောင့် အခြားသော နိုင်ငံများထက် ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ရေး ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများကို နှစ်ဆ သုံးဆ ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများဟူသော အခန်းကဏ္ဍများအားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းယန္တရားကြီး အရှိန်အဟုန်ဖြင့် အမြန်ဆုံးလည်ပတ်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သော ခရီးသွားလုပ်ငန်းကို ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်နိုင်မှုနှင့် အချိန်ကိုက် အမြန်ဆုံးပြန်လည်စတင်ဆောင်ရွက်နိုင်ရေးအတွက် ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ကိုဗစ်အလွန် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်ရာတွင်လည်း နိုင်ငံခြားခရီးသွားဧည့်သည်များအတွက် ပြည်တွင်းခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရေးသည် မိမိတို့နိုင်ငံတစ်ခုတည်း အခြေအနေဖြင့် ဆောင်ရွက်၍မရသည့်အတွက် ပြည်တွင်းခရီးသွားလုပ်ငန်း (Domestic tourism)မှ စတင်ဆောင်ရွက်ရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ လမ်းညွှန်ချက်များတွင် ဖော်ပြထားပြီးဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်ကပ်ရောဂါကူးစက်မှု ထိန်းချုပ်နိုင်မှုအပေါ်မူတည်၍ ပြည်တွင်းခရီးစဉ်များအတွက် သင့်လျော်သည့်ဒေသများကို ဦးစားပေးအစီအစဉ်အလိုက် ရွေးချယ်ပြီး ပြည်တွင်းခရီးသွားများအတွက် ပြန်လည်ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ယခုမှစ၍ အသင့်ပြင်ထားကြရမည်ဖြစ်ကြောင်း။

**ကြိုတင်ညှိနှိုင်း**

ထို့ပြင် နိုင်ငံတကာလေကြောင်းလိုင်းများနှင့် နိုင်ငံတကာဝင်ပေါက်များ ပြန်လည်ဖွင့်လှစ်နိုင်မှုအပေါ်မူတည်၍ Inbound tourism ပြန်လည်စတင်နိုင်ရေးအတွက် အဓိကကျသော ပြည်ဝင်ခွင့် Visa ဆိုင်ရာကိစ္စရပ်များနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေအထောက်အထားအပါအဝင် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက် ကန့်သတ်ချက်များကို စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် မြန်မာ့ခရီးသွားလုပ်ငန်းအပေါ် စိတ်ဝင်စားသည့်နိုင်ငံများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံခရီးစဉ်ဒေသများကို COVID Safe Destination အဖြစ် နိုင်ငံတကာခရီးသွားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် Marketing၊ Promotion နှင့် Public Relations (PR) ကိစ္စရပ်များကို ထိထိရောက်ရောက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် Digital နည်းပညာကို အသုံးပြု၍ Marketing၊ Promotion နှင့် PR ကိစ္စရပ်များကို ဆောင်ရွက်ခြင်းသည် မိမိပေးလိုသော သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေမည်ဖြစ်ပြီး Offline သို့မဟုတ် Physical/In person နည်းဖြင့် ဆောင်ရွက်မှုသည်လည်း ထိရောက်မှုရှိသည့်အတွက် Online/Offline နှစ်မျိုးစလုံးကို အသုံးပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မြန် ဒယ်လ်တာရောဂါပိုးကူးစက်မှု ထိန်းချုပ်လာနိုင်သည်နှင့်အမျှ မြန်မာ့ခရီးသွားလုပ်ငန်းများ အမြန်ဆုံးအရှိန်အဟုန်ဖြင့် စတင်လည်ပတ်နိုင်ရေးအတွက် ကော်မတီဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တတ်သိပညာရှင်များနှင့် ဒေသခံများပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် Focal Ministry ဖြစ်သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ရေးဆွဲထားသည့် မြန်မာနိုင်ငံခရီးသွားကဏ္ဍပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံ (Myanmar Tourism Strategic Recovery Roadmap– MTSRR 2021–2025)တွင် ပါဝင်သော လတ်တလော၊ ကာလလတ်နှင့် ကာလရှည် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို လတ်တလော ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်၍ ရနိုင်သမျှဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယခု ၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်ဖြစ်သော **"ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး"** ဟူသော ဆောင်ပုဒ်အတိုင်း ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် Secretary General Mr. Zurab Pololikashvili ၏ သတင်းစကားရုပ်သံဗီဒီယိုကို ပြသသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

**မိတ်ဆက်တင်ပြ**

ယင်းနောက်နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အထင်ကရနေရာများကို ၃၆၀ ဒီဂရီ Virtual Reality Tour ဖြင့် မိတ်ဆက်တင်ပြသည်။

ထို့နောက် ဒေါ်ကြည်ကြည်အေး၊ ဒေါက်တာလှမွန်၊ ဦးဇော်ဖြိုးဝေ၊ ဦးမျိုးမင်းဇော်၊ ဦးနောင်နောင်လတ်နှင့် ဒေါ်ခိုင်မီမီထွန်းတို့က Tourism For Inclusive Growth; Rebuilding Resilient Tourism in Myanmar ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# လုပ်ငန်းရပ်အသစ်များကို ဆောင်ရွက်ခြင်းထက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းရပ်များအား အောင်မြင်အောင် ဦးစားပေးဆောင်ရွက်

**မိမိတို့တာဝန်ယူသည့်ကာလအတွင်း ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရပ်အသစ်များကို ဆောင်ရွက်ခြင်းထက် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းရပ်များအား အောင်မြင်အောင် ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလာမှုဆိုင်ရာကိစ္စရပ်များ၊ ပြည်သူများစွမ်းရည်ရှိအောင် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား အောင်မြင်အောင် ရည်မှန်းချက်ထား ဆောင်ရွက်ကြရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်သူများပျော်ရွှင်မှုရရှိစေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် "အဥ္ဇလီအငြိမ့်" တင်ဆက်ပြသမည်






ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အဥ္ဇလီအငြိမ့် ရိုက်ကူးရေးဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အတူ ယနေ့ညနေပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ MRTV စိန်ရတုပြတိုက် တည်ဆောက်ရေး လုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး MRTV ဝန်ထမ်းများက တင်ဆက်ပြသမည့် အဥ္ဇလီအငြိမ့် ရိုက်ကူးရေးဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးသည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် MRTV စိန်ရတုပြတိုက် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ပြတိုက်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေအားလည်းကောင်း၊ ပြတိုက်တွင် ခင်းကျင်းပြသရန် လျာထားမှုအားလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် သမိုင်းအစဉ်အလာ ကြီးမားသော ဌာနကြီးတစ်ခု ဖြစ်သည်နှင့်အညီ ခေတ်အဆက်ဆက်တွင် သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့မှု၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အားကိုးရသော ဝန်ဆောင်မှုပေးခြင်းတို့ကို ပေါ်လွင်အောင် ခင်းကျင်းပြသနိုင်ရေး စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် အဆောက်အအုံမှာ အရွယ်အစား အလျား ပေ ၁၀၀၊ အနံ ၇၅ ပေ၊ အမြင့် ၂၆ ပေရှိသော RC နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ယခုအခါ တည်ဆောက်ရေး လုပ်ငန်း၏ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ ၎င်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော စက်ပစ္စည်းများ၊ တူရိယာများ၊ အသုံးအဆောင် ပစ္စည်းများ၊ ပုံစံငယ်များ၊ စတူဒီယိုများဖြင့် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဗဟုသုတဖြစ်ဖွယ် ခင်းကျင်းပြသမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် MRTV ဧည့်ခန်းမတွင် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် MRTV Auditorium ခန်းမတွင် MRTV ဝန်ထမ်းများက တင်ဆက်ပြသမည့် "အဥ္ဇလီအငြိမ့်" ရိုက်ကူးရေးအား ကြည့်ရှုအားပေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

**တင်ဆက်ပြသမည်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြည်သူများ ပျော်ရွှင်မှုရရှိစေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် ယခုအခါ အပတ်စဉ် စနေနေ့ညပိုင်းတွင် အငြိမ့်သဘင် ဖျော်ဖြေမှုဖြင့် တင်ဆက်လျက်ရှိရာ လာမည့်အောက်တိုဘာ ၁ ရက် ညပိုင်းတွင် MRTV မှ ဝန်ထမ်းများက ဖျော်ဖြေတင်ဆက်မည့် အဥ္ဇလီအငြိမ့်အဖွဲ့ဖြင့် တင်ဆက်ပြသမည်ဖြစ်ကြောင်း သိရသည်။

**ပိုမိုထုတ်လွှင့်နိုင်ရေး ကြိုးပမ်း**

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် ပြည်သူများ ပျော်ရွှင်မှုရရှိစေရန်အတွက် ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အပတ်စဉ် သောကြာနေ့ ညတိုင်းတွင် တေးဂီတ ဖျော်ဖြေပွဲများဖြင့်လည်းကောင်း၊ အပတ်စဉ် စနေနေ့ ညပိုင်းတွင် အငြိမ့်သဘင် ဖျော်ဖြေမှုဖြင့်လည်းကောင်း၊ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲများကို ညစဉ်ည ၇ နာရီ နောက်ပိုင်းတွင်လည်းကောင်း၊ စတီရီယိုနှင့် ခေတ်ပေါ်မြန်မာတေးသီချင်းများကို ညနေ ၆ နာရီ နောက်ပိုင်းမှ စတင်၍လည်းကောင်း ထုတ်လွှင့်ပေးလျက်ရှိပြီး ပိုမိုကောင်းမွန်ဆန်းသစ်သည့် ဖျော်ဖြေမှု အစီအစဉ်များကို ပိုမိုထုတ်လွှင့်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး |
|---|---|
| | ရာထူး၊ ဌာန |
| (၁) ဦးဝင်းမော် | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (၂) ဒေါက်တာအောင်ကျော်သင် | ပါမောက္ခချုပ်<br>ဗန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) ဒေါက်တာသိင်္ဂီရွှေ | ပါမောက္ခချုပ်<br>ဟသ်ာတတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝင်ငွေနည်း အိမ်ထောင်စုများအား ဆန်အိတ်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည်

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်းနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ဆန်ဈေးနှုန်း တည်ငြိမ်စေရေးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အဓိကစားသောက်ကုန်ဖြစ်သည့် ဆန်အပါအဝင် သန့်ရှင်းလတ်ဆတ်သော အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဈေးကားများဖြင့် (Mobile Market) ဖွင့်လှစ်၍ အိမ်တိုင်ရာရောက် လိုက်လံလှည့်လည်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ယခုအခါ တိုင်းဒေသကြီးအတွင်းရှိ ဝင်ငွေနည်းအိမ်ထောင်စုများအား စနစ်တကျရွေးချယ်စာရင်းပြုစုပြီး ဧည့်မထသန့်စင်ပြီး ဆန်ဖြူနှင့် ပေါ်ဆန်းမွှေးဆန်များအား ဖြန့်ဖြူးရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြန့်ဖြူးရောင်းချပေးရာတွင် သန့်စင်ပြီး ဆန်ဖြူ ငါးပြည်တစ်အိတ်လျှင် ကျပ်ငါးထောင်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ဆန်းမွှေးဆန်ငါးပြည်တစ်အိတ်လျှင် ကျပ်ရှစ်ထောင့်ငါးရာနှုန်းဖြင့်လည်းကောင်း ရောင်းချပေးမည်ဖြစ်ရာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ဆန်လိုအပ်မှုရှိသည့် ဝင်ငွေနည်းမိသားစုများအနေဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## သောင်ရင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၂၇။** ။ ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# အာဆီယံ-တရုတ် သက်မွေးပညာဆိုင်ရာပြပွဲနှင့် ဆွေးနွေးပွဲဖွင့်ပွဲ ကျင်းပ

## စက်မှုသင်တန်းကျောင်း ရှစ်ကျောင်း တည်ထောင်ပြီး နှစ်စဉ် သင်တန်းသားတစ်ထောင်ကျော် လေ့ကျင့် မွေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ စက်တင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ၂၀၂၂ ခုနှစ် အာဆီယံ- တရုတ် သက်မွေးပညာဆိုင်ရာပြပွဲနှင့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည်အွန်လိုင်းမှ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားတွင် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အကြီးအကဲ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေးဝန်ကြီးဌာနမှ အကြီးအကဲ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်တော်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်၍ အမှာစကားများ ပြောကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် စက်မှုဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နှစ်ဦးနှစ်ဖက် အပြန်အလှန် စီးပွားရေးနှင့်လူမှုရေးအကျိုးစီးပွားများအတွက် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနတစ်ခုဖြစ်ကြောင်း၊ နည်းပညာနှင့် သက်မွေးပညာ လေ့ကျင့်ရေး (TVET) ကဏ္ဍတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီ အထောက်အပံ့ဖြင့် အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)ကို ၂၀၀၅ ခုနှစ်တွင် တည်ထောင်နိုင်ခဲ့သဖြင့် ကျွမ်းကျင်လုပ်သား ၁၆၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် မြန်မာနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ လက်မှတ်ရေးထိုးခဲ့သည့် Agreement on Economic and Technical Cooperation အရ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပေးအပ်မည့် ရန်ပုံငွေမှ အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)အား အဆင့်မြှင့်တင်ရန် တရုတ်ယွမ်ငွေ ၈၅ သန်း ထောက်ပံ့ပေးအပ်ခဲ့ပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်ရေး TVET သည် မြန်မာနိုင်ငံ၏ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) ၏ ဦးစားပေး နယ်ပယ်ခြောက်ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးခြင်းဖြင့် တိုင်းပြည်၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့် ဦးတည်ချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ "ယှဉ်ပြိုင်မှု စွမ်းရည်မြင့်မားသော လုပ်သားအင်အားစုနှင့် အဆင့်မြင့်နည်းပညာများ ဆက်လက်သင်ယူလေ့လာနိုင်သော ကျွမ်းကျင်ပညာရှင်များ နိုင်ငံအနှံ့ ပိုမိုမွေးထုတ်ပေးရန်" မျှော်မှန်းထားပါကြောင်း၊ တိုင်းပြည်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးနှင့် ကဏ္ဍအလိုက်သင့်တော်သည့် လုပ်ငန်းခွင်များတွင် တာဝန်ယူ ထမ်းဆောင်နိုင်စေရေးနှင့် ပြည်တွင်းကျွမ်းကျင်လုပ်သားလိုအပ်ချက် မညီမျှမှုအား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန် ရည်မှန်းချက်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ "ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်သစ် တည်ထောင်နိုင်ရန်" မျှော်မှန်း၍ စက်မှုကျွမ်းကျင်လုပ်သားများအား လေ့ကျင့်ပျိုးထောင်ပေးနိုင်သည့် စက်မှုသင်တန်းကျောင်း ရှစ်ကျောင်းကို နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများ၏ အထောက်အပံ့များဖြင့် တည်ထောင်ထားရှိပြီး နှစ်စဉ် သင်တန်းသား တစ်ထောင်ကျော်ကို လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေးလျက်ရှိကြောင်း၊ တီထွင်ဆန်းသစ်လာသည့် TVET ပညာရေးများသည် ဒေသတွင်း သာယာဝပြောမှုနှင့် စဉ်ဆက်မပြတ် တိုးတက်လာမှုများကို ဖြေရှင်းပေးနိုင်မည်ဖြစ်၍ နည်းပညာနှင့် သက်မွေးပညာ လေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအားလုံးပါဝင်ပြီး ပူးပေါင်းဆောင်ရွက်ပေးကြရန် ဖိတ်ခေါ်လိုပါကြောင်း ထည့်သွင်းပြောကြားသည်။

**ရည်ရွယ်ကျင်းပ**

အဆိုပါ ပြပွဲနှင့် ဆွေးနွေးပွဲများကို တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား သက်မွေးပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်၊ အပြန်အလှန် လေ့လာသင်ယူမှုများနှင့် အသိအမြင်ဖလှယ်မှုများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းသစ်များ ရရှိစေရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ခင်မင်ရင်းနှီးမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုများ မြှင့်တင်နိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကို တိုင်းရင်းဆေးဖြင့် ကာကွယ် ကုသနိုင်ရေးအတွက် ညှိနှိုင်းစည်းဝေး

## ယခုဖော်စပ်မည့် မာဓဝနိဒါန်းကျမ်းလာ ဆေးခါးကြီးပါဝင်သော ဆေးဖုံသည် ကိုဗစ်-၁၉ ရောဂါလူနာကို တိုက်ကျွေးရန် သင့်လျော်သည်ဟု ယူဆ

**နေပြည်တော် စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ ရောဂါအတွက် ဆေးခါးကြီးပါဝင်သော တိုင်းရင်းဆေးဖုံနှင့် တိုင်းရင်းဆေးကုထုံး (Version-2) အား Clinical Trial ပြုလုပ်ဖော်စပ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်မိုး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးမိတ်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကိုဗစ်-၁၉ ရောဂါကို တိုင်းရင်းဆေးဖြင့် ကာကွယ် ကုသနိုင်ရေးအတွက် ဆေးခါးကြီးပါဝင်သော တိုင်းရင်းဆေးဖုံ ထုတ်လုပ်နိုင်ရေး၊ လူနာများကို အန္တရာယ်ကင်းစွာ စနစ်တကျ ဆေးတိုက်ကျွေးကုသနိုင်ရန် Acute နှင့် Subacute Toxicity များ စမ်းသပ်နိုင်ရေး၊ Clinical Trial ပြုလုပ်နိုင်ရေးအတွက် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ရန် ဆရာကြီးတို့နှင့် ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ Clinical Trial ပြုလုပ်ရာတွင် အခြေခံလိုအပ်မည့် ဆေးဝါးဖော်စပ်ပုံ နည်းစနစ်၊ ဆေးနည်း၊ ဆေးအမည်နှင့် တိုက်ကျွေးမည့်ဆေးပမာဏများနှင့် ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့ ကြိုတင်ညှိနှိုင်းရေးဆွဲထားသည့် Protocol အပေါ် အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးမိတ်က ယခုတင်ပြဆွေးနွေးသည့် Protocol တွင် ဖော်ပြထားသည့် တိုင်းရင်းဆေးသည် မာဓဝနိဒါန်းကျမ်းတွင် ပါဝင်သည့် ဆေးနည်းဖြစ်သဖြင့် တိုင်းရင်းဆေးပညာရပ်အရ ခိုင်မာသည့်ဆေးနည်းဖြစ်ကြောင်း၊ ဆေးအမည်အနေဖြင့် တိုင်းရင်းဆေးပညာကျမ်းများနှင့် ကိုက်ညီသဖြင့် သင့်လျော်မှုရှိသည်ဟု ယူဆကြောင်း၊ နိုင်ငံတော်အကြီးအကဲက တိုင်းရင်းဆေးအပေါ် အားပေးအားမြှောက်ရှိသည့်အတွက် ဝမ်းသာကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ယင်းနောက် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များက ဆေးအမည်ပေးရာ၌ တိုင်းရင်းဆေး အခြေခံသဘောတရားများနှင့် ညီညွတ်ရန်လိုကြောင်း၊ ကုသမည့် ရောဂါကုထုံးများနှင့်လည်း ကိုက်ညီရန်လိုအပ်ပါကြောင်း၊ ယခုဖော်စပ်မည့် မာဓဝနိဒါန်းကျမ်းလာ ဆေးခါးကြီးပါဝင်သော ဆေးဖုံသည် ရှေးဆေးကျမ်းများအရ အဖျားရောဂါတွင် ဓာတ်ခုနစ်ပါးကို ဖျက်ဆီးနိုင်သည့် အဖျားမျိုးကို တိုက်ကျွေးခဲ့သည့်ဆေးဖုံဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ လူနာကို တိုက်ကျွေးရန် သင့်လျော်သည်ဟု ယူဆပါကြောင်း၊ သိပ္ပံနည်းကျ ဆေးဝါးတိုက်ကျွေးသည့် စနစ်လည်းဖြစ်ရန် လိုပါကြောင်း ဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရန် တိုင်းရင်းဆေးကုထုံး(Version-2)၊ ဆေးခါးကြီးပါဝင်သော ဆေးဖုံတို့နှင့်ပတ်သက်၍ Clinical Trial ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာရှုထောင့်မှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဒေါ်လာဈေးမြင့်တက်မှုကြောင့် ဒေသတွင်းရက်ကန်းလုပ်ငန်းရှင်များနှင့် လုပ်သားများ အခက်ကြုံတွေ့

**မြစ်ကြီးနား စက်တင်ဘာ ၂၇**

ဒေါ်လာဈေးနှုန်းများ မြင့်တက်လာမှုများကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ကချင်ရိုးရာ ရက်ကန်းလုပ်ငန်းရှင်များနှင့် လုပ်သားများမှာ အခက်အခဲမျိုးစုံတွေ့ကြုံနေရကြောင်း "ဂျိန်းဖော့သူ" ကချင်ရိုးရာအထည်ရက်ကန်းလုပ်ငန်းပိုင်ရှင် ဦးထွန်းထွန်းနိုင်ထံမှ သိရသည်။

"ကျွန်တော်တို့ဝယ်ရတဲ့ ချည်ထုပ်နဲ့ အရောင်ဆိုးဆေးတွေက ဒေါ်လာဈေးနဲ့ညှိဝယ်ရတော့ လက်ရှိဒေါ်လာဈေးကြောင့် အများကြီး မြင့်တက်သွားခဲ့ပါတယ်။ ကုန်ချောတွေဖြစ်တဲ့ ရိုးရာအထည်တွေ ဈေးနှိမ်ခံရတော့ အချိုးမညီမှုတွေဖြစ်ပြီး အခက်အခဲတွေ ဖြစ်နေရတာပါ။ ကိုဗစ်ကြောင့် လုပ်ငန်းရပ်နားတာ တစ်နှစ်ကျော်ရှိနေပြီး အခုလို ဒေါ်လာဈေးတွေမြင့်တက်လာတော့ လုပ်ငန်းအတွက် ထိခိုက်မှုတွေ အများကြီး ကြုံတွေ့လာနိုင်တယ်လို့ ပြောချင်ပါတယ်။ ရမ်ပူရပ်ကွက်မှာ တစ်ရပ်ကွက်လုံး ရက်ကန်းလုပ်ငန်း လုပ်ကိုင်တယ်လို့ပြောလို့ရပါတယ်။ အခု စက်ရက်ကန်းလည်ပတ်တာဆိုလို့ ကျွန်တော့်အလုပ်ရုံပဲ ရှိတော့တယ်။ အရောင်းအဝယ်လည်း မဖြစ်ဆိုတော့ အလွန်အခက်အခဲတွေဖြစ်နေတာပါ"ဟု ၎င်းက ပြောသည်။

မြစ်ကြီးနားမြို့တွင် စက်ရက်ကန်းစင်ပေါင်း ၅၀၀ ကျော်ရှိပြီး လက်ရက်ကန်းလုပ်ကိုင်မှုမှာ စင်ပေါင်း ၄၀၀၀ ကျော်အထိရှိကာ လက်ရှိတွင် လုပ်ငန်းလည်ပတ်မှုများ ရပ်နားထားရပြီး ကုန်ဈေးနှုန်းဆက်လက်မြင့်တက်ပါက မြစ်ကြီးနားမြို့ပေါ်ရှိ ရက်ကန်းလုပ်ငန်းများ ရပ်ဆိုင်းသွားနိုင်ကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကုန်ဈေးနှုန်းများ ထိန်းညှိပေးရန် လိုအပ်ကြောင်း ဒေသခံရက်ကန်းလုပ်ငန်းရှင်များနှင့် လုပ်သားများထံမှ သိရသည်။

**မိုးဃ်းကျ(မြစ်ကြီးနား)**

# တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၅ လကြာ ထပ်မံတိုးမြှင့်ရပ်စဲလိုက်ကြောင်း ကြေညာချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်**
**(၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်)**
**(၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်)**

၁။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံသည့် သွေးစည်းညီညွတ်မှု၏ အထိမ်းအမှတ်သက်သေအဖြစ် တောင်တန်းနှင့် မြေပြန့် တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူကြရန် သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် တောင်တန်းနှင့် မြေပြန့်ဒေသများ ညီညွတ်ပေါင်းစည်းပြီး တပ်မတော်နှင့်အတူ မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။

၂။ ထိုသို့ နိုင်ငံတော်တစ်ဝန်းလုံး စုစုစည်းစည်းဖြင့် လွတ်လပ်ရေး ပြန်လည်ရယူပေးနိုင်ခဲ့မှု၏ အစပျိုးမှုဖြစ်သည့် တိုင်းရင်းသားသွေးချင်းတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင်သတ်မှတ်ဂုဏ်ပြုခဲ့သည်မှာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့သို့တိုင် ရောက်ရှိတော့မည်ဖြစ်ပါသည်။

၃။ ကျရောက်လာတော့မည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် လုပ်ငန်းစဉ်များကို တိုးမြှင့်လုပ်ဆောင်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာစေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာလျှင် ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဖြစ်ပါသဖြင့် အနာဂတ်တွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ဆောက်သွားရမည်ဖြစ်ပါသည်။

၄။ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့် အဖွဲ့အစည်းပီသစွာဖြင့် ခေတ်အဆက်ဆက်ကပင် ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ လွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးအယူဝါဒကွဲပြားမှု၊ လူမျိုးရေးကွဲပြားမှု၊ တိုင်းရင်းသားအရေးကွဲပြားမှု၊ အယူဝါဒရေး ကွဲပြားမှုများကတစ်ဆင့် အုပ်ချုပ်သူအစိုးရအဆက်ဆက်ကို လက်နက်စွဲကိုင်ဆန့်ကျင်ခြင်းသည် ယနေ့တိုင်တည်ရှိနေသည့် လက်နက်ကိုင်ပဋိပက္ခများ၏ ဇာစ်မြစ်ပင်ဖြစ်ပြီး ယခင်ကိုလိုနီလက်ထက်ကတည်းက ကျင့်သုံးခဲ့သည့် သွေးခွဲအုပ်ချုပ်မှုစနစ်များ၏ အကျိုးဆက်များကြောင့်လည်း ဖြစ်သည်။

၅။ မိမိတို့နိုင်ငံသည် နိုင်ငံ၏ မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်များတွင်မဆို သီးသန့်လူမျိုးစုတစ်ခုတည်းနေထိုင်ခြင်းမရှိဘဲ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ထို့ကြောင့် ခေတ်အဆက်ဆက်ဖြစ်ပေါ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကို စေ့စပ်ညှိနှိုင်းအဖြေရှာရာတွင် မိမိလူမျိုး၊ မိမိပြည်နယ်၊ မိမိဒေသ၊ မိမိအဖွဲ့အစည်းတစ်ခုတည်းအတွက်ကိုသာ မကြည့်ဘဲ ပြည်ထောင်စုဆိုသည့်အမြင်၊ ပြည်ထောင်စုစိတ်ဓာတ်၊ We are Myanmar ဆိုသည့် တပေါင်းတစည်းတည်း စိတ်များဖြင့် ညှိနှိုင်းဆွေးနွေးမှသာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ရယူပြီးသည့်အချိန်မှစ၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နဲ့ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ရာ ၎င်းလုပ်ငန်းစဉ်နှင့် ဦးတည်ချက်တို့၌ **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** ဟု အတိအလင်းကြေညာထားခဲ့ပြီး ၎င်းအတိုင်း လုပ်ဆောင်လျက်ရှိသည်။

၇။ တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး ထုတ်ပြန်ချက်များကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ယနေ့အထိ ၂၀ ကြိမ် ထုတ်ပြန်ခဲ့ပြီး ယနေ့အထိ ၂ နှစ်နှင့် ၉ လကျော် အချိန်ကာလပေး၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ပါသည်။

၈။ တပ်မတော်မှထုတ်ပြန်ခဲ့သည့် ၎င်းကြေညာချက်များတွင် တပ်မတော်အနေဖြင့် **"ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံစေရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်တန့်ပေးမည်"**ဟု အတိအလင်းကြေညာခဲ့ပြီးဖြစ်သည်။

၉။ ကမ္ဘာအနှံ့တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ရင်ဆိုင်နေရသောကြောင့် ကမ္ဘာတစ်ဝန်း လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ပေးကြရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Antonio Guterres က ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့တွင် တိုက်တွန်းပြောကြားခဲ့ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ Appeal for Global Ceasefire ကို ထုတ်ပြန်ခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ Appeal for Global Ceasefire ကို ထောက်ခံသည့်အနေဖြင့် အနည်းဆုံးရက် ၉၀ ကြာ အပစ်အခတ်ရပ်စဲရန်နှင့် ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေး အကူအညီပေးရန်အပါအဝင် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတကာကျင့်ဝတ်နှင့်အညီ ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်အပေါ်လိုက်နာရန် တာဝန်ရှိသည်ဟု ခံယူလျက် မြန်မာ့တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို ထုတ်ပြန်ပြီး ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါသည်။

၁၀။ လက်ရှိအခြေအနေတွင် တစ်ကမ္ဘာလုံး၌ ကိုဗစ်-၁၉ ကပ်ရောဂါကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှစ၍ ယခုအထိ ခံစားနေရသောကာလဖြစ်ပါသည်။ ၎င်းကာလ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **"ပြည်သူလူထု၏ အသက်ထက် အရေးကြီးတာ ဘာမှမရှိ"** ဟူသော မူဝါဒဖြင့် တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ရှိသမျှခွန်အား၊ စွမ်းအားဖြင့် အားကုန်ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကာလ၊ ဇူလိုင်လတတိယပတ်အတွင်း ရောဂါပိုး စစ်ဆေးခဲ့သူများအနက် ၄၁ ရာခိုင်နှုန်းခန့်မှာ ပိုးတွေ့ခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုများကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ရာ ယခု စက်တင်ဘာလကုန်ပိုင်း၌ ရောဂါပိုးတွေ့ရှိသူ ၉ ရာခိုင်နှုန်းသာရှိတော့သဖြင့် ၃၀ ရာခိုင်နှုန်းကျော်ခန့် လျှော့ချနိုင်ခဲ့ပါသည်။

၁၁။ ကိုဗစ်-၁၉ ရောဂါသည် ဗီဇပြောင်းလဲနိုင်စွမ်းမြင့်မားသည့် ဗိုင်းရပ်စ်ရောဂါပိုးကိုအခြေခံပြီး ဖြစ်ပွားပျံ့နှံ့သောရောဂါဖြစ်၍ အလျှင်းပျောက်ကင်းနိုင်သော ရောဂါမဟုတ်ကြောင်း တွေ့ရှိရပါသည်။ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး အချိန်အတိုင်းအတာတစ်ခုအထိ ဂရုပြုစောင့်ကြည့် ကာကွယ်၊ ထိန်းချုပ်ရမည့် ရောဂါဖြစ်သည်။

၁၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ASEAN အထူးကိုယ်စားလှယ်တို့ ဆွေးနွေးမှုပြုလုပ်စဉ်တွင် လည်းကောင်း၊ EAO အဖွဲ့အချို့ကလည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ထပ်မံတိုက်တွန်းလာခြင်းကိုလည်းကောင်း ကြိုဆိုပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအနေဖြင့်လည်း မူလကတည်းက ရပ်စဲထားပြီးဖြစ်ပါသည်။ EAO များတည်ရှိရာ ဒေသအတွင်းရှိ ပြည်သူများ၊ စစ်ဘေးရှောင်စခန်းများရှိ ပြည်သူများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၁၃။ ၎င်းကဲ့သို့အခြေအနေမျိုးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များကို NLD ပါတီအစွန်းရောက်များ၊ NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်များက ကိုယ်ထိလက်ရောက်ဗုံးခွဲ၊ တိုက်ခိုက်၊ ပစ်ခတ်မှုဖြစ်စဉ်များ ရှိနေသည်ကို စိတ်မကောင်းဖွယ်တွေ့ရှိရပါသည်။ ထို့အပြင် NUG နှင့် CRPH အကြမ်းဖက်အဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့၌ ပြည်သူလူထုအား စိုးရိမ်ထိတ်လန့်စေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေမည့် အကြမ်းဖက်လုပ်ရပ်များကို လှုံ့ဆော်သည့် ကြေညာချက်တစ်ရပ်အား ထုတ်ပြန်ခဲ့ပြီး လက်တွေ့မြေပြင်၌လည်း အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား မိုင်းထောင်မိုင်းခွဲခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ၎င်းဖြစ်စဉ်များနှင့် အပြစ်မဲ့ပြည်သူများကို ၎င်းအကြမ်းဖက်အဖွဲ့များက သတ်ဖြတ်နှိပ်စက်နေမှုများကိုလည်း နိုင်ငံတကာအဖွဲ့အစည်းအားလုံးက သိရှိထားရန် လိုအပ်ပါသည်။

၁၄။ နိုင်ငံတော်အစိုးရအနေဖြင့် မကြာမီကျရောက်လာမည့် ၇၅ နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍လည်းကောင်း၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၅ လကြာ ထပ်မံတိုးမြှင့် ရပ်စဲလိုက်ကြောင်း ကြေညာချက်ထုတ်ပြန်အပ်ပါသည်။

၁၅။ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဤကြေညာချက်အား လက်တွေ့အကောင်အထည်ဖော် ခိုင်မာနိုင်ရေး၊ စိန်ရတုပြည်ထောင်စုနေ့မတိုင်မီကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် လုပ်ငန်းစဉ်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# ဝိုင်းမော်မြို့၌ အောက်ဆီဂျင်စက်ရုံ ဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၂၇**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း တည်ဆောက်ပြီးစီးခဲ့သည့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၁၂၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်ရုံ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း ကိုဗစ်-၁၉ တတိယလှိုင်းစတင်ဖြစ်ပွားသည့်အချိန်မှ စတင်၍ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အောက်ဆီဂျင်စက်ရုံ တည်ဆောက်လည်ပတ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝိုင်းမော်မြို့ရှိ ဌာနဆိုင်ရာများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များအားလုံးကို မိမိတို့အနေဖြင့် မှတ်တမ်းတင်ဂုဏ်ယူကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောက်ဆီဂျင်စက်ရုံ (ဝိုင်းမော်မြို့) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ စက်ရုံအတွင်း အောက်ဆီဂျင်စက် လည်ပတ်ထုတ်လုပ်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက စက်ရုံဖွင့်ပွဲ အခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်၍ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ စုပေါင်း၍ ယမန်နေ့ ညနေပိုင်းက မြစ်ကြီးနားမြို့ ညနေဈေးအတွင်း ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ Fistness Dance အဖွဲ့၏ လူတိုင်းပါဝင်နိုင်သော ကိုယ်လက်လှုပ်ရှား အားကစားလှုံ့ဆော်ရေး အစီအစဉ်များဖြင့် ဈေးရောင်း/ ဈေးဝယ်များ၊ လမ်းသွား/ လမ်းလာ ပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြပြီး အသိပညာပေးဆောင်ရွက်ခဲ့ကြကာ အကအဖွဲ့အား ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**





# အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ထားဝယ် စက်တင်ဘာ ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ထားဝယ်မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့်ဆောင်ရွက်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ပြည်သူအားလုံးကို ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးနှင့် အိမ်ထောင်စုလူဦးရေစာရင်းတို့ကို ရရှိကိုင်ထားစေလိုကြောင်း၊ နိုင်ငံအတွင်း နေထိုင်သူ ပြည်သူအားလုံး၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန်နှင့် နေ့စဉ် တိုင်းရင်းသားပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပိုင်ဆိုင်မှုရေးရာများ အသုံးပြုနိုင်ရန် နိုင်ငံသားကတ်သည် အရေးကြီးကြောင်း၊ တိုင်းဒေသကြီးအတွင်း နိုင်ငံသားကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း မရှိသူများ လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ ဆိုသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်တွင် သွားရောက်လျှောက်ထားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများက ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား (၃) က ၂၉၆ ခု၊ ၁၈ နှစ်ပြည့် ဖ (က) ၁၁၁ ခု၊ လဲလှယ် ၇၂ ခု၊ မိတ္တူ ၅၂ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(ဃ)ဖြင့် အိမ်ထောင်စုခြောက်ခု၊ ပုံစံ(ဂ) ဖြင့် အိမ်ထောင်စု ၂၃ ခု၊ အိမ်ထောင်စုလူဦးရေစာရင်း ၃၀၊ အိမ်ထောင်စုလူဦးရေစာရင်း(မိတ္တူ) ၂၅ ခုတို့ကို ပြည်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရွှေဘိုမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက်ရှိ အောက်ဆီဂျင်စက်ရုံသို့ရောက်ရှိရာ ရွှေဘိုမြို့နေပြည်သူများ အောက်ဆီဂျင်ပြည့်မီစွာ ရရှိရေးအတွက် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၂၀၀ ထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

စက်ရုံတာဝန်ခံ ဦးကိုကိုကြီးက အောက်ဆီဂျင်စက်ရုံလည်ပတ်နေမှုလုပ်ငန်းများ၊ လျှပ်စစ်မီးရရှိရေး၊ အဆောက်အအုံတိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး စက်ရုံအတွက် လိုအပ်လျက်ရှိသည့် 200 KVA ထရန်စဖော်မာတစ်လုံးအား တိုင်းဒေသကြီးအစိုးရက ဖြည့်ဆည်းပေးခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ရွှေဘိုမြို့ ဂေါက်ကွင်းလမ်း အရှည် ပေ ၂၂၅၀၊ အကျယ် ၁၈ ပေ၊ ကိုးလက်မဒု ကွန်ကရစ်လမ်းခင်းကျင်းနေမှုနှင့် ရွှေဘိုမြို့ ပေါ်ဦးလမ်းပေါ်ရှိ တံတားအထူးအဖွဲ့(၂) က တာဝန်ယူတည်ဆောက်နေသည့် တံတားအနက် တံတားအရှည် ပေ ၁၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ သံကူကွန်ကရစ် ကြမ်းခင်းတံတား တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ခဲ့သည်။

**ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေး**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ရွှေဘိုမြို့ မြို့မဈေးသို့ရောက်ရှိရာ စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဦးက ဆိုင်ခန်းများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဈေးရောင်းချသူပြည်သူများ ရောင်းဝယ်ရေးလုပ်ငန်းများ အဆင်ပြေစွာ ပြန်လည်ရောင်းချနိုင်ရေးအတွက် အချိန်မီတည်ဆောက် ပြီးစီးရေး၊ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# ပခုက္ကူမြို့၌ သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များ ရောင်းချ

**ပခုက္ကူ အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များ စတင်ရောင်းချလာကြောင်း သိရသည်။

သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များကို ပခုက္ကူမြို့ လွတ်လပ်ရေးပန်းခြံအရှေ့ဘက် မြို့မဈေးကြီးအဝင် ထင်းတန်းလမ်းတစ်လျှောက်နှင့် သီဟိုဠ်ရှင်ဘုရားကြီးရှေ့တို့တွင် အဓိကရောင်းလျက်ရှိသည်။

ထိုသို့ရောင်းချရာတွင် သီတင်းကျွတ်မီးပုံး၊ မီးဆိုင်းများကို အနိမ့်ဆုံးတန်ဖိုးငွေကျပ် ၆၀၀၊ အမြင့်ဆုံးငွေကျပ် ၈၀၀ ဖြင့်လည်းကောင်း၊ ကလေးကစားစရာအရုပ်များဖြစ်သည့် ယုန်ရုပ်၊ သဘော်ာပုံစံမျိုးစုံ၊ လေယာဉ်ပုံများကို ငွေကျပ် ၁၅၀၀ ဖြင့်လည်းကောင်း၊ ဟယ်ရီကော်ပတာပုံများကို ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ ဖြင့်လည်းကောင်း၊ အထူးအော်ဒါစနစ်ဖြင့်လည်းကောင်း အသီးသီးရောင်းချကြောင်း၊ ယခင်နှစ်များတွင် တစ်နေ့လျှင် ငွေကျပ်တစ်သိန်းရရှိသည်အထိ ရောင်းချနိုင်ခဲ့သော်လည်း ယခုနှစ်တွင် တစ်နေ့လျှင် အများဆုံးငွေကျပ် ၆၀၀၀၀ အထိသာ ရောင်းချရကြောင်း အမှတ် (၁) ရပ်ကွက်မှ ပြုလုပ်ရောင်းချသူတစ်ဦးက ပြောကြားသည်။

**ဆလိုင်းကိုကီး(ပြန်/ဆက်)**

# ကျင့်ဝတ်နှင့်ညီသော သတင်းအမှန်များကို ပြည်သူလူထုသိရှိနိုင်စေရေး၊ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေရေးတို့အတွက် ဦးတည်ရေးသားကြရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက တိုက်တွန်းနှိုးဆော်

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

**ကြေညာချက် (၇/ ၂၀၂၁)**

**၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်၊ တနင်္ဂနွေနေ့**

၁။ ယခုအချိန်ကာလသည် နိုင်ငံငြိမ်းချမ်းရေး၊ နိုင်ငံတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လျှောက်လှမ်းနေသော ဒီမိုကရေစီလမ်းကြောင်း တည့်မတ်ခိုင်မာစေရေးတို့အတွက်၊ မဏ္ဍိုင်ကြီး ၄ ရပ်လုံးမှ အလေးအနက်ထားကာ ဦးတည်ဆောင်ရွက်နေသောကာလဖြစ်၍ သတင်းတု၊ သတင်းမှားများသည် ပြည်သူလူထုကို အဆိပ်သင့်စေနိုင်ကြောင်း အထူးဂရုပြုရမည့်ကာလဖြစ်ပါသည်။

၂။ ဤကဲ့သို့သောအခြေအနေတွင် သတင်းမှားများအပေါ်အခြေခံပြီး မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် အကျိုးမဲ့ဖြစ်စေသော ဆုံးဖြတ်ချက်များကို နိုင်ငံတကာပေါင်းစည်းညီညွတ်ရေးအတွက် ဦးစီးဦးဆောင်ပြုဆောင်ရွက်လျက်ရှိသော ကမ္ဘာ့အဖွဲ့အစည်းကြီး၏ ကောင်စီတစ်ရပ်က ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

၃။ ထိုကဲ့သို့ဆိုးကျိုးများဖြစ်ပေါ်စေသည့် သတင်းတု သတင်းမှားများ ပပျောက်စေရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်၍လည်းကောင်း၊ တိုင်းဒေသကြီးများသို့ သွားရောက်ကာ ဒေသခံသတင်းသမားများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာကျင့်ဝတ်များကို ရှင်းလင်းခြင်းများကို လည်းကောင်း အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေ၍ ပြည်သူလူထုကို အဆိပ်သင့်စေသော သတင်းတု သတင်းမှားများ ရေးသားထုတ်လွှင့်ခြင်း၊ ထိုသတင်းမှားများအပေါ် အခြေခံကာ မြန်မာနိုင်ငံ၏ မျက်မှောက်အခြေအနေကို ထင်ဟပ်စေခြင်းမရှိသည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက လက်ခံနိုင်ခြင်းမရှိပါ။

၅။ သို့ဖြစ်ပါ၍ ကျင့်ဝတ်နှင့်ညီသော သတင်းအမှန်များကို ပြည်သူလူထုသိရှိနိုင်စေရေး၊ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရေးတို့အတွက် ဦးတည်ရေးသားကြရန် သတင်းဌာနများအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက တိုက်တွန်းနှိုးဆော်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

# ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ခါမ်းပါတ်**

စစ်ကိုင်းတိုင်းဒေသကြီး ခါမ်းပါတ်မြို့အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဦးတည်အုပ်စုများနှင့် အသက် ၁၈ နှစ်နှင့်အထက် ဒေသခံပြည်သူများအား ကိုဗစ် -၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းမှစတင်ကာ ထိုးနှံပေးလျက်ရှိသည်။

ခါမ်းပါတ်မြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာဝင်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ကျေးရွာတာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သားငယ်(ခါမ်းပါတ်)**




**ပုလော**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးသည့် ဒေသခံပြည်သူများအား ယနေ့ နံနက် ၉ နာရီတွင် ရှမ်းဒွတ်ကျေးရွာ မူလွန်ကျောင်း၌ ပထမအကြိမ် ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသည့် ဒေသခံပြည်သူများကို ပထမအသုတ် ထိုးနှံဆောင်ရွက်ပေးရာတွင် ပုလောမြို့နယ်၌ အမျိုးသား ၁၄၅၆ ဦးနှင့် အမျိုးသမီး ၂၂၅၄ ဦး စုစုပေါင်း ၃၇၁၀တို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**အေးအေးမော် (ပုလော)**

**တန့်ယန်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၅၅ နှစ်နှင့်အထက်ရှိသူများ၊ မသန်စွမ်းသူများ၊ နာတာရှည်နှင့် မကူးစက်နိုင်သော ရောဂါရှိသူများအား စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီမှစတင်၍ အမှတ်(၁)ရပ်ကွက် လှကေရီခန်းမ၌ ပထမအကြိမ် စတင်ထိုးနှံပေးလျက်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရီရီထွေးတို့က ကြီးကြပ်ကာ မြို့နယ်ကျန်းမာရေးဌာနဝန်ထမ်းများက ထိုးနှံပေးရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးကြသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

**ကံမ**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် ဦးစားပေးအုပ်စုများဖြစ်သည့် အသက် ၅၅ နှစ်နှင့် အထက်ရှိသူများ၊ နာတာရှည်ရောဂါသည်များ၊ မသန်စွမ်းသူများနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသူများအား သတ်မှတ်ဆေးထိုးစုရပ်အသီးသီး၌ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကိုဗစ်-၁၉ရောဂါကာကွယ်ရေးနှင့် တုံ့ပြန်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ယနေ့ နံနက် ၈ နာရီတွင် မြို့နယ်သာသနာ့ဗိမာန်နှင့် ကျေးရွာများရှိ ဆေးထိုးစုရပ်များ၌ သတ်မှတ်အုပ်စုအလိုက် ဦးစားပေးအစီအစဉ်အတိုင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

**သံဖြူဇရပ်**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယနေ့နံနက် ၉ နာရီမှစတင်ကာ ၁၃ ရက်မြောက်နေ့အဖြစ် သံဖြူဇရပ်မြို့နယ် အထက ( ၁ ) မြို့သစ်၊ ကျိုက္ခမီ ( ကဇာတ်ရုံ )၊ အထက ကျုံကဒါတ်၊ အနင်းတိုက်နယ်ဆေးရုံ၊ ထင်းရှူးတိုက်နယ်ဆေးရုံ၊ ကရုပ္ပိတိုက်နယ်ဆေးရုံနှင့် ဝဲခမိတိုက်နယ်ဆေးရုံတို့၌ ထိုးနှံပေးလျက်ရှိသည်။

သံဖြူဇရပ်မြို့နယ်တွင် ရဟန်းသံဃာများ၊ မသန်စွမ်းသူများ၊ အသက် ၅၅ နှစ်နှင့်အထက်ရှိသူများနှင့် ဝန်ထမ်းများအား ထိုးနှံပေးလျက်ရာ စက်တင်ဘာ ၂၆ ရက်အထိ လာရောက်ထိုးနှံသူစုစုပေါင်း ၂၈၃၀၅ ဦးရှိပြီး ယနေ့တွင်လည်း ကြက်ခြေနီသူနာပြုတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့တို့က ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မိုင်းယု**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်အတွင်းရှိ အသက် ၅၅ နှစ်နှင့် အထက်ရှိသူများအား ယနေ့နံနက် ၈ နာရီတွင် ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခဲ့ကြသည်။

အဆိုပါကာကွယ်ဆေးထိုးလုပ်ငန်းတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နယ်မြေခံစခန်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်/ကျေးစာရေးများက ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးကာ ဆေးထိုးရန် ကျန်ရှိနေသေးသည့် သက်ကြီးရွယ်အိုများကိုလည်း ကျေးရွာအရောက် လိုက်လံထိုးနှံပေးသွားမည်ကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**




**ရွှေသောင်ယံ**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အထက ရွှေသောင်ယံ စာသင်ကျောင်း၌ စုရပ်ပြုလုပ်၍ ယနေ့ နံနက် ၉ နာရီခွဲတွင် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ထိုးနှံပေးရာတွင် ရွှေသောင်ယံမြို့ အမှတ်(၁၊ ၂၊ ၃) ရပ်ကွက်ရှိ လူဦးရေ ၁၇၅ ဦးက စာရင်းပေးကာ လာရောက်ထိုးနှံကြကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

**ကျောက်တံတား**

ကျောက်တံတားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ်စတင်ထိုးနှံခြင်းကိုစက်တင်ဘာ ၂၀ ရက်မှစတင်၍ အမှတ်(၃) ရပ်ကွက်၌ ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ကာကွယ်ဆေးလာရောက်ထိုးနှံသူဦးရေ ၂၅၆၂ ဦး အထိရှိနေပြီဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်းရှိ ဆေးထိုးစုရပ်ဖြစ်သော အမှတ်(၃) ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထိပ်( မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ) ရှေ့၌ ယနေ့ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကာကွယ်ဆေးလာရောက်ထိုးနှံကြသော အသက် ၅၅ နှစ်နှင့်အထက်ပြည်သူ ၆၃ ဦး၊ နိုင်ငံ့ဝန်ထမ်း ၆၄ ဦး၊ ဘုန်းတော်ကြီး/သီလရှင်ကျောင်းများနှင့် သာသနာ့ဝန်ထမ်း ၁၄၆ ဦး၊ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းမှ ခုနစ်ဦး၊ စေတနာ့ဝန်ထမ်းများ/ ပရဟိတဝန်ထမ်းများ ၂၉ ဦး၊ ပုဂ္ဂလိက စက်ရုံ/အလုပ်ရုံဝန်ထမ်း လေးဦး၊ ဟိုတယ်/မိုတယ်/တည်းခိုခန်းမှ ဝန်ထမ်း ကိုးဦးနှင့် အခြားဝင်ငွေရှိသောလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦးတို့ဖြင့် ကာကွယ်ဆေးထိုးနှံသူဦးရေစုစုပေါင်း ၄၁၅ ဦးရှိကြောင်း သိရသည်။

**စိုးမြင့်အောင်**

# တရုတ်နိုင်ငံက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတုတ္ထအသုတ် ဇင်ဘာဘွေနိုင်ငံ လက်ခံရရှိ

**ဟာရာရီ စက်တင်ဘာ ၂၇**

ဇင်ဘာဘွေနိုင်ငံသည် တရုတ်နိုင်ငံက လှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတုတ္ထအသုတ်ကို စက်တင်ဘာ ၂၆ ရက်တွင် လက်ခံရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ တရုတ်နိုင်ငံက လှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဇင်ဘာဘွေနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ရှာအိုချန်က ဇင်ဘာဘွေနိုင်ငံ၏ ဒုတိယ သမ္မတနှင့် ကျန်းမာရေးနှင့် ကလေးသူငယ်စောင့်ရှောက်ရေး ဝန်ကြီးဖြစ်သူ ချီဝန်ဂါထံသို့ ဟာရာရီမြို့၏ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းကာကွယ်ဆေးများကို လက်ခံရရှိခဲ့ပြီးနောက် ချီဝန်ဂါက ဇင်ဘာဘွေနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးတွင် အထောက်အပံ့ပေးသည့်အတွက် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်း ထုတ်ဖော်ပြောကြားသည်။

ဇင်ဘာဘွေနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီလအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း သုံးသန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ၂ ဒသမ ၁ သန်းကျော်ရှိကြောင်း သိရသည်။

လက်ရှိတွင် ဇင်ဘာဘွေနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၉၅၀၅ ဦး၊ ပြန်လည်ကျန်းမာလာသူပေါင်း ၁၂၁၁၂၈ ဦးနှင့် သေဆုံးသူပေါင်း ၄၆၀၃ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၁၀၄ ဦးရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၂၇**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၁၀၄ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၁၉၈၂၃၅ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၁၀၄ ဦးအနက် ၁၃၀၉၆ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ရှစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်သည့် အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၇၈ ဦး ထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၅၄၃၇ ဦး ရှိလာကြောင်းသိရသည်။ အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၀၉၇၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၉၈၉၅၀၉ ဦးရှိလာကြောင်းသိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၈၃၂၈၉ ဦး ရှိကြောင်း၊ ယင်းတို့အနက် ၁၀၅၀ သည် အထူးကြပ်မတ် ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၅၈၂ဦးသည်အသက်ရှူအထောက်အကူပြု ကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၆၉ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၆၀ ဒသမ ၁ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# နယူးဇီလန်နိုင်ငံ၌ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ငါးသန်းအထိ ထိုးနှံပေးပြီးဖြစ်

**ဝယ်လင်တန် စက်တင်ဘာ ၂၇**

နယူးဇီလန်နိုင်ငံ၌ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ငါးသန်းအထိ ထိုးနှံပေးပြီးဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဝန်ကြီး ခရစ်ဟစ်ကင်က ယနေ့တွင် ပြောကြားသည်။

နယူးဇီလန်နိုင်ငံ၌ ယမန်နေ့အထိ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၅၀၂၀၉၀၀ အား ထိုးနှံပေးခဲ့ရာတွင် ကာကွယ်ဆေးအလုံးရေ ၃၂၃၁၄၄၄ လုံးအား ပထမအကြိမ်ကာကွယ်ဆေးထိုးနှံပေးရာ၌ အသုံးပြုခဲ့ကြောင်းနှင့် ၁၇၈၉၄၅၆ လုံးအား ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးရာ၌ အသုံးပြုခဲ့ကြောင်း ခရစ်ဟစ်ကင်က ပြောကြားသည်။

နယူးဇီလန်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ဝေမှုကို ဩဂုတ်လနှောင်းပိုင်းက တစ်ရက်လျှင် ကိုးသောင်းကျော်ဖြန့်ဝေပေးခဲ့ပြီး လက်ရှိတွင် တစ်ရက်လျှင် ငါးသောင်းခန့် ဖြန့်ဝေပေးလျက်ရှိကြောင်း နယူးဇီလန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဝန်ကြီး ခရစ်ဟစ်ကင်က ပြောကြားသည်။

နယူးဇီလန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အထောက်အပံ့ အမြောက်အမြားရရှိထားပြီး ယခုနှစ်ကုန်ပိုင်းတွင် နယူးဇီလန်နိုင်ငံ၏ လူဦးရေ ငါးသန်းအနက်မှ ၉၀ ရာခိုင်နှုန်းအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# ကျူးဘားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကျဆင်းလာသည့်အတွက် အသွားအလာကန့်သတ်မှု ဖြေလျှော့

**ဟာဗားနား စက်တင်ဘာ ၂၇**

ကျူးဘားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အနည်းငယ်ကျဆင်းလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ယမန်နေ့မှစ၍ ဖြေလျှော့လိုက်ကြောင်း သိရသည်။

ကျူးဘားအစိုးရသည် နိုင်ငံအတွင်း ပြည်နယ် ၁၅ ခုရှိသည့် အနက် ပြည်နယ် ခုနစ်ခုရှိ စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များကို ပြည်သူများအတွက် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် နယ်စပ်ဒေသများ၌ ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကိုလည်း နိုဝင်ဘာ ၁၅ ရက်မှစ၍ နိုင်ငံခြားသားခရီးသည်များအတွက် ဖြေလျှော့ပေးတော့မည်ဖြစ်ကြောင်း သိရသည်။

လတ်တလောအချိန်၌ ကျူးဘားနိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံတကာခရီးသည်များသည် အစိုးရကသတ်မှတ်ထားသည့် စောင့်ကြည့်ရေးစင်တာများတွင် စောင့်ကြည့်မှုခံယူကြရန် လိုအပ်ကြောင်း သိရသည်။

ထို့အပြင် ကျူးဘားအစိုးရသည် နိုင်ငံ၏အနောက်ဘက် မာတန်ဇာ့စ်ပြည်နယ်ရှိ ကမ်းခြေများကိုလည်း ပြည်သူများ အတွက် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

သို့သော် ကျူးဘားအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဆက်လက်ထိန်းချုပ်ရန် ညပိုင်းသွားလာလှုပ်ရှားမှုများကို ကန့်သတ်ထားဆဲဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ နိုက်ကလပ်များ၊ အားကစားရုံများ၊ အားကစားအဆောက်အအုံများ၊ အပန်းဖြေဥယျာဉ်များနှင့် ယဉ်ကျေးမှုနေရာများကို ဆက်လက် ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကျူးဘားနိုင်ငံ၌ အသက် ၁၉ နှစ် အထက်ရှိပြည်သူ ၇၉ ရာခိုင်နှုန်းခန့်သည် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ဂျော်တီ**

# အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၀၈ ဦး ထပ်မံတွေ့ရှိ

**ဂျေရုဆလင် စက်တင်ဘာ ၂၇**

အစ္စရေးနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၀၈ ဦးအား ထပ်မံတွေ့ရှိရသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၆၇၁၈၈ ဦးရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ အဆိုပါရောဂါကြောင့် သေဆုံးသူဦးရေမှာ ၇၆၈၄ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူ ၁၂၀၁၇၈၀ ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးစီးသူ ၆ ဒသမ ၀၉ သန်းကျော်ရှိပြီး နှစ်ကြိမ် ထိုးနှံပြီးစီးသူ ၅ ဒသမ ၆ သန်းရှိကာ တတိယအကြိမ် ထိုးနှံပြီးစီးသူ ၃ ဒသမ ၂ သန်းကျော်ရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



## တောင်ကိုရီးယားနိုင်ငံက အသက် ၁၂ နှစ်မှ ၁၇ နှစ်အရွယ် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည်



**ဆိုးလ် စက်တင်ဘာ ၂၇**

တောင်ကိုရီးယားနိုင်ငံသည် လာမည့်လအတွင်း အသက် ၁၂ နှစ်မှ ၁၇ နှစ်အရွယ်ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်းနှင့် အသက် ၇၅ နှစ်အထက် အသက်အရွယ်ရှိသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးမည်ဖြစ်ကြောင်း ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် ဇူလိုင်လအစောပိုင်းကတည်းက ကိုဗစ်-၁၉ ရောဂါစတုတ္ထလှိုင်းနှင့် ရင်ဆိုင်နေခဲ့ရကြောင်း သိရသည်။ ထို့ပြင် ပြီးခဲ့သည့်တစ်ပတ်အတွင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၃၀၀၀ အထိ ပထမဆုံးအကြိမ် မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးအေဂျင်စီ၏ ကာကွယ်ဆေးထိုးနှံရေး အကြံပေးကော်မတီကလည်း ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသင့်ကြောင်း ဆုံးဖြတ်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၌ အသက် ၁၂ နှစ်မှ ၁၇ နှစ်အရွယ် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ဩဂုတ်လမှစတင်ကာ အသက် ၁၂ နှစ်မှ ၁၇ နှစ်အရွယ် ကလေးငယ် ၅၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဂျာမနီနှင့် ဖိလစ်ပိုင်နိုင်ငံအပါအဝင် ဥရောပနှင့် အာရှနိုင်ငံအများစုကလည်း အဆိုပါအသက်အရွယ်အုပ်စုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် အကြံပြုခဲ့ကြပြီးဖြစ်သောကြောင့် တောင်ကိုရီးယားနိုင်ငံကလည်း အဆိုပါအုပ်စုများအား ထိုးနှံပေးရန်စီစဉ်ခဲ့ကြောင်း သိရသည်။ **ကိုးကား-စီအင်န်အေ ဘာသာပြန်-အလင်းသစ်**

## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၈ ဒသမ ၂၇ သန်းနီးပါးရှိလာ

**အဒစ်အာဘာဘာ စက်တင်ဘာ ၂၇**

အာဖရိကတိုက်၌ ယနေ့ မွန်းလွဲပိုင်းအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၈၂၆၈၈၁၈ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၀၉၇၄၇ ဦးရှိလာပြီး ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၇၅၉၂၄၇၅ ဦးရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံများဖြစ်ပြီး တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၈၉၅၉၇၆ ဦးရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၉၂၈၅၇၁ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ တောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ ဘာသာပြန်-အလင်းသစ်**



## ဂျပန်နိုင်ငံရှိ ခရိုင်ဆေးရုံများ၌ ဆေးရုံခုတင်များ အလုံအလောက်ထားရှိရန် ကျန်းမာရေးဝန်ကြီးဌာနဆောင်ရွက်

**တိုကျို စက်တင်ဘာ ၂၇**

ဂျပန်နိုင်ငံသည် ခရိုင်ဆေးရုံများ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအတွက် ဆေးရုံခုတင်များအလုံအလောက်ထားရှိရန် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုလှိုင်းအသစ် ထပ်မံကျရောက်လာမည့်အရေးကို ကာကွယ်တားဆီးရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ တိုကျိုမြို့အနီးရှိ ဆေးရုံများနှင့် နိုင်ငံတောင်ပိုင်း အိုကီနာဝါခရိုင်ရှိ ဆေးရုံများ၌ လက်ရှိအချိန်တွင် ဆေးရုံခုတင်များမလုံလောက်မှုများရှိနေသဖြင့် နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၀၀၀၀ ကျော်သည် မိမိတို့၏ နေအိမ်များ၌ပင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားခွဲခြားစောင့်ကြည့်မှုကို ခံယူနေရသည်။

ခရိုင်အသီးသီး၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ယာယီကုသရေးစခန်းများဖွင့်လှစ်ရန် ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက ခရိုင်အသီးသီးအား ညွှန်ကြားခဲ့သည်။ မိမိတို့၏ နေအိမ်များ၌ပင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားခွဲခြားစောင့်ကြည့်မှုကို ခံယူနေရသော နိုင်ငံသားများ၏ ကျန်းမာရေးအခြေအနေကို အနီးကပ် စောင့်ကြည့်နိုင်ရန်လည်း တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်၌ နိုင်ငံအတွင်းရှိ ဆေးရုံများတွင် သူနာပြုအလုံအလောက်မရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါလူနာများအား ဆေးရုံတက်ရောက်ကုသမှုများကို အပြည့်အဝ မဆောင်ရွက်နိုင်ကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ ဘာသာပြန်-စိုးသူရ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၃ ဒသမ ၆၇ သန်းကျော်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၂၇**

အိန္ဒိယနိုင်ငံ၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၀၄၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၃၆၇၈၇၈၆ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၇၆ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၄၇၁၉၄ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးမှာ ကီရာလာပြည်နယ်တောင်ပိုင်းဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၉၉၆၂၀ ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၉၆၂၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၂၉၃၁၉၇၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၃၂၆၉၃၃၈၃ | ဦး |
| သေဆုံးသူ | ၄၇၆၃၉၆၀ | ဦး |
| သေဆုံးသူ | ၂၀၉၃၃၇၅၉၄ | ဦး |

## ထိုင်းနိုင်ငံ၌ နိုဝင်ဘာလမှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးသူ နိုင်ငံတကာခရီးသည်များအား နိုင်ငံအတွင်း ခရီးသွားလာခွင့်ပြုမည်

**ဗန်ကောက် စက်တင်ဘာ ၂၇**

ထိုင်းနိုင်ငံ၌ နိုဝင်ဘာလမှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသူ နိုင်ငံတကာခရီးသည်များအား မြို့တော်ဗန်ကောက်အပါအဝင်နိုင်ငံတကာမှ ခရီးသည်များလာရောက်လည်ပတ်လေ့ရှိသည့် အထင်ကရနေရာကိုးခုအား ခရီးသွားလာခွင့်ပြုသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာစီမံခန့်ခွဲရေးစင်တာက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်းရှိ ဖူးခက်နှင့် ဆမူကျွန်းတို့အား ဇူလိုင်လအတွင်းက ခရီးသွားလာခွင့်ပြုရန် ပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက် ကရာဘီ၊ ဟွာဟင်း၊ ပတ္တရားနှင့် ကော့ဖရန် စသော ကမ္ဘာလှည့်ခရီးသည်များ လာရောက်အပန်းဖြေရာနေရာများကိုလည်း ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ခဲ့ကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာစီမံခန့်ခွဲရေးစင်တာက ပြောကြားသည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လာသဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့ရန် ဆောင်ရွက်လာခြင်းဖြစ်သည်။

မြို့တော်ဗန်ကောက်အပါအဝင် နိုင်ငံအတွင်းရှိ ဒေသ ၂၉ ခု၌ အောက်တိုဘာ ၁ ရက်မှစတင်၍ ရုပ်ရှင်ရုံများ၊စာကြည့်တိုက်များနှင့် အားကစားလေ့ကျင့်ရေးခန်းမများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည် ဖြစ်ကြောင်းနှင့် ညမထွက်ရအမိန့်ကိုလည်း အချိန်လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုအစီအမံများကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးအဖွဲ့အစည်းအဝေးသို့ စက်တင်ဘာ ၂၈ ရက်တွင် တင်ပြသွားမည်ဖြစ်သည်။

ယခုဆောင်ရွက်မည့် အစီအမံများသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ပြန်လည်မြှင့်တင်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံ၏ခရီးသွားလုပ်ငန်းမှာ ကိုဗစ်-၁၉ ရောဂါကြောင့် နယ်စပ်ဒေသများ ပိတ်ထားရစဉ် လွန်ခဲ့သော တစ်နှစ်ခန့်ကပင် ကျဆင်းခဲ့ရသည်။ AstraZeneca နှင့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံဝယ်ယူရန် အစီအမံကို ယနေ့တွင် ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးစင်တာက အတည်ပြုခဲ့သည်။

နိုင်ငံအတွင်း၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သန်း ၅၀ ကျော်အား လူဦးရေ၏ ၂၅ ရာခိုင်နှုန်းကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၅၇ သန်းကျော်နှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၃၆၉ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ ဘာသာပြန်-စိုးသူရ**

# အစိုးရစက်မှုလက်မှုသိပ္ပံ(ဒလ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်

**ရန်ကုန် စက်တင်ဘာ ၂၇**

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့်သက်မွေးပညာ ကျွမ်းကျင်သူများကို အဆင့်အလိုက် မွေးထုတ်ပေးနိုင်ရေးအတွက် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ ဒလမြို့နယ်၌ အစိုးရစက်မှုလက်မှုသိပ္ပံ(ဒလ)ကို ၁၁/၁၄ ရပ်ကွက် အတွင်းရှိ ကွင်းအမှတ် ၁၈၆ မြေ ၂၅ ဧကပေါ်တွင် ၂၀၁၉-၂၀၂၂ ဘဏ္ဍာနှစ်မှ စတင်ပြီး ခွင့်ပြုရန်ပုံငွေ နိုင်ငံတော်ဘတ်ဂျက်ဖြင့် နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ လက်ရှိအချိန်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ(ဒလ) တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှု အခြေအနေပြောရရင် သင်တန်းသား၊ သင်တန်းသူအဆောင်က ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသွားပြီဖြစ်ပါတယ်။ လာမယ့်နှစ်ဘတ်ဂျက်မှာ Stree Structure အလုပ်ရုံနှစ်ရုံ၊ သုံးထပ်စာသင်ဆောင် တစ်လုံးနဲ့ ဝန်ထမ်းအိမ်ရာတစ်လုံး တည်ဆောက်ပြီးစီးမှာဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကစပြီးတော့ နှစ်အလိုက်ရရှိတဲ့ဘတ်ဂျက်နဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ဒလ) တည်ဆောက်ပြီးစီးသွားရင် တစ်နှစ်ကို AGTI(Diploma)အင်ဂျင်နီယာ ၃၀၀ ခန့် မွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်"ဟု နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ကျောင်းအုပ်ကြီး ဦးမြတ်ကိုက ပြောကြားသည်။



အစိုးရစက်မှုလက်မှုသိပ္ပံ(ဒလ) တည်ဆောက်ရေးစီမံကိန်းတွင် အာရ်စီသုံးထပ်စာသင်ဆောင်၊ ဝန်ထမ်းအိမ်ရာ သံကူကွန်ကရစ် လေးခန်းတွဲ လေးထပ် နှစ်လုံး၊ Stree Structure အလုပ်ရုံ တစ်ထပ်နှစ်လုံး၊ သံကူကွန်ကရစ် တစ်ထပ် အုပ်ချုပ်မှုဆောင်၊ သံကူကွန်ကရစ် တစ်ထပ် Kitchen Theatre၊ အထွေထွေ သုံးခန်းမဆောင်၊ သံကူကွန်ကရစ် နှစ်ထပ် သင်ကြားရေးဆောင်၊ သံကူကွန်ကရစ် နှစ်ထပ် လက်တွေ့သင်ကြားရေးဆောင်၊ သံကူကွန်ကရစ် နှစ်ထပ် သင်တန်းသား၊ သင်တန်းသူဆောင်၊ သံကူကွန်ကရစ်လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ သံကူကွန်ကရစ် သုံးထပ်ပင်မဆောင် စသည်တို့ပါဝင်ကြောင်း သိရသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(ဒလ) တည်ဆောက်ပြီးစီးပါက ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တို့နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များမှ စက်မှုလက်မှုအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် စိတ်ဝင်စားသော ဒေသခံလူငယ်လူရွယ်များစွာ ပညာသင်ကြားခွင့်ရရှိနိုင်မည်ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**



# မြဝတီမြို့၌ သောင်ရင်းမြစ်ရေ လျှံတက်ပြီး အနိမ့်ပိုင်းနေရာများ ရေကြီးနစ်မြုပ်မှု ဖြစ်ပွား

**မြဝတီ စက်တင်ဘာ ၂၇**

မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်နိမိတ်ပိုင်းခြားထားသည့် သောင်ရင်းမြစ်သည် ယမန်နေ့ ညပိုင်းက တဖြည်းဖြည်း မြစ်ရေမြင့်တက်လာပြီး မြဝတီမြို့ရှိ အနိမ့်ပိုင်းနေရာများသို့ ရေများဝင်ရောက်ကာ ရေကြီးမှုဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါရေကြီးမှုကြောင့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခု ရေကြီးမှုဖြစ်စဉ်သည် ဒုတိယအကြိမ်ဖြစ်ပြီး မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စက်တင်ဘာ ၂၇ ရက် နံနက် ၆ နာရီ တိုင်းထွာချက်များအရ သောင်ရင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၉၆၃ စင်တီမီတာကို ကျော်လွန်ပြီး ၁၁၃၂ စင်တီမီတာသို့ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**

# မြဝတီ-ဝေါလေမြိုင်လမ်းပေါ်ရှိ ဝင်းဝင်းမြိုင်တံတား ချဉ်းကပ်လမ်းပိုင်း ပြိုကျပျက်စီး

**ဝေါလေမြိုင် စက်တင်ဘာ ၂၇**

ကရင်ပြည်နယ် ဝေါလေမြိုင်မြို့တွင် ယမန်နေ့က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပိုပိချောင်းမှ တောင်ကျရေများ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာပြီး မြဝတီ-ဝေါလေမြိုင် လမ်းပေါ်တွင် တည်ရှိသော ဝင်းဝင်းမြိုင်တံတား၏ ချဉ်းကပ်လမ်းပိုင်း ပေ ၅၀ ခန့် ပြိုကျပျက်စီးမှု ဖြစ်ပွားခဲ့သည်။

အဆိုပါတံတားသည် မြဝတီ-ဝေါလေမြိုင် လမ်းပိုင်း ၇၅ ဒသမ ၅ ကီလိုမီတာတွင်တည်ရှိကာ အရှည်ပေ ၁၂၀၊ အကျယ် ၁၇ ပေရှိသော တံတားဖြစ်ပြီး မြဝတီမြို့နှင့် ဝေါလေမြိုင်မြို့တို့ကို အဓိက ဆက်သွယ်ထားသော တံတားတစ်စင်းဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေးယာယီပြတ်တောက်လျက်ရှိသည်။

ထို့ကြောင့် ယာဉ်များနှင့်ခရီးသည်များ ယာယီသွားလာနိုင်ရန်အတွက် လမ်းဦးစီးဌာနက ဝင်းဝင်းမြိုင်တံတား ချဉ်းကပ်လမ်းပိုင်း ပြိုကျပျက်စီးမှုအား စစ်ဆေးပြီး အမြန်ဆုံးပြုပြင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**နိုင်မျိုးသင်း(ပြန်/ဆက်)**






# ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နှစ်ထပ်ရုံးအဆောက်အအုံသစ်ဖွင့်

**ကျောက်တံခါး စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေကျပ် ၁၀၁ ဒသမ ၈၈၃ သန်းဖြင့် Twenty Four Seven Co., Ltd. က တာဝန်ယူဆောင်ရွက်သည့် ကျောက်တံခါးမြို့နယ် မြို့နယ်ဦးစီးမှူးရုံး နှစ်ထပ်ရုံးအဆောက်အအုံ ရုံးသစ်ဖွင့်ပွဲကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၂

# ဆိုင်ကလုန်းမုန်တိုင်း ဂူးလက်ပ် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားမည်ဟု ခန့်မှန်း

**နေပြည်တော် စက်တင်ဘာ ၂၇**

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေနှင့် ဩရိဿတောင်ပိုင်းကမ်းခြေတို့ကို ကာလင်ဂါပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့အကြားမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသော ဆိုင်ကလုန်းမုန်တိုင်း "ဂူးလက်ပ်" သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားကောင်းသောကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။ အဆိုပါ အားကောင်းသော ကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ နောက်ခြောက်နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။


**မိုး/ဇလ**

# တောင်တွင်းက အမှောင်ခွင်းသမား
# အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးအောင်သင်း

ကိုခက်ဝေ(စာပေဗိမာန်)

**(ယမန်နေ့မှအဆက်)**

ဖတ်ရှုလေ့လာမိသမျှစာများအရ ဆရာကြီးသည် ဇာတိတောင်တွင်းကြီးတွင် နေထိုင်စဉ်ကတည်းက ဇဝနဉာဏ်ရွှင်သူပီပီ သံချပ်များ၊ ယိမ်းသီချင်းများ စပ်ဆိုရာတွင်လည်းကောင်း၊ ပြဇာတ်ရေးသားရာတွင်လည်းကောင်း အောင်မြင်မှုရရှိခဲ့သူဖြစ်ကြောင်း သိရှိရပြန်သည်။ ထိုစဉ်ကပင် အနုပညာ လတစ်စင်းအဖြစ် ပဝင်းခဲ့ပြီးဖြစ်သည့်အလျောက် နောက်ပိုင်းတွင် တိုင်းသိပြည်သိ ကလောင်စွမ်းပြလာခဲ့သည်မှာ ထူးပြီးမဆန်းလှပဟု စာရေးသူအနေဖြင့်ယူဆမိပါသည်။




**ဟန်ချင်းဟန်ဖြင့် ရေးသားခဲ့**

ဤနေရာတွင် လူမှုကွန်ရက်စာမျက်နှာထက် တွေ့ရှိဖတ်မိဖူးတာလေး သတိရမိပြန်သည်။ လူမှုကွန်ရက်အသုံးပြုသူတစ်ဦးက

“လုံကို သို့ထား၊ ခါးကို သို့ငင်
သို့ဝင် သို့ထွက်၊ သို့တက် သို့ခွာ
စစ်ပညာကို၊ကြေစွာတတ်မြောက်ကျွမ်းကျင်လည်း
ပြည်သူ့နှလုံး၊ မသိမ်းကျုံးသော်
ပြည်သူ့ခွန်အား၊ မကိုးစားသော်
ခါးသွားကျိုးကြေ၊ လုံသွားခွေအံ့။ ။” ဟူသည့်

ကဗျာကို ထုတ်နုတ်ဖော်ပြထားပြီး အဆိုပါကဗျာမှာ နန္ဒိသေနပျို့မှ ကောက်နုတ်ထားခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုအခါ ဆရာတစ်ဦးက အဆိုပါကဗျာမှာ နန္ဒိသေနပျို့မှမဟုတ်ဘဲ ဆရာကြီးဦးအောင်သင်းရေးသည့် ကဗျာသာဖြစ်ကြောင်း၊ စာပေမိတ်ဆွေတစ်ဦးကလည်း မိမိဖတ်ရှုမှတ်သားထားသည့်နန္ဒိသေနပျို့မှ စာပိုဒ်တချို့ကို ထုတ်နုတ်ပြကာ ပျို့ထဲတွင် အထက်ပါကဗျာစာသားတစ်လုံးတစ်ပါဒမျှမပါဝင်ကြောင်း အတည်ပြုခဲ့ပြီးဆရာကြီး၏ “အရှယ်”ဟူသော စာအုပ်၌ “ဒုတိယကျောင်းအုပ်ဗိုလ်မှူးကြီးအောင်ထွန်း လက်ထက်တွင် လွတ်လပ်ရေးနေ့သဝဏ်လွှာအတွက် ကဗျာတစ်ပုဒ်ရေးပါဆိုသောကြောင့် ရေးပေးလိုက်ရသေးသည်။ ကဗျာလေးကိုလည်း ကြွားလိုက်ပါရစေ။ ကဗျာခေါင်းစဉ်ကိုတော့ မေ့နေပြီ” ဟုဆိုကာ အဆိုပါကဗျာကို ဟန်ချင်းဟန်ဖြင့် ရေးသားဖြစ်ခဲ့ပုံ၊ လွတ်လပ်ရေးနေ့သဝဏ်လွှာဖြစ်သည့်အလျောက် ရေးသူအမည်မပါဝင်ခဲ့ပုံ၊ နောင်အခါ သတင်းစာဆောင်းပါးတချို့တွင် အဆိုပါကဗျာကို ဗျူဟာစက္ကိပျို့တွင် ပါဝင်သယောင်၊ သေနင်္ဂဗျူဟာတွင် လက်ဝဲသုန္ဒရရေးဖွဲ့ခဲ့သယောင် ညွှန်းကြသည့်အတွက် ရယ်မောမိကြောင်း ဆရာကြီးကိုယ်တိုင် ရေးသားတင်ပြထားသည့် စာအုပ်အထောက်အထားနှင့်တကွ ဆွေးနွေးဖော်ပြထားရာ အများသူငါအမှတ်မှားနေသည့် “လုံကို သို့ထား...” အစချီကဗျာမှာ ဆရာကြီး၏လက်ရာစစ်စစ်ဖြစ်ကြောင်း တိကျသေချာသိခွင့်ရခဲ့တော့သည်။

စာရေးသူကိုယ်တိုင် အဆိုပါကဗျာကို တွေ့ရှိဖတ်မိတိုင်း နန္ဒိသေနပျို့မှဟု အမှားကြာ အမှန်ထင်မှတ်ခဲ့သူဖြစ်ရာ စာပေမိတ်ဆွေများ၏ အပြန်အလှန်ဆွေးနွေးချက်များကြောင့် ဆရာကြီး၏ ကဗျာလက်ရာအစစ်အဖြစ် သံသယကင်းစင်စွာ သိရှိမှတ်သားခဲ့ရသည်။


**အမျိုးသားစာပေတစ်သက်တာဆု**

ဆရာကြီး၏ ဘဝသက်တမ်းတစ်လျှောက် ရေးသားပြုစုခဲ့သည့်စာအုပ်စာပေများကို ခြေရာကောက်ကြည့်လျှင်လည်း ဆင်ခြင်တုံတရားကို စေ့ဆော်သည့်စေတနာများကို တွေ့ရတတ်သည်။ စာဖတ်သူတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာတိုးတက်ရေး၊ နှလုံးလှတရား တိုးပွားရေးအတွက် ဘဝအသိနှင့်ယှဉ်တွဲသည့် အသိပေးစကားများကို မြင်ရတတ်သည်။ လူငယ်တို့၏နှလုံးသားတွင် အသိနှင့်သတိမပြတ်ကပ်ငြိကာ လောကဓံကို အန်တုရင်ဆိုင်ကြံ့ကြံ့ခံလျက် မိမိကိုယ်ကိုသာမက မိမိပတ်ဝန်းကျင်အတွက် တန်ဖိုးရှိသောမျိုးဆက်များအဖြစ် တွန်းအားပေးမြှင့်တင်သည့် လမ်းညွှန်မှုများကို တွေ့ရတတ်သည်။ ထိုသို့ နိုင်ငံနှင့်လူမျိုးတို့အတွက် ကာယသတ္တိနှင့် စိတ္တသတ္တိကို ထွန်းညှိခဲ့သော စေတနာလက်ရာများကြောင့်ပင် အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့ခြင်းဟု ယူဆမိပါသည်။

အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး၏ဘဝအစကို စေ့ငုကြည့်လျှင် စိတ်ဝင်စားဖွယ်၊ လေးစားအားကျဖွယ်၊ အတုယူလိုက်နာဖွယ်ဖြစ်ရပ်များအဖြစ် တွေ့ရပေသည်။

**စာပေပါရမီမျိုးစေ့**

ဆရာကြီးကို မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ တောင်ပြင်ရပ်ကွက်တွင် အဖ သခင်ညီမောင်၊ အမိ ဒေါ်ရွှေကြင်တို့က ၁၉၂၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် မွေးဖွားခဲ့သည်။ သားသမီးသုံးယောက်တွင် အကြီးဆုံးဖြစ်သည်။ ဆရာကြီး၏ဒေသခံဆရာတချို့၏အဆိုအရ မိခင်ဒေါ်ရွှေကြင်မှာ ဆရာကြီးကို မမွေးဖွားမီ ထိုခေတ်အခါကာလ ကပ်ရောဂါတစ်ခုဖြစ်သည့် ကျောက်ရောဂါကို ခံစားခဲ့ရပြီး သက်သာပျောက်ကင်းခါစတွင် မွေးဖွားသည့်အတွက် သားဦးရတနာ၏အမည်သည် ခေါ်စရာကားကျောက်ကြွားဟုတွင်ခဲ့ကြောင်း သိမှတ်ရပါသည်။


သို့ ... စာဖတ်သူ

တစ်ခါတစ်ရံ စာဖတ်သူအချင်းချင်း စာကြောင်းပေကြောင်း ဆွေးနွေးဝေဖန်ရသည်မှာ အရသာတစ်မျိုးဟု ထင်မိပါသည်။

ငယ်စဉ်က မွေးဖွားရာဇာတိ တောင်ပြင်ရပ်ကွက်ရှိ ဆရာကြီးဦးသာဒွန်းဇံ၏ကျောင်းတွင် ပညာဆည်းပူးလေ့လာခဲ့သည်။ ဆရာကြီးဦးသာဒွန်းဇံ၏သားတက္ကသိုလ်ကျောင်းသားထံမှတစ်ဆင့် ပျို့၊ ရတု၊ ကဗျာအလင်္ကာများ ဆည်းပူးလေ့လာမှတ်သားခဲ့ရပြီး စာပေပါရမီမျိုးစေ့ ရခဲ့လေသည်။


ထိုမှ မိုးထိအလယ်တန်းကျောင်းတွင် ပညာဆက်လက်ဆည်းပူးနေရာမှ စစ်ပြီးခေတ်တွင် ပြည်သူ့ရဲဘော်ဆိုရှယ်လစ်ပါတီ၊ ဖဆပလအဖွဲ့ဝင် စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ခဲ့လေသည်။ ထိုစဉ်က ဆရာကြီး၏အသက်မှာ ၁၆ နှစ်၊ ၁၇ နှစ်အရွယ်မျှသာ ရှိသေးသည်။ ၁၉၄၉ ခုနှစ်တွင်မူ ပြည်သူ့ရဲဘော်တို့၏ ဖမ်းဆီးခြင်းခံရပြီးနောက် သရက်ထောင်၊ မကွေးထောင်၊ တောင်တွင်းထောင်၊ ပြည်ထောင်တို့တွင် အကျဉ်းချခံရပြီး သရက်ထောင်သို့ ပြန်လည်ရောက်ရှိသည့်ကာလ၌ ထောင်ဖောက်ထွက်ပြေးလွတ်မြောက်ခဲ့သည်။ နောက်ပိုင်းတွင် စစ်ပြီးခေတ်က ရပ်နားခဲ့ရသည့် အတန်းပညာကို ဆက်လက်ဆည်းပူးခဲ့ရာ ၁၉၅၃ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့သည်။ ထို့နောက် မိုးထိအထက်တန်းကျောင်း၌ အလယ်တန်းပြဆရာအဖြစ် အမှုထမ်းခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် အလုပ်မှနုတ်ထွက်ကာ မကွေးကောလိပ်၌ ဥပစာဝိဇ္ဇာတန်းကို စတင်တက်ရောက်သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်တက်ရောက်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် မြန်မာဘာသာစကားနှင့် အနုစာပေ၊ အင်္ဂလိပ်ဘာသာစကားနှင့် အနုစာပေ၊ ဒဿနိကဗေဒဘာသာတွဲဖြင့် ဝိဇ္ဇာတန်း အောင်မြင်သည်။

၁၉၆၁ ခုနှစ် ဘီအီးဒီတက်ရောက်နေစဉ် မြန်မာစာ မဟာဝိဇ္ဇာအရည်ချင်းစစ်သင်တန်းတက်ရောက်ခွင့်ကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ နည်းပြဖြစ်လာခဲ့ပြီး ထိုမှ မော်လမြိုင်ဒီဂရီကောလိပ်၊ ပြင်ဦးလွင်စစ်တက္ကသိုလ်တို့၌ အဆင့်ဆင့်ပြောင်းရွှေ့အမှုထမ်းခဲ့ကာ ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်ရောက်ရှိပြီး မဟာဝိဇ္ဇာတန်းကို ဆက်လက်တက်ရောက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် **ဝတ္ထုတိုလေ့လာချက်စာတမ်း** ပြုစုတင်ပြပြီး မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

**စာဆိုတော်မဂ္ဂဇင်းထုတ်ဝေခဲ့**

၁၉၅၉ ခုနှစ် မေလထုတ် မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခံရသည့် “သရက်ထောင်ဖောက်ခဲ့စဉ်က” ဆောင်းပါးသည် ဆရာကြီး၏ပထမဆုံးလက်ရာဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် စာဆိုတော်ဟူသော မဂ္ဂဇင်းထုတ်ဝေခဲ့ပြီး အဆိုပါမဂ္ဂဇင်း၏ စာပေညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ၁၉၆၃ ခုနှစ်တွင် ကံ့ကော်မြိုင်စာတမ်းများစာစု၌ စာတမ်းသုံးပုဒ်ရေးသားခဲ့ရာ နှစ်ပုဒ်ကို ထိုစဉ်က အထက်တန်း၊ အလယ်တန်း မြန်မာစကားပြေလက်ရွေးစင်တွင် ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်းခံရသည်။

စာမျက်နှာ ၉ သို့ ✣




**ဆရာကြီး၏ ဘဝသက်တမ်းတစ်လျှောက် ရေးသားပြုစုခဲ့သည့်စာအုပ်စာပေများကို ခြေရာကောက်ကြည့်လျှင်လည်း ဆင်ခြင်တုံတရားကို စေ့ဆော်သည့် စေတနာများကို တွေ့ရတတ်သည်။ စာဖတ်သူတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ရေး၊ နှလုံးလှတရား တိုးပွားရေးအတွက် ဘဝအသိနှင့်ယှဉ်တွဲသည့် အသိပေးစကားများကို မြင်ရတတ်သည်။ လူငယ်တို့၏နှလုံးသားတွင် အသိနှင့် သတိမပြတ်ကပ်ငြိကာ လောကဓံကို အန်တုရင်ဆိုင်ကြံ့ကြံ့ခံလျက် မိမိကိုယ်ကို သာမက မိမိပတ်ဝန်းကျင်အတွက် တန်ဖိုးရှိသောမျိုးဆက်များအဖြစ် တွန်းအားပေး မြှင့်တင်သည့်လမ်းညွှန်မှုများကို တွေ့ရတတ်သည်။ ထိုသို့ နိုင်ငံနှင့်လူမျိုးတို့ အတွက် ကာယသတ္တိနှင့် စိတ္တသတ္တိကို ထွန်းညှိခဲ့သော စေတနာလက်ရာများ ကြောင့်ပင် အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့ခြင်းဟုယူဆမိ**

✣ စာမျက်နှာ ၁၆ မှ

၁၉၆၆ ခုနှစ်ဝန်းကျင်တွင် "စိတ်ပင်လယ်စာတမ်းများ"အတွက် စာတမ်းငယ်နှစ်ပုဒ်ရေးသားခဲ့ပြီးနောက်ပိုင်း မည်သည့်စာပေလက်ရာများမှ မရေးသားဖြစ်တော့ဘဲရှိရာ ၁၉၇၁ ခုနှစ်တွင် ရှုမဝ မဂ္ဂဇင်း၌ "မြန်မာဘာသာစကားနှင့် ကာရန်မဲ့ကဗျာ" ဟူသော စာပေဝေဖန်ရေးဆောင်းပါးကို ပြန်လည်ရေးသားဖြစ်ခဲ့သည်။ ထို့နောက် စာပေဝေဖန်ရေးဆောင်းပါးများ ဆက်တိုက်ရေးသားခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် စာပေရေးရာဆောင်းပါးအမည်ရှိ စာပေဆောင်းပါးစာစုကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

**စာရိတ္တမာနစာအုပ်**

၁၉၇၈ ခုနှစ် ဧပြီလတွင် နိုင်ငံရေးလှုပ်ရှားမှု၌ ပါဝင်သည်ဟု ယူဆခဲ့ပြီး အလုပ်မှထုတ်ပယ်ခြင်း ခံရကြောင်း စာရိတ္တမာနစာအုပ်ပါ ဆရာကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းတွင် မှတ်သားခဲ့ရဖူးသည်။ ၁၉၈၃ ခုနှစ် နိုဝင်ဘာလထုတ် သဘင်မဂ္ဂဇင်းအမှတ် (၁) မှစတင်ကာ အကြိုက်ဆုံးဝတ္ထုတိုကဏ္ဍကို လစဉ်ရေးသားခဲ့သည်။ ၁၉၇၉ ခုနှစ်နောက်ပိုင်းတွင် အလွတ်တန်းနည်းပြသင်တန်းများ၌ မြန်မာစာ သင်ကြားပေးခြင်း၊ စာပေရေးသားခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ထို့နောက် စာပေဟောပြောခြင်း၊ ရေးသူဖတ်သူဆွေးနွေးခြင်း၊ စာပေဝေဖန်ရေးဆောင်းပါးများ ရေးသားခြင်း၊ လူငယ်များအတွက် စာဖတ်အသင်းယဉ်ကျေးမှု ထွန်းကားဖွံ့ဖြိုးရေးအတွက် ရေးသားဟောပြောခြင်း၊ ပညာရေးဆိုင်ရာ၊ ကျင့်ဝတ်ဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ သုတ ရသစာပေများ ရေးသားခြင်းနှင့် လူငယ်များ၏ပစ္စုပ္ပန်နှင့် အနာဂတ်ဘဝများ




ကိုယ်ရည်ကိုယ်သွေး တောက်ပြောင်စေရေးအတွက် ရေးသားဟောပြောခြင်းဖြင့် စာပေအနုပညာ၌ ဘဝကိုမြှုပ်နှံကာ အချိန်ပြည့်စာရေးဆရာအဖြစ် ရှင်သန်ခဲ့သည်။ ဆရာကြီးသည် လူမှုရေးကိစ္စများကိုလည်း ဆောင်ရွက်ရန် ဆန္ဒထက်သန်သူဖြစ်ရာ ရန်ကုန်နာရေးကူညီမှုအသင်းတွင် ဦးဆောင်ဦးရွက်ပါဝင်ခဲ့ပေသည်။

ဆရာကြီးရေးသားပြုစုခဲ့သည့် စာပေလက်ရာများအနက် ထင်ရှားသည့်စာအုပ်အချို့မှာ "စာပေရေးရာဆောင်းပါးများ၊ ဝတ္ထုရေးရာဆောင်းပါးများ၊ အမွေ၊ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့၊ တစ်ခါတုန်းကတပည့်တွေ၊ အကြိုက်ဆုံးဝတ္ထုတိုများနှင့် သုံးသပ်ချက်များ၊ ကိုယ်ကျင့်နှင့်ပညာ၊ အောင်သင်း၏အတွေးစကားများ၊ ပေးသူနှင့်ယူသူ၊ မျိုးဆက်သစ်အတွက် ပိဋကတ်မိတ်ဆက်၊ မျိုးဆက်သစ်အတွက် ဂန္ထဝင်မိတ်ဆက်၊ လှလိုက်တာနော်နှင့် ရသစာတမ်းငယ်များ၊ လက်ခံလိုက်စမ်းပါ တကယ့်အနုပညာ......စသည်တို့ဖြစ်သည်။

**မြန်မာစာပေလောကအကျိုး မြန်မာလူထုအကျိုး**

မြန်မာစာပေလောကအကျိုး မြန်မာလူထုအကျိုးအတွက် စာအုပ်စာပေများစွာ ရေးသားပြုစုခဲ့သူ အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီးဦးအောင်သင်းသည် နှလုံးရောဂါကြောင့် ရွှေဗဟိုဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူခဲ့ပြီးနောက် နေအိမ်၌ အနားယူလျက်ရှိစဉ် ၂၅-၁၀-၂၀၁၄ ရက်နေ့ အသက် (၈၈) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ရှာသည်။

ဆရာကြီးဦးအောင်သင်း အသက် (၈၆) နှစ်အရွယ်က ဆရာကြီး၏ဇာတိ ဒေသခံတပည့်မိတ်ဆွေတို့က ကမကထပြုကာ "**တောင်တွင်း၏အောင်သင်း ကဗျာဆောင်းပါးစာစု**" စာအုပ်ကို ပြုစုထုတ်ဝေခဲ့ကြဖူးသည်။ အဆိုပါစာအုပ်တွင် ဆရာကြီးမောင်သင်းခိုင်က-

"ပေလေးပင် ရှင်လေးပါးဟာ
တောင်တွင်းရဲ့နှလုံးသားတွေ ဖြစ်ပါတယ်၊
ဦးကြော့ရဲ့ ပန်းပိတောက်မင်း
တောင်တွင်းကစပြီး တစ်နိုင်ငံလုံးသင်းမြပါတယ်။
ကျောက်ကွင်းအရေးတော်ပုံ
တစ်နိုင်ငံလုံးသိမ့်သိမ့်တုန်
ဗုဒ္ဓရဲ့အဟုန် အခင်းအကျင်း
တောင်တွင်းနတ်မီ ဆရာတော်က
အလင်းအလျှုပေးခဲ့တယ်။
တောင်တွင်းသားတွေဟာ
အမှောင်ခွင်းသမားတွေ ဖြစ်ခဲ့တယ်။
အမှောင်ခွင်းခဲ့တဲ့ တောင်တွင်းသားတွေထဲမှာ
ကျွန်တော်ချစ်ခင်လေးစားခဲ့ရတဲ့
ဆရာအောင်သင်း ရှေ့တန်းက ပါပါတယ် " ဟု

ဂုဏ်ပြုရေးဖွဲ့ခဲ့ဖူးသည်။

မြန်မာစာပေလောကအကျိုးကို နိုင်ရာအခန်းမှ ထမ်းပိုးခဲ့သူ၊ မျိုးဆက်သစ်လူငယ်များအတွက် ဦးနှောက်နှင့် နှလုံးသားအလင်း ထွန်းညှိခဲ့သူ ဆရာကြီးဦးအောင်သင်းကား ကွယ်လွန်သွားခဲ့ချေပြီ။ သို့တိုင် ဆရာကြီး၏စာပေလက်ရာများမှာမူ (ဆရာကြီး မောင်သင်းခိုင် ညွှန်းဆိုခဲ့သလို) အမှောင်ခွင်းသမားတာဝန်ကို ဆက်လက်ထမ်းရွက်နေဆဲပင်ဖြစ်ပါကြောင်း . . .။ ။

**ကိုးကား-**

၁။ တောင်တွင်း၏အောင်သင်း ကဗျာဆောင်းပါးစာစု
၂။ ဝတ္ထုရေးရာဆောင်းပါးများ (အောင်သင်း)
၃။ စာရိတ္တမာန (အောင်သင်း)
၄။ ပေးသူနှင့်ယူသူ (အောင်သင်း)
၅။ ပွဲဦးထွက်စာပေဆောင်းပါးများ (အောင်သင်း)
၆။ ကိုယ်ကျင့်နဲ့ပညာ (အောင်သင်း)
၇။ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ (အောင်သင်း)
၈။ စာပေလူကြမ်းမင်းသား အောင်သင်း (ဆရာဝင်းငြိမ်း)
၉။ ကိုယ်တွေ့စာစီစာကုံး (အောင်သင်း)

## စားအုန်းဆီများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချမှု အစီအစဉ်ဆက်လက်ဆောင်ရွက် စားအုန်းဆီပိဿာ ၂၆၅၃၂၀၀၊ တန်ချိန် ၄၃၃၆ တန် ရောင်းချခဲ့ပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွက် စားအုန်းဆီပိဿာ ၂၆၅၃၂၀၀၊ တန်ချိန် ၄၃၃၆ တန် ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကား ဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် (နှစ်ရာခိုင်နှုန်း)ထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ လက်ကား ဖြန့်ဖြူးရောင်းချပေးမည့်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ်(၁၀၄/၁၀၈)ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာ ဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်း- ၀၉၄၄၄၄၃၇၂၉၅၊ ၀၉၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဖုန်း- ၀၁၂၅၀၂၇၀၊ ၀၉၄၃၆၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့နယ်၌ အသင်းသား ၈၉ ဦးအား ကျေးရွာမတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကျော် ထုတ်ချေး

**အုတ်တွင်း စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်ရည်ရွယ်၍ ခေါင်ရမ်းကျေးရွာအုပ်စု မြင်းစုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ပေးအပ်ခြင်းနှင့်ပတ်သက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုနွယ်ဝင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါပြဋ္ဌာန်းထားသော ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေကျပ် ၃၀၃ သိန်းကို အသင်းသား ၈၉ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပေးအပ်ခဲ့သည်။

အဆိုပါ ကျေးရွာမတည်ရန်ပုံငွေများကို ဒုတိယအကြိမ်အဖြစ် ကျေးရွာရှိ ပြည်သူများမှ စိုက်ပျိုးရေးလုပ်ကိုင်သူ ၂၂ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၄၄ ဦး၊ အရောင်းအဝယ် ၁၅ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ ခြောက်ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး ရှိကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

■

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း



ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အကြိုဂုဏ်ပြုဆောင်းပါး

# မပေါ့ဆသင့်သော နှလုံးရောဂါ

ပေါက်ပေါက်

ကမ္ဘာပေါ်တွင် နှစ်စဉ်လူပေါင်း ၁၇ သန်းကျော်ခန့်သည် နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများကြောင့် သေဆုံးနေကြရပြီး ၎င်းရောဂါကြောင့် လူအများကို အသက်ဆုံးစေတတ်သော အဓိက ပြဿနာလည်းဖြစ်သည်။ အသက် ၃၀ နှင့် ၇၀ အကြား သေဆုံးကြပြီး ပျမ်းမျှလူဆယ်ဦးလျှင် တစ်ဦးနှုန်း CVD (ခေါ်) နှလုံးသွေးကြောရောဂါကြောင့် သေဆုံးကြရသည်။ ၂၀၃၀ ပြည့်နှစ်တွင် ၎င်းရောဂါများကြောင့် လူပေါင်း ၂၃ သန်းခန့်အထိ အသေအပျောက်ဖြစ်နိုင်ကြောင်း ခန့်မှန်းကြသည်။ သုတေသနအသစ်တစ်ခု၏ တွေ့ရှိချက်အရ ၂၀၄၀ ပြည့်နှစ်တွင် သက်ကြီးရွယ်အိုများ၏ နှလုံးရောဂါဖြစ်နိုင်ခြေမှာ ၂ ဒသမ ၃ ဆ မြင့်တက်လာမည်ဖြစ်ပြီး ၂၀၆၀ ပြည့်နှစ်တွင် ၂ ဒသမ ၉ ဆ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ယခု ၂၀၂၁ ခုနှစ်သည် ကမ္ဘာ့နှလုံးရောဂါဆိုင်ရာအဖွဲ့ကြီး (World Heart Federation – WHF) တည်ထောင်မှု (၄၃) နှစ်မြောက်ဖြစ်သည်။ ထိုအဖွဲ့ကြီးတွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၂၀၀ ကျော်ရှိသည်။ ကမ္ဘာ့လူသားများ မိမိတို့၏ နှလုံးကို အထူးဂရုပြုထိန်းသိမ်းစောင့်ရှောက်ရန်၊ ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှု၊ သုံးစွဲမှု၊ အဝလွန်မှု စသည်တို့အပြင် ကလေးငယ်များတွင် ဖြစ်ပွားတတ်သော မွေးရာပါလေးဖက်နာရောဂါနှင့် သက်ဆိုင်သော နှလုံးရောဂါများမှ ကာကွယ်နိုင်ကြရန် ကျန်းမာသုတဆိုင်ရာ ပညာပေးမှုများစွာတို့ကိုလည်း WHF က ဆောင်ရွက်လျက်ရှိသည်။

**ကမ္ဘာ့နှလုံးကျန်းမာရေးနေ့**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO)သည် ၁၉၅၀ ပြည့်နှစ်ကတည်းကစပြီး နှစ်စဉ်စက်တင်ဘာလ ၂၉ ရက်နေ့ကို "ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (World Heart Day)" အဖြစ် အထူးတလည်သတ်မှတ်ထားသည်။ နှလုံးရောဂါသည် တစ်ကမ္ဘာလုံး၏ အဖြစ်အများဆုံး ရောဂါတစ်မျိုးဖြစ်ပြီး အသက်အရွယ်ရလာသည်နှင့်အမျှ ကြုံတွေ့လာနိုင်သည့် ရောဂါတစ်မျိုးဖြစ်သည်။ ကမ္ဘာ့နှလုံးရောဂါနေ့ ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ တစ်ကမ္ဘာလုံးမှာ နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများကြောင့် သေဆုံးမှုများလျှော့ချရန်၊ အဖြစ်များသော နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါနှင့် ၎င်းရောဂါနှစ်မျိုးကြောင့် လေဖြတ်နိုင်သော အလားအလာကိုလျှော့ချနိုင်ရန် စသည့်ကျန်းမာသုတဆိုင်ရာ အချက်အလက်များကို လူအများသိရှိလာကြပြီး အသိ၊ သတိတို့ဖြင့် သိရှိဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ယခု ၂၀၂၁ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အတွက် WHO က သတ်မှတ်ထားသော ဆောင်ပုဒ်မှာ "ကမ္ဘာတစ်ဝှမ်းလုံး၌ CVD ကို သတိရှိမှု၊ ကာကွယ်မှုနှင့် စီမံခန့်ခွဲမှုများ တိုးတက်စေရန် ဒစ်ဂျစ်တယ်ကျန်းမာရေး၏ စွမ်းအားကိုအသုံးချရန် ကွန်ယက်တို့၏ပန်းတိုင်" ဟူ၍ ဖြစ်ပါသည်။




**နှလုံးရောဂါဆိုသည်မှာ**

နှလုံးရောဂါမှာ (၁) နှလုံးသွေးကြောကျဉ်း၊ (၂) နှလုံးသွေးကြောကျယ်၊ (၃) နှလုံးကြွက်သားပုပ်၊ (၄) နှလုံးအခန်းပျက်စီး၊ (၅) နှလုံးအဆို့ရှင်ပျက်စီး၊ (၆) နှလုံးအားနည်း၊ (၇) နှလုံးရောင်၊ (၈) နှလုံးကြီး၊ (၉) နှလုံးသွေးကြောပေါက်၊ (၁၀) နှလုံးခုန်နှုန်းမူမမှန်ခြင်း စသည်ဖြင့်အမျိုးမျိုးရှိကြပြီး ထိုရောဂါများ အားလုံးကိုခြုံငုံ၍ "နှလုံးရောဂါ" ဟု ပြောလေ့ရှိသည်။ ခွဲစိတ်ကုသ၍ရသော နှလုံးရောဂါမျိုးရှိသကဲ့သို့ ခွဲစိတ်ကုသရန်မလိုအပ်ဘဲ စားဆေး၊ ထိုးဆေးများနှင့် ရေရှည်ကုသရသော နှလုံးရောဂါမျိုးလည်း ရှိသည်။ နှလုံးရောဂါက ဆီးချို၊ သွေးတိုး၊ လေငန်းရောဂါများနှင့်ပါ ဆက်စပ်မှုရှိနေသဖြင့် မပေါ့ဆဘဲ စနစ်တကျကုသမှုခံယူသင့်ပါသည်။

ထူးခြားမှုတစ်ရပ်အနေဖြင့် ဗြိတိန်နိုင်ငံ နှလုံးဖောင်ဒေးရှင်းမှ ဆေးပညာကျွမ်းကျင်ပညာရှင်များက နှလုံးရောဂါရှင်လူနာ လေးသန်းကျော်ပါဝင်သော စမ်းသပ်စစ်ဆေးမှု အကြိမ် ၃၀ ကို ပြန်လည်စစ်ဆေးခဲ့ပြီးနောက် ယခုလိုသတင်းထုတ်ပြန်ခဲ့သည်။ နှလုံးခုန်မမှန်သည့် ရောဂါရှိသူများတွင် နှလုံး၏အပေါ်ပိုင်းရှိ Atria (ခေါ်) အခန်းများမှာ ပုံမှန်မဟုတ်ဘဲ ရုံဖန်ရံခါတွင် အလွန်လျင်မြန်စွာ ကျဉ်းသွားလေ့ရှိပြီး ယင်းကဲ့သို့ ကျဉ်းသွားသည့်အချိန်တွင် နှလုံးကြွက်သားမှာ အလုပ်လုပ်နိုင်ရန် သင့်တော်သည့် အနေအထားအထိ သက်သောင့်သက်သာမရှိခြင်းကြောင့် နှလုံး၏အလုပ်လုပ်နိုင်စွမ်းကို လျော့ကျစေသည်။ နှလုံးခုန်မမှန်သည့် အမျိုးသမီးများမှာ အသက်သေစေနိုင်သည့် နှလုံးရောဂါဖြစ်ပွားမှုနှင့် သတိလစ်မေ့မြောမှုဖြစ်ပွားနိုင်ခြေ နှစ်ဆပိုများကြောင်း၊ ထို့ပြင်အမျိုးသမီးများမှာ နှလုံးခုန်နှုန်းမူမမှန်မှုအတွက် သောက်သုံးရသည့်ဆေးကို တုံ့ပြန်နိုင်စွမ်းနည်းပါးပြီး အမျိုးသားများထက် ကုသရန် အချိန်ပိုကြာကြောင်း၊ ထို့ကြောင့် နှလုံးခုန်နှုန်း မူမမှန်ဖြစ်နေသောအမျိုးသမီးများသည် သေစေလောက်သော နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ကိုပါ ကြုံတွေ့နိုင်ခြေသည် အမျိုးသားများထက် နှစ်ဆခန့်ပိုများကြောင်း သုတေသီများက ဆိုထားသည်။

ဗဟုသုတတစ်ရပ်အနေဖြင့် တင်ပြရပါလျှင် ဆေးပညာများ တိုးတက်ခေတ်မီလာသည့်အလျောက် သွေးအမျိုးအစားအလိုက် နှလုံးရောဂါဖြစ်နိုင်ခြေကို ဖော်ထုတ်ကြည့်ရာ AB အုပ်စု သွေးအမျိုးအစားရှိသူများတွင် နှလုံးရောဂါဖြစ်နိုင်ခြေအလားအလာ ၂၃ ရာခိုင်နှုန်းပိုများပြီး B သွေးပိုင်ရှင်များက ၁၁ ရာခိုင်နှုန်း၊ A သွေးပိုင်ရှင်များက ငါးရာခိုင်နှုန်းရှိကြောင်း သုတေသီများ၏မှတ်တမ်းများက ဖော်ပြသည်။

**နှလုံးရောဂါလက္ခဏာများ**

ဝဲဘက်လက်မောင်း မကြာခဏနာကျင် ကိုက်ခဲခြင်း၊ မေးရိုးတစ်လျှောက်နာကျင်ခြင်း (တစ်ချက်တစ်ချက် မေးရိုးအလွန်နာခြင်းကြောင့် အိပ်မောကျနေရာမှ ရုတ်တရက်လန့်နိုးခြင်း)၊ ဝဲဘက်ရင်အုံအောက်တည့်တည့်တွင် သက်သောင့်သက်သာမရှိဘဲ အလိုလိုတင်းကျပ်ပြည့်ဆို့နေသလို ခံစားရခြင်း၊ အဆုတ်ထဲတွင် အရည်များစုပုံလာခြင်းကြောင့် မကြာခဏချောင်းဆိုးခြင်း သို့မဟုတ် တရှုံရှုံမြည်၍ အသက်ရှူပြင်းခြင်း၊ နေ့စဉ်ရက်ဆက် မဆိုသလောက် ခေါင်းကိုက်၊ မူးဝေနေခြင်း၊ ဇောချွေးပြန်ခြင်း၊ မကြာခဏဆိုသလို မောပန်းနွမ်းနယ်တတ်ပြီး ရံဖန်ရံခါ တစ်ရက်ခန့်၊ ရံဖန်ရံခါ တစ်ပတ်တိတိ နေ့စဉ်ရက်ဆက် မောပန်းနွမ်းနယ်လေ့ရှိခြင်း၊ မအီမလည် အော်ဂလီဆန်သလို ခံစားရတတ်ပြီး အစားအသောက်ပျက်လာခြင်း၊ စဦးပိုင်းမှာ ဘယ်ဘက်ရင်ခေါင်းအောင့်တတ်ပြီး တဖြည်းဖြည်းနှင့် ပခုံး၊ လက်မောင်း၊ တံတောင်ဆစ်၊ နောက်ကျော၊ လည်ပင်း၊ မေးရိုးစသည့် ဝဲဘက်တစ်ခြမ်းလုံး ဖြန့်ကြက်ကာ နာကျင်လာခြင်း၊ ရံဖန်ရံခါ ရင်ဘတ်ကလွဲ၍ ကျန်နေရာများနာတတ်ပြီး ဝေဒနာကို ပေါ်လိုက်ပျောက်လိုက် ခံစားနေရခြင်း၊ သွေးခုန်နှုန်းမမှန်တော့ခြင်း၊ လေကို တစ်ဝကြီးရှူရှိုက်၍ မရခြင်း သို့မဟုတ် ခက်ခဲလာခြင်း၊ အမောဖောက်ပြီး ခြေဖဝါး၊ လက်ကောက်ဝတ်၊ ခြေထောက်၊ ရင်ဘတ်နှင့် ခေါင်းဦးရေပြားများပါမကျန် ချွေးစေးထွက်လာခြင်း၊ ရံဖန်ရံခါ စက္ကူပါးတစ်ရွက်ကိုပင် မဆုပ်ကိုင်နိုင်လောက်အောင် အားနည်းသလို ခံစားရခြင်း၊ ခေတ္တလမ်းလျှောက်ပြီး မောပန်းသလို ခံစားရခြင်း သို့မဟုတ် ပြတ်တောင်းပြတ်တောင်း အသက်ရှူရခြင်း စသည်တို့ဖြစ်သည်။

**ကာကွယ်နည်းများ**

မွေးရာပါ နှလုံးရောဂါကို မဆိုလိုသော်လည်း၊ မိမိအပြုအမူအနေအထိုင် နည်းလမ်းမမှန်ကန်မှုများကြောင့် နှလုံးရောဂါကို ဖိတ်ခေါ်နေခြင်း မဖြစ်သင့်ပေ။ အောက်ပါနည်းလမ်းများကို လိုက်နာကျင့်ကြံရင်း တစ်ဖက်တစ်လမ်းမှနေ၍ နှလုံးရောဂါဖြစ်မလာအောင် ကြိုတင်ကာကွယ်ထားနိုင် သည်။

**ဆေးလိပ်ဖြတ်ပါ**

ဆေးလိပ်က ကျန်းမာရေးအတွက် ဘက်ပေါင်းစုံမှ ဆိုးကျိုးပေးသည့်အပြင် ဆေးပညာစစ်တမ်းများအရ နှလုံးဝေဒနာရှင် အများစုက ဆေးလိပ်သောက်သုံးသူများ ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ဆေးလိပ်က အဆုတ်၏ လုပ်ဆောင်နိုင်စွမ်းရည်ကို နိမ့်ကျသွားစေသည့်အပြင် အရေပြားသွေးလည်ပတ်စီးဆင်းမှုကိုပါ နှေးကွေးလာစေသည်။ နှိုင်းယှဉ်ချက်များအရ၊ ဆေးလိပ်သောက်သူများသည် ဆေးလိပ် (လုံးဝ) မသောက်သူများထက် နှလုံးရောဂါဝေဒနာကို ငါးနှစ်ခန့်စော၍ ဖြစ်လာနိုင်ကြောင်း တွေ့ရသည်။

**ကိုလက်စထရောချပါ**

သွေးထဲရှိ ကိုလက်စထရောများက သွေးလွှတ်ကြောများအတွင်း အနယ်ထိုင်နေကြသဖြင့် နှလုံးသွေးကြောကျဉ်းလာကာ နှလုံးသွေးလည်ပတ်စီးဆင်းမှု နှေးကွေးလာစေသည်။ HDL (ခေါ်) ခန္ဓာကိုယ်အတွက် ကောင်းသောသွေးတွင်းအဆီ မြင့်တက်ပါက LDL (ခေါ်)ခန္ဓာကိုယ်အတွက် အသုံးမဝင်သည့် မကောင်းသော သွေးတွင်းအဆီဓာတ်ကို ကျသွားစေသည်။ ထို့ကြောင့် ကိုလက်စထရောချပေးပါ။ သွေးတစ်မီလီမီတာတွင် HDL ပမာဏ ၆၀ မီလီ ဂရမ်အထိရောက်အောင် ထိန်းညှိပေးနိုင်ပါက နှလုံးရောဂါ မဖြစ်နိုင်တော့ပေ။

**ကိုယ်အလေးချိန်ထိန်းပါ**

အဝလွန်ခြင်းက နှလုံးရောဂါဖြစ်ရန် တာစူနေပါသည်။ အဝလွန်သော ခန္ဓာကိုယ်အတွက် နှလုံးက ပိုမိုအလုပ်လုပ်ရသည့်အတွက် နှလုံးသွေးကြောရောဂါများအပြင် သွေးတိုးနှင့် ဆီးချိုရောဂါများပါ ဖြစ်စေတတ်၍ အဝမလွန်အောင် ထိန်းသိမ်းပါ။

စာမျက်နှာ ၁၉ သို့ ❑

**သုတေသနရလဒ်များအရ လူတစ်ဦးမှတစ်ဦးဆီသို့ မကူးစက်နိုင်သော နာတာရှည် နှလုံးရောဂါသည် ကိုဗစ်-၁၉ ကာလတွင် အသက်ဘေးကို ခြိမ်းခြောက်နိုင်ကြောင်း၊ ယခင်က နှလုံးလုပ်ငန်းဆောင်တာပျက်စီးမှု (Heart Failure) ရှိခဲ့ဖူးသူက ကိုဗစ်-၁၉ ရောဂါကာလအတွင်း သေဆုံးနိုင်ခြေ ၂ ဒသမ ၀၉ ဆပိုများကြောင်း၊ ယခင်က နှလုံးသွေးကြောပိတ်ဆို့မှု (Myocardial Infarct) ရှိခဲ့ဖူးသူက ကိုဗစ်-၁၉ ရောဂါကာလအတွင်း သေဆုံးနိုင်ခြေ ၁ ဒသမ ၁၁ ဆပိုများကြောင်း သတိပေးထားသည်။ ထို့ကြောင့် ဖော်ပြပါမကူးစက်တတ်သော ရောဂါရှိသူများနှင့် ၎င်းမိသားစုဝင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါမဖြစ်အောင် အထူးသတိပြု၍ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကြိုတင်ကာကွယ်ပြုမူနေထိုင်သင့်**

## ကိုဗစ်-၁၉ ရောဂါကုသရေးဆိုင်ရာ ပစ္စည်းများအား ပြည်ပမှ တင်သွင်းပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ခတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ်တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆိပ်ကမ်းများနှင့် မြဝတီနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ သုံးစီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင် (အိုးခွံ) ၅၃၀၉ ခု၊ အောက်ဆီဂျင် ထုတ်သည့်စက် ငါးခု၊ လက်အိတ် ကိုးတန်နှင့် နှာခေါင်းစည်း ရှစ်တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ် နှစ်စီးမှာ ရန်ကုန်မြို့နှင့် မုံရွာမြို့တို့သို့ တစ်စီးစီဖြစ်ပြီး အောက်ဆီဂျင်ထုတ်သည့်စက် ငါးခုမှာ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။



ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ် မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ခြောက်ခုမှ Covifor Lyophilized Powder For Injection အခု ၁၀၀၀၀၊ Esomeprazole Tablet ၄၆၉၅ ခု၊ Pantocid Tablet ၁၄၂၇၂ ခု၊ Vitamin-C Tablet ၁၀၀၃၆ ခု၊ COVID-19 Anitgen Card Test ၂၀၄၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ မျက်နှာကာ အခု ၅၀၀၊ S/P Oxygen Plant နှစ်ခု၊ နှာခေါင်းစည်း ၂၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် ငါးခု၊ Oxygen Cylinder ၅၃၀၉ ခု၊ Regulator/Flow Meter ၆၈၀ နှင့် ဆေးဝါးမျိုးစုံ ၃၁ မျိုး (၂၆၉၅၄၅ ဒသမ၂၉ ကီလိုဂရမ်)၊ နယ်စပ်(မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ ငါးခုတို့မှ အောက်ဆီဂျင်အရည် ၁၅၂၈၅ ကုဗမီတာ၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၅၀၀၀၊ Sodium Chloride Injection ၁၀၁၄၄၀ ကီလိုဂရမ်၊ Syringe ၂၀၀၉၆ ကီလိုဂရမ်၊ Infusion ၂၇၀၀၊ Zinc Sulphate Tablets ၁၉၅၀ ကီလိုဂရမ်၊ Enoxaparin Sodium Injection ၁၂၀ ကီလိုဂရမ်၊ Glucose Injection ၂၀၄၈၀ ကီလိုဂရမ်တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ စာမျက်နှာ ၁၈ မှ

**ဆီးချိုရောဂါမဖြစ်ပါစေနှင့်**

ဆီးချိုရောဂါရှိသူများသည် ဆီးချိုရောဂါမရှိသူများထက် နှလုံးရောဂါဖြစ်နိုင်ခြေ အလားအလာ သုံးဆမျှပိုသည်။ အထူးသဖြင့် ဆီးချိုရောဂါ အမှတ်-၂ က နှလုံးရောဂါ နှင့်အတူ လေဖြတ်ခြင်းကို ဖြစ်စေသည်။ ဆီးချို ပမာဏတက်မလာအောင် အချိုလျှော့စားရင်း ကိုယ်အလေးချိန်လျှော့ကျနည်း လေ့ကျင့်ခန်းများဖြင့် သက်ရှည်ကျန်းမာအောင် ဆင်ခြင်ရပါမည်။

**စိတ်ဖိစီးမှုနည်းအောင်နေပါ**


စိတ်ဖိစီးမှု များခြင်းက နှလုံးကိုထိခိုက်စေသည့်အပြင် ကိုလက်စထရော မြင့်တက်လာစေသည်။ ထို့ပြင် သွေးတိုးစေသဖြင့် အချိန်ကြာလာသည်နှင့်အမျှ အသက်တိုစေသည်။ စိတ်ဖိစီးမှုကြောင့် အရက်၊ ဆေးလိပ်ဖြင့် လွဲမှားစွာစိတ်ဖြေခြင်းမျိုး မလုပ်သင့် ပေ။ အလုပ်ထဲတွင် စိတ်ဖိစီးမှုများသူများ ခေတ္တခဏမျှ လမ်းထလျှောက်ပေးခြင်းဖြင့် စိတ်သက်သာမှု ရစေနိုင်သည်။

**ကလေးသောက် aspirin ဆေးဝါးမှီဝဲပါ**

နှလုံးသွေးကြောကျဉ်းရောဂါရှိသူများအတွက် ၈၁ ဂရမ်ပမာဏရှိသော ကလေးသောက် aspirin ဆေးကို နေ့စဉ်သောက်သုံးပေးခြင်းဖြင့် နှလုံးသွေးကြောတွင်း အနည်ကျပိတ်ဆို့ခြင်းကို မဖြစ်စေတော့ဘဲ နှလုံးရောဂါ သိသိသာသာသက်သာလာစေသည်။ သို့သော် အချို့သူများမှာ aspirin ဆေးဝါး၏ ဘေးထွက်ဆိုးကျိုးများရှိနိုင်၍ နားလည်တတ်ကျွမ်းသောဆရာဝန်နှင့် တိုင်ပင်ပြီးမှ သောက်ပါ။

**သွေးမတိုးပါစေနှင့်**

လေ့လာဆန်းစစ်ချက်များအရ သွေးတိုးရောဂါ၏ သုံးရာခိုင်နှုန်းခန့်က နှလုံးရောဂါပါတွဲဖြစ်လာလေ့ရှိသည်။ သွေးမတိုး စေရန်အတွက် ဆား (အငန်) လျှော့စားပြီး အိပ်ရေးဝဝအိပ်ရန်နှင့် အမျက်ဒေါသမထွက်စေရန်လည်း အထူးလိုအပ်သည်။ သွေးပေါင်ချိန်တိုင်းခြင်းဖြင့် နှလုံးခုန်နှုန်းကိုပါ တစ်ပါတည်းသိရှိနိုင်ပြီး သွေးပေါင်ချိန်မြင့်တက်လာပါက နှလုံးခုန်နှုန်းပါ မြင့်တက်လာလေ့ရှိသည်။ ထို့ကြောင့် သင့်နှလုံးကို ကာကွယ်သည့်အနေဖြင့် သွေးပေါင်ချိန်မတက်အောင် ထိန်းသိမ်း ပါ။




**ဗီတာမင်အားဆေးမှီဝဲပါ**

ဗီတာမင် E နှင့် ဗီတာမင် B6 တို့က နှလုံးရောဂါကို သက်သာစေသလို ဖောလစ်အက်စစ်နှင့် ဗီတာမင် B12 တို့ကလည်း ဟော်မုန်းပမာဏကို ပုံမှန်ဖြစ်စေသည်။ အနည်းဆုံးရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်မျှ ငါးသေတ္တာနှင့် အဆီများသော ငါးများစားပါ။ တူနာငါး၊ ဆယ်လ်မွန်ငါး စသောအဆီများသည့် ပင်လယ်ငါးများကလည်း နှလုံးကို လွန်စွာကောင်းကျိုးပြုသည်။ သို့သော် ထိုငါးမျိုးက မြန်မာပြည်တွင် ရနိုင်ရန် ခက်ခဲသဖြင့် လိုအပ်လျှင် ငါးကြီးဆီမှီဝဲခြင်းဖြင့် အထောက်အပံ့ကောင်းဖြစ်စေပါသည်။

**အမျှင်ဓာတ်စားပေးပါ**

ပြည့်ဝဆီပါဝင်မှု နည်းပြီး အမျှင်ဓာတ်ကြွယ်ဝသည့် အသီးအနှံ၊ အစေ့အဆန်များက နှလုံးအားကောင်းစေသည်။ ထို့ပြင် စိမ်းရောင်ခြယ် ဟင်းသီးဟင်းရွက်များက နှလုံးကို ကျန်းမာလာစေသလို ဗီတာမင်စီကြွယ်ဝသော အသီးအနှံများကလည်း နှလုံးရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်သည်။ လတ်ဆတ်သောသစ်သီးများ၊ ဘယ်ရီသီးများနှင့် ကြက်သွန်နီတို့တွင် ဗီတာမင်စီ ကြွယ်ဝစွာပါရှိနေသည်။ အထူးသဖြင့် စိမ်းရောင်ခြယ် ထောပတ်သီးထဲရှိ မဂ္ဂနီဆီယမ်ဓာတ်က နှလုံးရောဂါကို လျှော့ချပေးပြီး ပိုတက်ဆီယမ်ဓာတ်က နှလုံးသွေး ဖိအားကို ပုံမှန်ဖြစ်စေသည်။ ဓာတ်တိုးဆန့်ကျင် ပစ္စည်းကြွယ်ဝသော ဘလူးဘယ်ရီသီးကလည်း ခန္ဓာကိုယ်ကို ဆိုးကျိုးဖြစ်စေသည့် ဖရီးရယ်ဒီကယ်လ်များနှင့် အဆိပ်အတောက်များကို တိုက်ထုတ်ပေးကာ နှလုံးသွေးကြောများကို အထူးကောင်းကျိုးဖြစ်စေသည်။

**လေ့ကျင့်ခန်းလုပ်ပါ**

လေ့ကျင့်ခန်းမှန်မှန် ပြုလုပ်ခြင်းက နှလုံးကြွက်သား သန်မာစေရန်နှင့် နှလုံးကြွက်သားအားကောင်းစေရန် အထောက်အကူပြုသည်။ လမ်းမြန်မြန်လျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း၊ အေရိုးဗစ်၊ ကြိုးခုန် စသည့်ပေါ့ပါးလွယ်ကူသော ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို တစ်နေ့လျှင် မိနစ် ၃၀ မျှလုပ်ပေးပါ။

**ကျန်းမာရေးနှင့် ညီညွတ်မျှတအောင်စားပါ**

ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများမှာ အဆီဓာတ်နည်းပါးပြီး ဗီတာမင်၊ သတ္တုဓာတ်နှင့် အမျှင်ဓာတ်တို့ များစွာပါဝင်သည့်အတွက် ကိုယ်အလေးချိန်၊ သွေးတွင်းအဆီနှင့် သွေးပေါင်ချိန် မတက်စေရန် ထိန်းသိမ်းပေးသည်။ ဆန်လုံးညိုကဲ့သို့ အရောင်မချွတ်ထားသော ဆန်နှင့် ဂျုံတို့မှာ အမျှင်ဓာတ် ပေါပေါများများပါရှိနေသည့်အပြင် လူကို အာဟာရပြည့်ဝစေသဖြင့် များများစားပေးသင့်သည်။ အသားများကိုလည်း အရေခွံဖယ်ပြီး အဆီနည်းသောနေရာမှ အသားကိုသာ ရွေးချယ်စားပါ။ ကျန်းမာရေးနှင့် မညီညွတ်သော တိရစ္ဆာန်အဆီများနှင့် ဆီကြော်မုန့်များကို ရှောင်ပါ။ ဖြစ်နိုင်လျှင် အော်ဂဲနစ်သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကိုသာ ရွေးချယ်ပါ။ ဖရုံစေ့၊ အစေ့အဆန်များနှင့် အခွံမာရေ သတ္တဝါများတွင် ပါဝင်သော ဇင့်ဓာတ်ကလည်း အိုမီဂါ-၃ ကဲ့သို့ပင် နှလုံးရောဂါကို ကာကွယ်ပေးနိုင်သည်။ နေရောင်ခြည် မှတစ်ဆင့်ရရှိသော ဗီတာမင်ဒီက နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။ အသား၊ ဥများနှင့် ငါးများတွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်သည့် Co-Q10 အာဟာရဓာတ်က နှလုံးသွေးကြောများ ပျက်စီးမှုကို ကာကွယ်ပေးနိုင်သည်။ ကြက်သွန်ဖြူက နှလုံးသွေးကြောစီးဆင်းမှုကို အားကောင်းစေ၍ တစ်ပြိုင်တည်းမှာပင် သွေးတိုးရောဂါနှင့် ကိုလက်စထရောကို ကျစေသဖြင့် နှလုံးကျန်းမာရေးအတွက် ကြက်သွန်ဖြူကို နေ့စဉ်စားသုံးပေးသင့်သည်။ အနက်ရောင် ချောကလက်ကလည်း နှလုံးသွေးလွှတ်ကြောနံရံ များပေါ်တွင် သွေးဖြူဥများ အနည်ကျခြင်းနှင့် နှလုံးသွေးကြောကြွပ်ဆတ်မာတင်းခြင်းများ မဖြစ်အောင် အထောက်အကူပေးနိုင်သည်။

ကိုဗစ်-၁၉ လူနာများသည် ကိုဗစ်-၁၉ မရှိသော လူနာများနှင့် နှိုင်းယှဉ်လျှင် Myocarditis သို့မဟုတ် နှလုံးကြွက်သားရောင်ရမ်းမှုဖြစ်နိုင်ခြေ ၁၆ ဆနီးပါးရှိကြောင်း၊ အသက် ၇၅ နှစ်အထက် နှင့် ၁၆ နှစ်အောက်ကလေးများတွင် နှလုံးကြွက်သားရောင်ရမ်းမှုဖြစ်နိုင်ခြေ အမြင့်ဆုံးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ကိုဗစ်-၁၉ ရောဂါ မရှိသူ တစ်သိန်းလျှင် နှလုံးကြွက်သားရောင်ရမ်းသူ ကိုးဦးသာ ဖြစ်စေနိုင်သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်သူ တစ်သိန်းလျှင် နှလုံးကြွက်သား ရောင်ရမ်းသူ ၁၅၀ အထိ ဖြစ်စေနိုင်သည်ဟု CDC မှ ထုတ်ပြန်သော MMWR အစီရင်ခံစာတစ်ခုက ဖော်ပြထားကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုသော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် နှလုံးခုန်နှုန်းမမှန်သောရောဂါမှာ အသက် ၆၅ နှစ်နှင့်အထက် အဖြစ်များနေသော်လည်း လေးဘက်နာရောဂါရှိသူ လူငယ်များလည်း နှလုံးရောဂါအဖြစ်များနေကြောင်း သိရသည်။ ဆန်းစစ်ချက်များအရ အသက် ၇၀ မှ ၈၀ နှင့်အထက် အသက်အရွယ်များတွင် နှလုံးရောဂါဖြစ်ပွားနိုင်ခြေသည် အမြင့်ဆုံးဖြစ်လာမည်ဖြစ်ပြီး အမျိုးသမီးများတွင် အများဆုံးဖြစ်ပွားနိုင်ကြောင်း တွေ့ရှိထားသည်။ သုတေသနရလဒ်များအရ လူတစ်ဦးမှတစ်ဦးဆီသို့ မကူးစက်နိုင်သော နာတာရှည်နှလုံးရောဂါသည် ကိုဗစ်-၁၉ ကာလတွင် အသက်ဘေးကို ခြိမ်းခြောက်နိုင်ကြောင်း၊ ယခင်က နှလုံးလုပ်ငန်းဆောင်တာပျက်စီးမှု (Heart Failure) ရှိခဲ့ဖူးသူက ကိုဗစ်-၁၉ ရောဂါကာလအတွင်း သေဆုံးနိုင်ခြေ ၂ ဒသမ ၀၉ ဆ ပိုများကြောင်း၊ ယခင်က နှလုံးသွေးကြောပိတ်ဆို့မှု (Myocardial Infarct) ရှိခဲ့ဖူးသူက ကိုဗစ်-၁၉ ရောဂါကာလအတွင်း သေဆုံးနိုင်ခြေ ၁ ဒသမ ၁၁ ဆ ပိုများကြောင်း သတိပေးထားသည်။ ထို့ကြောင့် ဖော်ပြပါမကူးစက်တတ်သော ရောဂါရှိသူများနှင့် ၎င်းမိသားစုဝင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မဖြစ်အောင် အထူးသတိပြု၍ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကြိုတင်ကာကွယ်ပြုမူနေထိုင်သင့်ပေသည်။ ။




## ကျောက်တံခါးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပဲခူး စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ စက်တင်ဘာ ၂၅ ရက်က ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စုအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့ချောင်းကျေးရွာအုပ်စုအတွင်းရှိ စေတနာ့ဝန်ထမ်းများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုများအားကြည့်ရှုပြီး အားပေးစကားပြောကြားကာ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

မြို့နယ် (ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၇**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ မိုး/ဇလ

## စစ်တွေမြို့နယ်အတွင်းရှိ IDPs စခန်းများမှ ပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

**စစ်တွေ စက်တင်ဘာ ၂၇**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ IDPs စခန်းများတွင် ခိုလှုံနေကြသည့် အသက် ၄၅ နှစ်နှင့်အထက် ပြည်သူများအား သဲချောင်းကျေးရွာရှိ ဘက်စုံသုံး မုန်တိုင်းဒဏ်ခံ အဆောက်အအုံနှင့် ဆေးသမားကျေးရွာအုပ်စု အုန်းတောချေ ကျေးရွာတို့၌ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။



**ကာကွယ်ဆေးထိုးနှံပေး**

သဲချောင်းကျေးရွာရှိ ဘက်စုံသုံး မုန်တိုင်းဒဏ်ခံ အဆောက်အအုံတွင် အမျိုးသားနှင့် အမျိုးသမီးများကို သီးသန့်ခွဲပြီး အမျိုးသားများကို အဆောက်အအုံ အပေါ်ထပ်နေရာတွင် လည်းကောင်း၊ အမျိုးသမီးများအား ဒုတိယထပ်နေရာတို့တွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိသည်။

အလားတူ ဆေးသမားကျေးရွာအုပ်စု အုန်းတောချေကျေးရွာတွင်လည်း IDPs စခန်းများတွင် ခိုလှုံနေကြသည့် အသက် ၄၅ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဒုတိယအကြိမ်အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

**ပူးပေါင်းကူညီဆောင်ရွက်**

ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသော သက်ကြီးရွယ်အိုများအား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး၊ IDPs စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများက လိုအပ်သောကိစ္စများကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။



ရခိုင်ပြည်နယ်အတွင်းရှိ IDPs ကယ်ဆယ်ရေးစခန်းများနှင့် တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား ပြည်ထောင်စုအစိုးရအဖွဲ့မှ သီးသန့်ခွဲဝေချထားပေးသော ကာကွယ်ဆေးအလုံးရေ ၅၀၀၀၀ ဖြင့် ဩဂုတ် ၂၉ ရက်မှစတင်၍ ပထမအကြိမ် ထိုးနှံပေးခဲ့ပြီး ယခုအခါ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## မန္တလေးတိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ဧက ၅၆၀၀၀၀ ကျော် လျာထား ယနေ့အထိ စိုက်ဧက ၄၁၀၀၀၀ ကျော်ကို စိုက်ပျိုးပြီးဖြစ်

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် မိုးစပါးစိုက်ဧက ၅၆၀၀၀၀ ကျော် လျာထားပြီး စိုက်ပျိုးဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနန္ဒထွန်းတင်က ပြောသည်။

အဆိုပါမိုးစပါးစိုက်ဧကများကို ခရိုင် ခုနစ်ခရိုင်ရှိ မြို့နယ် ၂၆ မြို့နယ်တွင် စိုက်ဧက ၅၆၆၃၉၁ ကို လျာထားစိုက်ပျိုးဆောင်ရွက်နေကြောင်း၊ ယင်းမိုးစပါးစိုက်ဧကများကို ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ စိုက်ဧက ၄၁၀၀၀၀ ကျော်ကို စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ရာခိုင်နှုန်းအနေဖြင့် ၇၃ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ပြီး စိုက်ပျိုးရန် ကျန်ရှိနေသည့် ဧကများကို ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"မိုးစပါးကို စိုက်ပျိုးတာဆိုရင် မျိုးစပါးအနေနဲ့ မျိုးငါးမျိုးကို အဓိကထား စိုက်ပါတယ်။ အများဆုံးစိုက်ပျိုးတာကတော့ မနောသုခမျိုးနဲ့ ရောမင်းမျိုးတွေကို စိုက်ပါတယ်။ ဆင်းသုခ၊ ရွှေသွယ်ရင်နဲ့ ရွှေမနော မျိုးတွေကိုလည်း စိုက်ပါတယ်။ အခြားအထွက်ကောင်းစပါးမျိုးများကိုလည်း စိုက်ကြပါတယ်။ မိုးစပါး စိုက်ချိန်က ဇွန်လကနေ စစိုက်ပါတယ်။ အောက်တိုဘာလမှာ ကွင်းပိတ်မှာပါ။ ဆက်လက်စိုက်ပျိုးသွားမှာပါ။ ယခင်နှစ်တွေက အထွက်နှုန်းအနေနဲ့ တစ်ဧကကို ၇၉ ဒသမ ၅၉ တင်း ထွက်ရှိပါတယ်။ ဒီနှစ်ကတော့ စိုက်ပျိုးနေတာတွေပဲ ရှိပါသေးတယ်။ အထွက်နှုန်းတော့ ပြောလို့မရသေးဘူး"ဟု ၎င်းက ရှင်းပြသည်။

ခရိုင် ခုနစ်ခရိုင်ရှိ မြို့နယ် ၂၆ မြို့နယ်တွင် မိုးစပါးစိုက်ပျိုးပြီးစီးသည့် ဧကများမှာ မန္တလေးခရိုင်တွင် မန္တလေးမြို့နယ် ၅၇ ဧက၊ အမရပူရ မြို့နယ် ၉၂၂၄ ဧက၊ ပုသိမ်ကြီးမြို့နယ် ၂၂၃၀၂ ဧက၊ ပြင်ဦးလွင်ခရိုင်တွင် မတ္တရာမြို့နယ် ၄၆၆၈၃ ဧက၊ စဉ့်ကူး ၂၂၀၇၃ ဧက၊ ပြင်ဦးလွင် ၇၄၇၄ ဧက၊ မိုးကုတ် ၃၄၀၃ ဧက၊ သပိတ်ကျင်း ၄၆၇၆ ဧက၊ တကောင်းတွင် ဧက ၃၂၆၀၊ ကျောက်ဆည်ခရိုင်တွင် ကျောက်ဆည်မြို့နယ်၌ ၅၂၇၉၉ ဧက၊ စဉ့်ကိုင်တွင် ၂၉၁၅၆ ဧက၊ မြစ်သားတွင် ၆၁၂၈၇ ဧက၊ တံတားဦးတွင် ၁၂၄၀၁ ဧက၊ မိတ္ထီလာခရိုင်တွင် မိတ္ထီလာမြို့နယ်၌ ၃၂၄၉ ဧက၊ မလှိုင်တွင် ၁၈၈၃ ဧက၊ သာစည်တွင် ၆၉၆၄ ဧက၊ ဝမ်းတွင်းတွင် ၂၇၁၀၉ ဧက၊ မြင်းခြံခရိုင်တွင် မြင်းခြံမြို့နယ်၌ ၂၈၆၅ ဧက၊ တောင်သာတွင် ၂၂၈၄ ဧက၊ နွားထိုးကြီးတွင် ၈၂၃၄ ဧက၊ ငါန်းဇွန်တွင် ၃၇၀၃ ဧက၊ ညောင်ဦးခရိုင်တွင် ညောင်ဦးမြို့နယ်၌ ၁၈၈၇ ဧက၊ ငါ့သရောက်တွင် ၁၀ ဧက၊ ကျောက်ပန်းတောင်းတွင် ၁၀၆၄၈ ဧက၊ ရမည်းသင်းခရိုင်တွင် ရမည်းသင်းမြို့နယ်၌ ၄၆၃၀၂ ဧက၊ ပျော်ဘွယ်တွင် ၂၆၂၇၃ ဧကတို့ဖြစ်ပြီး စုစုပေါင်းစိုက်ဧက ၄၁၆၇၀၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ခုနှစ်တွင် နွေစပါးစိုက်ပျိုးဧက ၁၁၀၀၀၀ ကျော်လျာထားပြီး ၈၃၆၆၅ ဧကစိုက်ပျိုးခဲ့ရာ အထွက်နှုန်းအနေဖြင့် ၁၀၂ ဒသမ ၀၄ ဧက ထွက်ရှိခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ စပါးစိုက်ပျိုးနိုင်သည့် ဧကစုစုပေါင်း ခြောက်သိန်းကျော်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



## နန်းယွန်းမြို့နယ်၌ နှစ်ထပ်ဘော်ဒါဆောင်ဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**နန်းယွန်း စက်တင်ဘာ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း/တံတား၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၀၃ ဒသမ ၆၃၉ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့နယ်ရှိ အထက်တန်းကျောင်းဝင်းအတွင်း လိုအပ်လျက်ရှိသည့် (၆၀x၃၀x၂၄) ပေ နှစ်ထပ် steel structure ဘော်ဒါဆောင် တစ်ဆောင်အား တည်ဆောက်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

**များစွာအကျိုးပြုမည်**

အဆိုပါဘော်ဒါဆောင် တည်ဆောက်ပေးမှုကြောင့် နန်းယွန်းမြို့သို့ ရပ်ဝေးကျေးရွာများမှ အခြေခံပညာနှင့် အထက်တန်းပညာ လာရောက်သင်ယူကြမည့် ကျောင်းသား ကျောင်းသူများ တည်းခိုနေထိုင်ရေး လက်ခံဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သဖြင့် ဒေသ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

# မည်သူမဆို တိုးတက်နိုင်၏

ပီမိုးနှင်း

လောက၌ ရှိသမျှသောသူတို့၏ အဆုံးစွန်သော ရည်ရွယ်ချက်သည် အောင်မြင်ခြင်းနှင့် ချမ်းသာခြင်းဖြစ်လေသည်။

အောင်မြင်ခြင်းကို အများအားဖြင့် ရရှိသော စီးပွားဥစ္စာ၏ပမာဏနှင့် တိုင်းတာကြလေသည်။

ချမ်းသာခြင်း၊ စိတ်၏သုခရှိခြင်းကိုကား တိုင်းတာရန် အထည်ကိုယ်ဒြပ်မရှိပေ။ သို့သော်လည်း အောင်မြင်ခြင်းအစစ်မှာ ဥစ္စာပစ္စည်းကြွယ်ဝခြင်းမဟုတ်။ သုခချမ်းသာနှင့် ကောင်းမြတ်သောရည်ရွယ်ချက်တစ်ခုခု ပေါက်ရောက်ခြင်းဖြစ်လေသည်။

စီးပွားဥစ္စာကိုသာ မက်မောရှာကြံသူတို့မှာ စီးပွားပင်ဖြစ်စေကာမူ အောင်မြင်သည်ဟု အခါခပ်သိမ်းမဆိုနိုင်ပေ။ အကြောင်းမူကား စိတ်၏ချမ်းသာခြင်းကို ဥစ္စာသည် အခါခပ်သိမ်းမပေးချေ။ သို့သော်လည်း ဥစ္စာရှိလျက် စိတ်၏ချမ်းသာခြင်းကို ရအောင်နေတတ်သူ၊ သဘောထားတတ်သူများ ရှိကြလေသည်။

ထိုလူများမှာ ဥစ္စာကိုရအောင်ရှာရာ၌ မိမိတစ်ဦးတည်းအတွက် သဘောမထား။ လောကကြီးနှင့် လူသတ္တဝါတို့၏ Evolution ခေါ် ပြောင်းလဲတိုးတက်ခြင်းစက်၏ အစိတ်အပိုင်းပမာ မိမိတို့ကိုယ်ကို သဘောထားကြလေသည်။

ထိုလူမျိုးမှာ ဥစ္စာကြောင့် တက်ကြွသူများမဟုတ်သဖြင့် စီးပွားဥစ္စာ ဆုတ်ယုတ်ပျက်ပြားသည့်အခါ သောကပူပန်ခြင်းမရှိပေ။ ဥစ္စာပစ္စည်းတိုးတက်လျှင်လည်း ကောင်းသောအလုပ်ဖြင့် ပျော်ရွှင်လျက် ကျေနပ်စွာနေနိုင်ကြလေသည်။

ကောင်းသောအလုပ်ဆိုသည်မှာ များစွာသောသူတို့အား အလုပ်ရစေသော ကိုယ်ပိုင်အလုပ်ကြီးများပင်ဖြစ်လေသည်။ ထောင်သောင်းမကအလှူကြီးပေးခြင်း၌ ထမင်းတစ်နပ်ဖြစ်စေ၊ တစ်နေ့ဖြစ်စေ စားကြသောက်ကြ၊ ပျော်ရွှင်ကြပြီး အချည်းနှီးကုန်ကျ၏။

ထောင်သောင်းမကသောငွေနှင့် အလုပ်ကြီးတစ်ခုခုကို စည်းစနစ်ကျကျ လုပ်ကိုင်တည်ထောင်သူမှာ အမြဲတိုးတက်များပြားသောပါးစပ်တို့ကို အစာကျွေးနိုင်ရုံမက ထိုလူများ၏ ကံ၊ ဉာဏ်၊ ဝီရိယ တိုးတက်အောင် အမြဲကူညီအားပေး၍နေရာသို့ ရောက်လေသည်။

ထိုလူများမှာ ကြွယ်ဝခြင်းကြောင့် စိတ်မဆင်းရဲ၊ ကြွယ်ဝခြင်း၏ ထူးမြတ်သောအကျိုးစီးပွားကို ခံစားကာ မိမိတို့၏အလုပ်ကောင်းကို မြင်ရတိုင်း နှစ်သိမ့်ချမ်းမြေ့ခြင်းဖြစ်ကြလေသည်။

ကျွန်ုပ်တို့လူမျိုးမှာ စီးပွားဥစ္စာဖြစ်သည့်အခါ ပျော်မည်ပါးမည်၊ လှူမည်ဟူသော ရည်ရွယ်ချက်နှစ်ခုသာရှိသဖြင့် အတိုးအပွားမရှိ ဆုတ်ယုတ်သည်သာများလေသည်။

လှူဒါန်းခြင်းသည် ကောင်း၏။ သို့သော်လည်း အမြဲလှူ၍ နေနိုင်မည်မဟုတ်ပေ။ “သစ်တစ်ပင်ကောင်းက ငှက်တစ်သောင်းနားရသည်” ဟူသော စကားကဲ့သို့ အလုပ်ကို ကြီးသည်ထက်ကြီးအောင် လုပ်ကာ လုပ်သားတို့အား အလုပ်ကောင်း သလောက် ချီးမြှောက်ချေက အလုပ်ပိုမို၍ ကြီးသလောက် ပါးစပ်တွေမြောက်မြားစွာကို ဝလင်အောင် အမြဲမသေမချင်းသာမက သေပြီးသည့်နောက်၌ အလုပ်တည်တံ့သလောက် ကျွေးနိုင်လေသည်။

ထိုကြီးမြတ်သော ရည်ရွယ်ချက်ကို အမြဲထားကာ ကြီးပွားအောင် ကြိုးစားသူတို့မှာ ကံဆိုးကြမ္မာဝင်ခွင့်မရ။ အမှန်ကြီးပွားရမည်သာတည်း။ အကြောင်းမူကား ကောင်းမြတ်သောရည်ရွယ်ချက်သည် ကောင်းမြတ်သောအကျိုးကို ပေးစွမ်းနိုင်သော တန်ခိုးသတ္တိနှင့် ပြည့်စုံလေသည်။

**ကိုယ်ပိုင်အလုပ်ဖြင့် ကြီးပွားအောင် ကြံစည်အားထုတ်သော လခစားစာရေးသည် မိမိကိုယ်ပိုင် ကြီးပွားရေးအတွက် လုပ်ကိုင်ကြံစည်ရာ၌ ထိုကဲ့သို့လုပ်ကိုင်ကြံစည်ခြင်းသည် လခစားအလုပ်လောက်မျှ ဝန်လေးမည်မဟုတ်ပေ။ သို့ဖြစ်လေရာ အလုပ်ကို အဟုတ်တကယ်လုပ်ချင်သူမှန်က အလုပ်ရမည်။ တကယ်တိုးတက်ချင်သူမှန်က တိုးတက်ရမည်ဟု မုချပုံသေမှတ်ကြစေသတည်း။ မကြီးပွားသောသူမှန်က တကယ်ကြီးပွားလိုသောစိတ် မရှိသောကြောင့်သာလျှင်တည်း**

လူ ၁၀၀၊ လူ ၁၀၀၀ ကို ထမင်းတစ်နပ်ကျွေးခြင်းထက် လူ ၁၀ ယောက်ကို အမြဲအလုပ်ပေးခြင်းက ပိုမို၍မြတ်လေသည်။

ထိုမွန်မြတ်သော ရည်ရွယ်ချက်ကိုထားကာ ဒူးနှံ့နေရုံနှင့်လည်း ကြီးပွားအောင်မြင်မည်မဟုတ်ပေ။ အလုပ်ကိုကောင်းအောင်လုပ်ဖို့လည်း လိုလေသည်။ အဘယ်ပုံကောင်းအောင် လုပ်ပါ့မလဲဆရာ။ အလုပ်ကောင်းအောင်လုပ်ဖို့ ထားလိုက်ပါဦး။ အလုပ်ကိုရဖို့ပင် ခက်၍နေပါသည်ဟု ပြောစရာရှိလေသည်။

ဤစကားသည် မဟုတ်သောစကားဖြစ်လေသည်။ ယခုခေတ်သည် မင်းတုစိုးယောင်ခေတ်ဖြစ်ရာ မင်းတုစိုးယောင်တွေကို တုပလျက် မော့ကာကြည့်၍ လေထဲတွင် အလုပ်ကိုရှာကြလျက် တကယ့်အလုပ်တွေကို ခလုတ်တိုက်၍နေကြလေသည်။

သို့ဖြစ်လေရာ လေထဲ၌ စိတ်ကိုမထားဘဲ မြေကို ငုံ့၍ကြည့်ကာ အလုပ်ကိုရှာချေက အလုပ်ကိုရနိုင်လေသည်။

ဤလောကကြီး၌ တလှုပ်လှုပ်တရွရွ အလုပ်ကို လုပ်၍နေကြလေရာ အလုပ်လုပ်သူတွေ လွန်စွာများလေသည်။ ထိုများလှစွာ အလုပ်လုပ်သူတို့ကို နေရာတိုင်းမှာ တွေ့နိုင်လေရာ မိမိ၏စိတ်ကို မြှင့်၍မထားဘဲ အဘယ်အလုပ်ကား ငါနှင့်တော်မည်။ ငါအဘယ်လိုလူစားဖြစ်သည်ကိုကြည့်ကာ မိမိနှင့်တော်သောအလုပ်ကို ရှာလျှင်ရနိုင်လေသည်။

အများအားဖြင့်ကား မိမိနှင့်မတန်မရာသော အလုပ်ကို ရှာကြသောကြောင့် အလုပ်မရဘဲ နေကြရလေသည်။ အဟုတ်တကယ်ကြီးပွားလိုသော ယောကျ်ားပျိုသည် မိမိ၏ကိုယ်ကို လှည့်စားခြင်းမပြုဘဲ၊ မိမိကိုယ်ကို လွန်စွာအထင်မကြီးဘဲ ရိုးသားသောစိတ်နှင့် အလုပ်ကိုရှာလျှင် မိမိနှင့်တော်သော အလုပ်ကို ဧကန်တွေ့ရမည်သာတည်း။ တွေ့သည့်အခါ အလုပ်ကိုလျှောက်တောင်း၍ နေဖို့မလို၊ ဝင်၍လုပ်ဖို့သာလိုလေသည်။

သူငယ်တစ်ယောက် ကျွန်ုပ်ထံသို့ ရောက်လာ၏။ ၎င်း၏ဆွေမျိုးတစ်ယောက်ထံမှ စာပါ၍လာ၏။ ၎င်း၏ရုပ်ရည်မှာ ဆိတ်ခေါင်းနှင့် မျောက်ကိုယ်ပမာ အသားညိုညို၊ နှုတ်ခမ်းတွဲတွဲ၊ တင်ကျီး၏ လည်ပင်းမျိုးရှိလေသည်။ ဘာအလုပ်ကို မောင်လုပ်ချင်သလဲဟု မေးရာ ရုပ်ရှင်မင်းသားဖြစ်ဖြစ်၊ ဇာတ်ညွှန်းရေးဆရာဖြစ်ဖြစ် ရရာလုပ်ပါမည်ဟုပြော၏။

ဇာတ်ညွှန်းရေးဖူးသလားဟု မေးသောအခါ ရေးဖူးသည်ဟု ပြောသည်။ အဘယ်ဇာတ်လဲဟု မေးသောအခါ ဇာတ်တော့ဖြစ်အောင်မရေးခဲ့ဖူးသေး။ ရေးစမ်းကြည့်ဖူးကြောင်း ပြောလေသည်။ အဘယ်နည်းဖြင့် ဘယ်လိုအလုပ်ကို ရှာကြံ၍ပေးနိုင်ပါမည်နည်း။

သူငယ်တစ်ယောက်ကို တွေ့ဖူး၏။ ၎င်းမှာ အင်္ဂလိပ်စာနာမည် ရေးတတ်ရုံမျှတတ်၏။ မုန့်ဆိုင်ကြီးတစ်ဆိုင်၌ တစ်လလျှင် လေးဆယ်အပြင် ကော်မရှင်လည်း ရသေး၏။ ဆိုင်က နံနက်စာနှင့် လက်ဖက်ရည်များကို ပေး၏။ ၎င်းသည် ထိုအလုပ်ကို လျှောက်တောင်း၍ ယူသူမဟုတ်။ အလုပ်တိုက်ရှိ စာရေးတစ်ယောက်နှင့်အသိဖွဲ့ပြီး ဆိုင်၌ လုပ်စရာရှိသမျှတွေကို အောက်ဆုံးမှစပြီး သေတ္တာမှောက်ဝင်၍လုပ်ရာမှ အလုပ်ရ၍သွားလေသည်။

ဆင်းရဲသူများနှင့် သင့်လျော်သောအလုပ်များ မြို့တိုင်းရွာတိုင်းမှာရှိ၏။ ဝင်၍လုပ်ဖို့သာလိုလေသည်။ လုပ်သောအခါ၌လည်း အဘယ်မျှလောက်သေးငယ်သောအလုပ်ပင်ဖြစ်စေကာမူ သေချာကောင်းမွန်အောင်လုပ်ဖို့သာ လိုလေသည်။ ထိုအခါ လက်စလက်နမပေါ်ဘဲ၊ မထင်ရှားဘဲ မနေနိုင်ပေ။ ထင်ရှားလျှင် ပေါ်တော့မည်။ ပေါ်လျှင် တက်တော့မည်ဟု မှတ်ရမည်။

အဘယ်မျှပင်အလုပ်မရှိဟု ဆိုစေကာမူ တစ်စုံတစ်ခုသောအလုပ်ကို တစ်ကြိမ်တစ်ခါဖြစ်စေ၊ ခဏမျှဖြစ်စေ လုပ်ရသောလမ်းအခွင့်များ ပေါ်ပေါက်နိုင်လေသည်။

သို့လမ်းအခွင့်ပေါ်သည့်အခါ အစွမ်းကုန်ကောင်းအောင်လုပ်ဖို့သာ လိုလေသည်။ သို့ကောင်းစွာလုပ်ခြင်းဖြင့် လမ်းကောင်းတစ်ခု ဖွင့်နိုင်လေသည်။

သို့အလုပ်တစ်ခုခုကို လမ်းဖွင့်၍လုပ်ရသောအခါ၌ မိမိ၏အလုပ်၌ တက်လမ်းကို အမြဲရှာကြံသောသူသည် တိုးတက်ဖို့လမ်းကိုတွေ့ရမည် ဆက်ဆက်ပေ။ ကုန်တိုက်များ၌ ထောင်သောင်းမကသော လခစား စာရေးစာချီတို့သည် ကိုယ်ပိုင်အလုပ်အကိုင်ကြီးတစ်ခုခုကို ဖြစ်မြောက်အောင် ကြံစည်လိုက နည်းလမ်းကို အမျိုးမျိုးတွေ့ရှိနိုင်လေသည်။

အများအားဖြင့်ကား ထိုနည်းလမ်းများကို ဂရုမထား၊ လခကလေးနှင့် ပျော်ပျော်ပါးပါးနေဖို့လောက်မျှသာ သတိရကြလေသည်။ ထိုလခကလေးများနှင့် ပျော်ပါးရခြင်းက တစ်ကျပ်သား၊ စိတ်ညစ်ရခြင်းက တစ်ပိဿာဆိုသည့်စကားလို ဖြစ်ကြလေသည်။

တိုးတက်ခြင်းသည် ဓမ္မတာသဘောတရားဖြစ်၏။ တိုးတက်ခြင်းအလုပ်သည် ပင်ပန်းကြီးစွာလုပ်ရသောအလုပ်မဟုတ်။ ဓမ္မတာသဘောတရားဖြစ်ရာ သတိဉာဏ်အမြင်နှင့် တိုးတက်လိုသော ဆန္ဒရှိဖို့သာလိုလေသည်။

ကိုယ်ပိုင်အလုပ်ဖြင့် ကြီးပွားအောင် ကြံစည်အားထုတ်သော လခစားစာရေးသည် မိမိကိုယ်ပိုင်ကြီးပွားရေးအတွက် လုပ်ကိုင်ကြံစည်ရာ၌ ထိုကဲ့သို့လုပ်ကိုင်ကြံစည်ခြင်းသည် လခစားအလုပ်လောက်မျှ ဝန်လေးမည်မဟုတ်ပေ။ သို့ဖြစ်လေရာ အလုပ်ကို အဟုတ်တကယ်လုပ်ချင်သူမှန်က အလုပ်ရမည်။ တကယ်တိုးတက်ချင်သူမှန်က တိုးတက်ရမည်ဟု မုချပုံသေမှတ်ကြစေသတည်း။ မကြီးပွားသောသူမှန်က တကယ်ကြီးပွားလိုသော စိတ်မရှိသောကြောင့်သာလျှင်တည်း။ ။

**ဘားမားဂျာနယ်၊ အမှတ် ၁၁၊ ဝါခေါင်လဆုတ် ၁၄ ရက်၊ ၁၂၉၈**

## သဘာဝဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်း ကွင်းသရုပ်ပြပွဲ ပြုလုပ်



**ကသာ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် လယ်နက်ကြီးကျေးရွာအုပ်စုတွင် ယမန်နေ့ နံနက် ၁၀ နာရီက အီးအမ်ဘိုကာရှီ သဘာဝဓာတ်မြေသြဇာနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်း ကွင်းသရုပ်ပြပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ်စံပြကွက်များ၊ မိုးစပါးတင်း ၁၀၀ အထက် ထွက်ရှိရေး အထူးစံပြကွက်များ၊ မိုးစပါး(စပါးအစွမ်းဖွင့်စိုက်ပျိုးရေးစနစ်) စံပြကွက်များ အောင်မြင်ဖြစ်ထွန်းနေပြီး နားယကာကျေးရွာ (ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ) ရှိ တောင်သူဦးစောအောင်၏ မိုးစပါးမျိုးစေ့ထုတ်စံပြကွက် ငါးကေတွင် အီးအမ်ဘိုကာရှီ သဘာဝဓာတ်မြေသြဇာနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်း ကွင်းသရုပ်ပြခြင်း ဆောင်ရွက်ခဲ့သည်။

ကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင်ဦးစီးမှူးဦးမြင့်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အကျိုးဆောင်တောင်သူများ၊ မျိုးစေ့ထုတ်တောင်သူများ စုစုပေါင်း ၄၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **အေးမြသက်ထား**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၈၂ ဦး တွေ့ရှိ၊ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၄၅၉၄၃၆ ဦးရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၇-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်း ဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၆-၉-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၇-၉-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇,၇၂၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၂၈၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၇.၂) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၂၆၀,၉၅၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၅၉,၄၃၆) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၈၆၆) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၃,၈၂၁)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၅၈၃)ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်(၃၆)၊ အပတ်စဉ်(၃၇)နှင့် အပတ်စဉ်(၃၈) အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇၉,၂၂၆)ခု၊ (၁၅၈,၁၄၆) ခု နှင့် (၁၃၃,၂၈၂)ခုတို့ အသီးသီး စစ်ဆေးနိုင်ခဲ့ပြီး ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၁၇,၂၉၃)ဦး၊ (၁၄,၉၉၁)ဦးနှင့် (၁၁,၇၄၉)ဦးစီ တွေ့ရှိခဲ့သဖြင့် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုမှာ လျော့နည်းလာခဲ့ပြီး ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းမှာ (၉.၇) ရာခိုင်နှုန်း၊(၉.၅) ရာခိုင်နှုန်းနှင့် (၈.၈) ရာခိုင်နှုန်းတို့ဖြစ်၍ ပျမ်းမျှရောဂါပိုး တွေ့ရှိမှုနှုန်းလည်းလျော့နည်းလာကြောင်းတွေ့ရှိရပါသည်။ ထိုသို့ ရောဂါကူးစက်မှု လျော့နည်းလာရခြင်းမှာ ကျန်းမာရေးဝန်ကြီးဌာန၏ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထု၏ အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့်ဖြစ်သဖြင့် ပြည်သူလူထုအနေဖြင့် မိမိတို့ ကဏ္ဍအလိုက် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများတွင် ယခုထက်ပိုမို ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၇-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၂၀)ခု | (၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့်ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၄)ခု | (၁၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၅၅)ခု | (၂၉)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃)ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၉)ခု | (၇)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၈၇)ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၆၇)ခု | (၁၀၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၂၇၀)ခု | (၁၁၁၈)ဦး |
| စုစုပေါင်း | (၁၇,၇၂၅)ခု | (၁,၂၈၂)ဦး |

### လွန်ခဲ့သော (၂၁) ရက်အတွင်း ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ (၅-၉-၂၀၂၁ မှ ၂၅-၉-၂၀၂၁) ရက်နေ့အထိ

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၅-၉-၂၀၂၁ မှ ၁၁-၉-၂၀၂၁) (Epi Week-36) | ၁၇၉,၂၂၆ | ၁၇,၂၉၃ | ၉.၇% |
| (၁၂-၉-၂၀၂၁ မှ ၁၈-၉-၂၀၂၁) (Epi Week-37) | ၁၅၈,၁၄၆ | ၁၄,၉၉၁ | ၉.၅% |
| (၁၉-၉-၂၀၂၁ မှ ၂၅-၉-၂၀၂၁) (Epi Week-38) | ၁၃၃,၂၈၂ | ၁၁,၇၄၉ | ၈.၈% |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ **www.mohs.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၇၅၀၉၈၃ | ၃၃၁၈၆၂၆၁ | ၇၀၆၃၁၇ |
| ၂။ | အိန္ဒိယ | ၃၃၆၇၈၇၈၆ | ၃၂၉၃၁၉၇၂ | ၄၄၇၂၂၅ |
| ၃။ | ဘရာဇီး | ၂၁၃၅၁၉၇၂ | ၂၀၃၄၀၃၇၃ | ၅၉၄၄၈၄ |
| ၄။ | ဗြိတိန် | ၇၆၆၄၂၃၀ | ၆၁၈၅၅၇၀ | ၁၃၆၁၆၈ |
| ၅။ | ရုရှား | ၇၄၄၃၁၄၉ | ၆၆၁၈၁၁၇ | ၂၀၄၆၇၉ |
| ၆။ | တူရကီ | ၇၀၃၉၅၀၀ | ၆၄၉၇၂၇၅ | ၆၃၁၆၆ |
| ၇။ | ပြင်သစ် | ၆၉၉၄၃၁၉ | ၆၇၂၃၀၃၁ | ၁၁၆၄၆၃ |
| ၈။ | အီရန် | ၅၅၄၇၉၉၀ | ၄၉၆၆၀၉၈ | ၁၁၉၆၄၉ |
| ၉။ | အာဂျင်တီးနား | ၅၂၅၀၄၀၂ | ၅၁၁၁၅၉၆ | ၁၁၄၈၆၂ |
| ၁၀။ | ကိုလံဘီယာ | ၄၉၅၁၆၇၅ | ၄၇၉၁၇၁၅ | ၁၂၆၁၄၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၀၉၄၀၃ | ၄၀၂၇၅၄၈ | ၁၄၁၅၈၅ |
| ၂။ | ဖိလစ်ပိုင် | ၂၄၉၀၈၅၈ | ၂၂၉၂၀၀၆ | ၃၇၄၀၅ |
| ၃။ | မလေးရှား | ၂၁၉၈၂၃၅ | ၁၉၈၉၅၀၉ | ၂၅၄၃၇ |
| ၄။ | ထိုင်း | ၁၅၇၁၉၂၆ | ၁၄၃၅၄၀၁ | ၁၆၃၆၉ |
| ၅။ | ဗီယက်နမ် | ၇၆၆၀၅၁ | ၅၃၈၄၅၄ | ၁၈၇၅၈ |
| ၆။ | မြန်မာ | ၄၅၉၄၃၆ | ၄၁၃၈၂၁ | ၁၇၅၈၃ |
| ၇။ | ကမ္ဘောဒီးယား | ၁၀၉၉၂၆ | ၁၀၁၁၈၅ | ၂၂၆၁ |
| ၈။ | စင်ကာပူ | ၈၇၈၉၂ | ၇၄၆၅၂ | ၇၈ |
| ၉။ | လာအို | ၂၂၄၄၁ | ၁၇၃၁၁ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၆၇၀၀ | ၄၄၄၃ | ၃၈ |

**ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ဟာ ရွှေမင်းသမီးစိတ်ဆိုးသွားပြီပေါ့" ဝိုင်း၍ လှောင်ကြပြန်သည်။ တစ်စထက်တစ်စ အမှောင်ထုပြိုကွဲလာသည်။ အလင်းရောင်ရလာသည်။ အရှေ့မိုးကောင်းကင်၌ နေဝန်းသည် စိုစိုပျို့ပျို့ ပေါ်ထွက်စ ပြုချေသည်။ တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် လှမ်းမြင်နိုင်သောအခြေသို့ ရောက်လာသည်။

ထိုအခါကျမှပင် မေမေတို့လှည်းသည် ဝေးလံစွာ ကျန်ရစ်ကြောင်း မြင်ရသည်။ ခင်ခင်ကြီးတို့လှည်းနှင့် မေမေတို့လှည်းအကြားမှာ လှည်းတပ်မကြီးတစ်ခုပမာ လှည်းတန်းရှည်ကြီး ဝင်ရောက်နေရာယူထားကြောင်း မြင်ရသည်။

"မလုံး၊ ခင်ဗျားမှာ ဈေးခေါ်လက်ဖွဲ့ ရှိပြီထင်တယ်" ကိုကိုက လှည်းတန်းရှည်ကြီးကို ကြည့်၍ပြောသည်။

"ဘာဖြစ်လို့လဲ"

"ဟာ၊ ကြည့်ပါဦး ခင်ဗျားအဆက်တွေ၊ လှည်းသားငါးရာ ကျနေတာပဲ၊ ခင်ဗျာ့အသံကြားလို့ ဝိုင်းလာလိုက်ကြတာ"

ကိုကိုစကားကို ခင်ခင်ကြီးတို့ ရယ်မိကြသည်။

ကိုကိုသည် လှည်းသမားကြီးအနီးတွင် ကပ်၍စီးသည်။ တစ်ခါတစ်ရံ လှည်းယူမောင်းသည်။ မလုံးတင်က အလယ်မှထိုင်သည်။ ခင်ခင်ကြီးနှင့် မလုံးရှင်က လှည်းအမြီးတွင် ခြေတွဲလွဲချ၍ စီးကြသည်။

ယင်းအခိုက် ခင်ခင်ကြီးတို့ဝန်းကျင်မှ လှည်းများတွင် သတင်းတစ်ရပ်ဖြစ်ပေါ်နေသည်ကို ခင်ခင်ကြီးတို့မသိ။

ကာလသားအချင်းချင်း ပြောနေကြသည်။

"အသံသာကောင်းတာမဟုတ်ဘူး။ ရုပ်ကလည်း ဘယ်ခေလို့တုန်း၊ ကြည့်ပါဦး တကယ့်ရွှေမင်းသမီးကလေးကျနေတာပဲ"

စင်စစ် မလုံးတင်သီချင်းဆိုသည်ကို ခင်ခင်ကြီးဆိုသည်ဟုပင် ယုံမှတ်နေကြသည်။ မလုံးတင်နှင့် ခင်ခင်ကြီးကို မှားယွင်းရောထွေးသွားကြသည်။ မလုံးတင်သီချင်းဆိုစဉ်က လူလုံးမကွဲသေး၍ မမြင်မတွေ့သာခဲ့။ ယခုလို မြင်သာတွေ့သာပြန်ပြီဆိုတော့လည်း မလုံးတင်ထံမှ ယင်းအသံမျိုး ထွက်လာလိမ့်မည်ဟု မည်သူမျှ ထင်မှတ်ပုံမရ။ ခင်ခင်ကြီး၏အသံဟုပင် အထင်ရောက်ကြသည်။

သို့ဖြင့် ခင်ခင်ကြီးသည် အလိုလိုနေရင်း ဇာတာစန်းလင်္ဂတက်လာသည်။ "ရွှေမင်းသမီးကလေး" ဟူသောအမည်ကို ကင်ပွန်းမတပ်ရဘဲ ရရှိလာသည်။ ကာလသားများ၏ ပါးစပ်ဖျားတွင် ယင်းအမည်သည် ရုတ်ခြည်းပွဲတင်ရိုက်သည်။ ခင်ခင်ကြီး၏အလှ၊ ခင်ခင်ကြီး၏ အသံအတွက် အုတ်အုတ်ကျက်ကျက် ဖြစ်နေလေသည်။

ခင်ခင်ကြီးတို့လှည်းကို မီအောင်လိုက်ကြသည်။ အနီးကပ်ဆုံးနေရာသို့ ရောက်ရှိရအောင် တစ်စီးနှင့်တစ်စီး ကျော်တက်ကြသည်။ ရှေ့မှာရှိသူကလည်း အတက်မခံ။ ဝရုန်းသုန်းကားဖြစ်နေကြသည်။ အချို့လှည်းပဒေါင်းချင်းချိတ်မိကြသည်။ အချို့လည်း ဝင်ရိုးကျိုးသည်။

ခင်ခင်ကြီးသည် အလိုလိုနေရင်း ဇာတာစန်းလင်္ဂတက်လာသည်။
"ရွှေမင်းသမီးကလေး" ဟူသောအမည်ကို ကင်ပွန်းမတပ်ရဘဲ ရရှိလာသည်။
ကာလသားများ၏ပါးစပ်ဖျားတွင် ယင်းအမည်သည် ရုတ်ခြည်းပွဲတင်ရိုက်သည်။
ခင်ခင်ကြီးတို့လှည်းကို မီအောင်လိုက်ကြသည်။ အနီးကပ်ဆုံးနေရာသို့ရောက်ရှိရအောင်
တစ်စီးနှင့်တစ်စီး ကျော်တက်ကြသည်။
အချို့ လှည်းပဒေါင်းချင်းချိတ်မိကြသည်။ အချို့လည်း ဝင်ရိုးကျိုး . . .

"အမေရေ မောင်တို့တော့ နေရစ်ခဲ့ရပြီဗျို့။ ဒီဘဝဒီမျှသာပဲဗျို့၊ ဘိုင့်ဘိုင်"

ဝင်ရိုးကျိုးသောလှည်းမှ လူရွယ်တစ်ယောက်က ဝမ်းပန်းတနည်း နှုတ်ဆက်ရင်း ကျန်ရစ်သည်။ ရယ်ရသေးသည်။

မိမိအား ရွှေမင်းသမီးကလေးဟု ခေါ်နေကြသည်ကို ခင်ခင်ကြီး ရုတ်တရက် မရိပ်စားမိ။ မလုံးတင်ကို ခေါ်သည်ပဲထင်သည်။ မလုံးတင်၏ အနွတ္တသညာပဲ ထင်သည်။

သို့ရာတွင် မကြာမီ မိမိ၏မျက်နှာကို တည့်တည့်ကြည့်ကာ မိမိအား ရည်ညွှန်းခေါ်ဆိုလာကြောင်း အံ့သြစွာတွေ့ရသည်။ ခင်ခင်ကြီးမှာ အံ့သြရခြင်းတစ်ဝက် ရှက်ရွံ့ရခြင်းတစ်ဝက်နှင့် မျက်နှာမထားတတ်အောင်ဖြစ်ရသည်။

မကြာမီ "ရွှေမင်းသမီးကလေး" ရောဂါသည် လှည်းနှင့်လိုက်ပါလာသူများသာမက ခြေကျင်သွားနေကြသူများထံကိုပါ ကူးစက်သွားသည်။ လူတိုင်း၏ပါးစပ်ဖျားတွင် သည်စကား။ ခင်ခင်ကြီးတို့လှည်းအနောက်မှာ လူဝိုင်းနေသည်။ ခင်ခင်ကြီးအား စေ့စေ့ကြည့်ကာ "ရွှေမင်းသမီးကလေး" ဟု ဝံ့ဝံ့စားစားခေါ်သူက ခေါ်သည်။

အချို့သော မျက်နှာပြောင်တိုက်၍ နောက်မှ လိုက်ပါလာသူများကို မလုံးရှင်က ဖိနပ်ထောင်ပြသည်။

"ဩော်၊ အဲဒီဖိနပ်အမျိုးအစားလား၊ ကိုကို ဒီတစ်ခါမန္တလေးသွားရင် ဝယ်ပေးမယ်နော်၊ ဟုတ်လား"

ကြံ့ကြံ့ဖန်ဖန် နောက်သူကနောက်၏။

ထမင်းချိုင့်ဆွဲလာသူအချို့ကတစ်မျိုး။ "ခင်ရေ ကိုယ်တို့ချိုင့်တွေတစ်ပါတည်းယူသွားပါလား။ ဟိုကျလို့ မင်းဆာရင် စားနှင့်"

ပိုင်စိုးပိုင်နင်း ဆိုတတ်ကြသည်လည်း ရှိ၏။

"ကြည့်စမ်း၊ ဒီကမလွတ်ဘဲ ဘာလို့လာရတာလဲ။ အိမ်ကျမှသိမယ်"

စောင်းမြောင်းပြောဆိုသူက မရှား။ သို့ဖြင့် ကြာလျှင် ခင်ခင်ကြီးမှာ မနေတတ် မထိုင်တတ်ဖြစ်ရသည်။ မလုံးတင်နှင့် တစ်နေရာသို့ရောက်လျှင် ကိုကို ခေါင်းထောင်လာသည်။ လမ်းဘေး အကြော်ဆိုင်တစ်ဆိုင်ကို လှမ်းကြည့်နေကြောင်း မြင်ရသည်။ ကိုကိုကြည့်သောနေရာသို့ ခင်ခင်ကြီးပါ လိုက်ကြည့်မိသည်။

"မမဝင်းရီ"

ခင်ခင်ကြီး၏နှုတ်မှ အသံလိုလို ထွက်သွားရသည်။

"ကိုကို၊ ဟိုမှာ မမဝင်းရီရယ်"

"တွေ့ပါတယ် ညီမ။ ဒီမှာ သူတို့ဆိုင်ရှိမယ်ဆိုတာလည်း ကြိုသိပြီးသားပါ"

"ဟိုနေ့က ချိန်းထားခဲ့တာပေါ့လေ"

"ဒါပေါ့"

ကိုကိုသည် မလုံးတင်တို့ရှေ့မှာမို့ ဣန္ဒြေဆောင်ရန် မျက်ရိပ်မျက်ကဲပြသည်။

"အကြော်စားကြရအောင်"

ကိုကို ကြေညာလိုက်သည်။ လှည်းကို အကြော်ဆိုင်ဘက်သို့ မောင်းစေသည်။

မဝင်းရီသည် ကိုကို့အား မြင်ရသည့်အတွက် အံ့သြဟန်မပြ။ သို့ပေမဲ့ ရွှင်လန်းဝမ်းမြောက်သော အရိပ်အသွင်ကို မျက်နှာတွင် မြင်ရသည်။ ခင်ခင်ကြီးကိုလည်း သိမှတ်မိသလို ပြုံးပြသည်။

နေရာချင်းပြောင်းထိုင်ရသည်အထိ ဖြစ်သည်။ ခေါင်းစည်းပိုးပဝါကို မျက်လုံးကလေးမျှလောက်သာဖော်ကာ စည်းရသည်။

ဖုန်ကလည်း ထူသည်။ ရုတ်တရက်ကြည့်လျှင် နှင်းကျနေသလိုပင် ထင်ရသည်။ အဆောင်းမပါကြသူများဆိုလျှင် တစ်ခေါင်းလုံး ဖုန်ဖြင့်ဖွေးဖွေးဖြူနေသည်။ မျက်တောင်မွေးများ၊ မျက်ခုံးမွေးများတွင်လည်း ဖုန်ကပ်နေသည်။ ဖြူဖွေးနေသည်။

အချင်းချင်း "မျောက်ဖြူတွေ" ဆိုကာ လှောင်ကြ စကြ ပြန်သည်။ ပင်းဘုရားသို့ သွားရာခရီးမှာ တောင်ပြုန်းပွဲ ဆန်လာသည်။ သင်္ကြန်ပွဲတစ်မျှ အလှောင်အစ၊ အထေ့အငေါ့ ထူပြောလာသည်။

ထိန်ကျောင်းရွာသို့ ရောက်လေလျှင် နေအတန်ပွင့်လာပြီ ဖြစ်သည်။ သည်တော့လည်း ဖုန်ပိုမိုထူပြောလာသည်ကို တွေ့မြင်ကြရသည်။ ဖုန်လုံးကြီးထဲတွင် နစ်နေရသည်သို့ ရှိကြသည်။

ထိန်ကျောင်းတွင် လမ်းဘေးဈေးသည်များရှိသည်။ အကြော်သည်များပင် ဖြစ်ကြသည်။ ထန်းရည်ဆိုင်များကလည်း ပေါသားပင်။

အကြော်ဆိုင်များ၊ ထန်းရည်ဆိုင်များရှိ လူသိုက်က လှမ်းခေါ်ကြသည်။

"အိမ်က လူတို့ စားကြသောက်ကြပါဦးလား" ဟူ၏။

"ညီမတို့ ဘာကြော်စားကြမလဲဟင်" စားပွဲခုံများတွင် ထိုင်မိလျှင် ခပ်တိုးတိုး မေးသည်။ "ရှိသမျှ အကြော်မျိုးစုံချ။ ဘာမဆို စားပစ်မှာပဲ" ခင်ခင်ကြီးက ပြောလိုက်သည်။

မဝင်းရီ၏ မိခင်ဖြစ်ဟန်တူသော မိန်းမကြီးတစ်ယောက် အကြော်ကြော်နေသည်။

မဝင်းရီက အကြော်အပို့အချ လုပ်သည်။ အခြား မိန်းမငယ်နှစ်ယောက်ကိုလည်း အဖော်အလှော်အဖြစ် မြင်ကြရပါသည်။

"ကိုကိုတို့များ သိပ်ပါးတာပဲနော်"

အကြော်စားရင်း ခင်ခင်ကြီးကပြောသည်။

"ဘာလဲညီမ"

"ဘာရမလဲ ကိုကိုရဲ့။ မမဝင်းရီနဲ့ ဒီမှာ တွေ့ရအောင် စီစဉ်ပုံကလေး သဘောကျမိလို့ပါ"

"အခွင့်အရေးက ဒီနေရာမျိုးမှာပဲ ရှိတတ်တာမဟုတ်လား ညီမရဲ့"

မကြာမီ မေမေတို့လှည်း မီလာသည်။ မေမေတို့ ဘွားဘွားတို့ လှည်းပေါ်မှဆင်းကာ အကြော်စားကြသည်။ ရေနွေးကြမ်းသောက်ကြသည်။ ယင်းအချိန်တွင် ကိုကိုသည် မျက်နှာပိုးသတ်နေရသည်။ မဝင်းရီနှင့် မသိကျိုးကျွန်ပြုနေရသည်။

အကြော်စားပြီးလျှင် ခရီးဆက်ရန် ပြင်ဆင်ကြသည်။ သည်တွင် ကိုကိုသည် နောက်ချန်၍ နေရစ်သည်။ မဝင်းရီအား တစ်စုံတစ်ရာပြောနေသည်ဟု ခင်ခင်ကြီး ထင်သည်။ ကိုကို့စကားကို မဝင်းရီခေါင်း ညိတ်အဖြေပေးကြောင်း မြင်ရပါသည်။

ကျန်ခရီးတစ်လျှောက်လုံးတွင် ကိုကို ပျော်နေသည်။ ရွှင်နေသည်။ တေးကလေး တညည်းညည်းနှင့်။ လေကလေး တချွန်ချွန်နှင့်။ ခင်ခင်ကြီးသည် ကိုကို့အနီးသို့ကပ်၍ စီးသည်။

"ကိုကိုက ကိုကို့အဆက်ကို ဒီနေရာမှာ ဆွေပြမျိုးပြထားတာပေါ့လေ ဟုတ်လား"

"ဘာဖြစ်လို့"

"ဘာဖြစ်ရမှာလဲ။ ဖေဖေကလွဲရင် တစ်အိမ်သားလုံးကို သူမြင်ဖူးသွားပြီ မဟုတ်လား"

"အင်း ဟုတ်တယ်နော်။ အဲဒါ မရည်ရွယ်ဘဲဖြစ်သွားရတာ။ ဒါထက် ဒီကနေ့ ကိုကို့မှာ အဝင်းနဲ့မပတ်သက်ဘဲ ဝမ်းသာရတာတစ်ခုရှိသေးတယ် ညီမ"

"ဘာလဲ ကိုကို"

"အဲဒါက ညီမနဲ့ပတ်သက်တာပေါ့။ အခါတိုင်းနှစ်တွေကလည်း ဒီပွဲကိုလာရင် ပျော်တာပါပဲ။ ဒါပေမဲ့ ဒီနှစ်လောက် မပျော်ရဘူး။ ဒီနှစ်ဟာ ညီမရဲ့နှစ်လို့ပဲ ပြောရမယ်ထင်ရဲ့။ ယောက်ျားကလေးတွေက ညီမကို ဝိုင်းအုံလိုက်နေတာပဲ။ သူတို့ပါးစပ်ဖျားမှာ ညီမအကြောင်းချည်းပဲ"

"ဒါကို ကိုကိုဝမ်းသာသလားဟင်"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၈)ဦးဖိုးလှိုင်(၆)လမ်း၊မြေကွက်အမှတ်(၃၆၄)မြေအကျယ်(၄၀×၆၀)ပေ၊(၀. ၀၅၅)ဧက၊(၂၄၀၀)စတုရန်းပေရှိ မြေချပါမစ်အမျိုးအစားမြေကွက် နှင့် ယင်းမြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးအေးကို အမည်ပေါက်မြေချပါမစ်မူရင်းနှင့်အတူ အဆက်အစပ်စာချုပ်များဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အိရွှေစင်(၁၂/သဃက(နိုင်)၁၉၂၂၀၆)မှ ၎င်းလက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံအဆိုပြုပြီး ဦးအေးကို အမည်ပေါက် မြေချပါမစ်မူရင်းနှင့်အတူ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်သီတာအေး(၁၄/မအပ(နိုင်)၀၀၂၆၉၂)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူသူများရှိပါကခိုင်မာလုံလောက်သော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါကအရောင်း အဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်ကိုကို LL.B

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၂)

ရုံး - ရုံးဖက်လမ်း၊ မြို့နယ်တရားရုံးအနီး၊ ဝေဇလမ်းဆုံ၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၄၄၄၅၀၅၆၃၈၊ ၀၉ ၇၆၆၈၅၅၄၈၄၀၊

မူးယစ်ကိုပစ်

ပန်းတိုင်သစ်

စိတ်သစ်

လူသစ်

ဘဝသစ်

**○ ယခုနှစ်ဘောလုံးရာသီမှ**

မန်ယူအသင်းဟာ ပြီးခဲ့တဲ့စနေနေ့ညပိုင်းက အက်စ်တွန်ဗီလာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ် ပင်နယ်တီလွဲခဲ့ရတာကြောင့် အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ အက်စ်တွန်ဗီလာအသင်းကို တစ်ဂိုး–ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပြီး မန်ယူအသင်းအတွက် ယခုနှစ်ဘောလုံးရာသီ ပထမဆုံးပရီမီယာလိဂ်ရှုံးပွဲလည်း ဖြစ်လာခဲ့ပါတယ်။

မန်ယူအသင်းမှာ တစ်ဦးချင်းအရည်အချင်းရှိတဲ့ ကစားသမားတွေများပေမယ့် ပရီမီယာလိဂ်ဖလားရရှိနိုင်ဖို့ လိုအပ်တဲ့အသင်းလိုက်စည်းလုံးညီညွတ်မှုမရှိဘူးလို့ ဂယ်ရီနဗီးလ်က ပြောကြားခဲ့ပါတယ်။ မန်ယူအသင်းဟာ ကာရာဘောင်ဖလားပြိုင်ပွဲမှာ ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲကနေထွက်ခဲ့ရသလို ချန်ပီယံလိဂ်အုပ်စုအဆင့် အဖွင့်ပွဲစဉ်မှာလည်း ယန်းဘွိုင်းစ်အသင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ လက်ရှိပရီမီယာလိဂ်ပွဲစဉ်(၆)အပြီးမှာ ရမှတ် ၁၃ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၄)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒါပေမယ့် မန်ယူအသင်းဟာ ပရီမီယာလိဂ်ချန်ပီယံဖြစ်မယ့် ခြေစွမ်းမျိုးမရှိဘဲ ချယ်လ်ဆီးအသင်း၊ လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ကသာ ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့ ရာနှုန်းများတယ်လို့ ဂယ်ရီနဗီးလ်က ပြောကြားခဲ့ပါတယ်။

ငွေကြယ်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)ဗိုလ်မင်းရောင်လမ်း၊မြေကွက်အမှတ်(၃၄၅)၊မြေအကျယ်(၄၁×၆၁)ပေ၊(၀. ၀၅၇)ဧက၊(၂၅၀၁)စတုရန်းပေရှိနှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးသိန်းဆွေ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မူရင်းနှင့်အတူ အဆက်အစပ်စာချုပ်များဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နိုင်သဇင်ထွန်း(၇/တငန(နိုင်)၁၀၆၄၇၂)မှ ၎င်းလက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံအဆိုပြုပြီးနှစ်(၆၀)မြေငှားဂရန်မူရင်းနှင့်အတူ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နိုင်သဇင်(၁၃/လရန(နိုင်)၁၉၀၁၅၄)မှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေး စာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူသူများရှိပါကခိုင်မာလုံလောက်သောစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်ကိုကို LL.B

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၂)

ရုံး - ရုံးဖက်လမ်း၊ မြို့နယ်တရားရုံးအနီး၊ ဝေဇလမ်းဆုံ၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၄၄၄၅၀၅၆၃၈၊ ၀၉ ၇၆၆၈၅၅၄၈၄၀၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ရာဇသင်္ကြန်လမ်း၊မြေကွက်အမှတ်(၁၁၃၈)၊မြေအကျယ်(၄၀×၆၀)ပေ၊(၀. ၀၅၅)ဧက၊(၂၄၀၀)စတုရန်းပေရှိနှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးထွန်းထွန်းဦး အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မူရင်းနှင့်အတူ အဆက်အစပ်စာချုပ်များဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်စိန်အောင် (၁၁/မဥန(နိုင်)၀၄၆၁၆၁)မှ ၎င်းလက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံအဆိုပြုပြီးနှစ်(၆၀)မြေငှားဂရန်မူရင်းနှင့်အတူ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖိုးယုနိုင်(၁၂/ဒဂရ(နိုင်) ၀၀၁၂၇၈)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူသူများရှိပါကခိုင်မာလုံလောက်သောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်ကိုကို LL.B

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၂)

ရုံး - ရုံးဖက်လမ်း၊ မြို့နယ်တရားရုံးအနီး၊ ဝေဇလမ်းဆုံ၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၄၄၄၅၀၅၆၃၈၊ ၀၉ ၇၆၆၈၅၅၄၈၄၀၊

## မြန်မာအသင်းပါဝင်သော အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (I)ပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၂၂ အာရှဖလား ယူ–၂၃ ခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စု(I)ပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းအုပ်စုကို ယခင်က တရုတ်(တိုင်ပေ)တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ပြန်လည်နုတ်ထွက်ခဲ့သဖြင့် အိမ်ရှင်နိုင်ငံအသစ် ပြန်လည်ရွေးချယ်ခဲ့ပြီး ကာဂျစ္စတန်နိုင်ငံ၌ ပြုလုပ်မည်ဖြစ်သည်။

ယင်းအုပ်စု(I)တွင် ဗီယက်နမ်၊ မြန်မာ၊ တရုတ်(တိုင်ပေ)အသင်းတို့ပါဝင်ပြီး မြန်မာအသင်းမှာမူ အုပ်စုမဲခွဲပွဲမတိုင်မီကတည်းက အိမ်ရှင်နိုင်ငံအဖြစ်လျှောက်ထားခြင်းမရှိသလို တရုတ်(တိုင်ပေ)အိမ်ရှင်အဖြစ်မှ ပြန်လည်နုတ်ထွက်ပြီးနောက်ပိုင်း ဗီယက်နမ်နိုင်ငံကလည်း ကျင်းပရန် အဆင်မပြေသဖြင့် အာရှဘောလုံးအဖွဲ့ချုပ်သည် ကြားနိုင်ငံဖြစ်သည့် ကာဂျစ္စတန်နိုင်ငံ၌ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်နိုင်ငံအပြောင်းအလဲကြောင့် အုပ်စု(I)ပွဲစဉ်များကျင်းပမည့်ကာလလည်း ပြောင်းလဲခဲ့ပြီး အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ယခင်က အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပရန် စီစဉ်ထားသော်လည်း အာရှဘောလုံးအဖွဲ့ချုပ်က အသစ်ထုတ်ပြန်လိုက်သည့် ပွဲစဉ်အရ အောက်တိုဘာ ၂၇ ရက်တွင် ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)အသင်း၊ အောက်တိုဘာ ၃၀ ရက်တွင် မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်း၊ နိုဝင်ဘာ ၂ ရက်တွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ–၂၃ အသင်းသည် ယင်းခြေစစ်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ပြီး နည်းပြချုပ်အဖြစ် ပိုပေါ့ဗ်က ကိုင်တွယ်နေသည်။

မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်ရမည့် အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (D) ပွဲစဉ်ကိုလည်း ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ မြန်မာ ယူ–၂၃ အသင်းရော အမျိုးသမီးလက်ရွေးစင်အသင်းပါ ခြေစစ်ပွဲနှစ်ခုစလုံးကို ကာဂျစ္စတန်နိုင်ငံ၌ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

**ကိုညီလေး**

## မြန်မာအမျိုးသမီးအသင်းယှဉ်ပြိုင်မည့် အာရှဖလားအမျိုးသမီးခြေစစ်ပွဲ အုပ်စု(D)ကျင်းပမည့်ကွင်း သတ်မှတ်

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၂၂အာရှဖလား အမျိုးသမီးခြေစစ်ပွဲမှ မြန်မာအမျိုးသမီးအသင်းပါဝင်နေသည့် အုပ်စု (D) ကျင်းပမည့်ကွင်းကို အာရှဘောလုံးအဖွဲ့ချုပ်က သတ်မှတ်လိုက်ပြီဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းအုပ်စုပွဲစဉ်ကို ကာဂျစ္စတန်နိုင်ငံ၌ကျင်းပရန် ဆုံးဖြတ်ခဲ့ပြီး ကာဂျစ္စတန်နိုင်ငံ ဘစ်ကက်ရှ်မြို့ရှိ ဒိုလန်အိုမူရာဇာကော့ဗ်ကွင်း၌ ပြုလုပ်သွားမည်ဖြစ်သည်။ ခြေစစ်ပွဲ အုပ်စု(D)တွင် မြန်မာ၊ ယူအေအီး၊ လက်ဘနွန်၊ ဂူအမ်အသင်းတို့ပါဝင်နေပြီး အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းအုပ်စုပွဲစဉ်များကို ယခင်က လက်ဘနွန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း အိမ်ရှင်နိုင်ငံအပြောင်းအလဲကြောင့် ကျင်းပမည့်ကာလပါ တစ်လဝန်းကျင်နောက်ဆုတ်သွားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး ခြေစစ်ပွဲယှဉ်ပြိုင်ခါနီးမှသာ အပြီးသတ်လူစာရင်း ရွေးချယ်မည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်က ကိုင်တွယ်လျက်ရှိသည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအဖြစ် အောက်တိုဘာ ၁၈ ရက်တွင် လက်ဘနွန်အသင်း၊ အောက်တိုဘာ ၂၁ ရက်တွင် ဂူအမ်အသင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ယူအေအီးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာရှဖလား အမျိုးသမီးခြေစစ်ပွဲမှ အုပ်စုပွဲစဉ်အချို့ ကျင်းပပြီးစီးသွားပြီဖြစ်ပြီး ခြေစစ်ပွဲအောင် အသင်းလေးသင်း ထွက်ပေါ်ထားပြီးဖြစ်သည်။ အုပ်စု (E) မှ တောင်ကိုရီးယားအသင်း၊ အုပ်စု(F)မှ ဖိလစ်ပိုင်အသင်း၊ အုပ်စု(G)မှ အီရန်အသင်း၊ အုပ်စု(H) မှ ထိုင်းအသင်းတို့ ခြေစစ်ပွဲအောင်မြင်ထားကာ လေးနေရာသာ ထွက်ပေါ်ရန် ကျန်ရှိတော့သည်။

**ကိုညီလေး**



## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**


ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ ကန့်သတ်စောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၄၇ ဦးနှင့် အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၈၃ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၀ ကို လည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါရန်နိုးဆော်ခြင်း







[illegible]



[illegible]

[illegible]

## ဒေါ်တင်တင်ခိုင်(ပဲခူး)
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးပါကြီး-ဒေါ်အေးမေ)တို့၏ သမီး၊ (ဦးဟန်ထွန်း)၏ ဇနီး၊ (ဦးသန်းထိုက်)-ဒေါ်ဝါဝါထွန်း၊ ဦးအောင်မျိုးထွန်း၊ ဦးဝေလင်းအောင်-ဒေါ်စန္ဒာထွန်း၊ (ဦးအောင်ကြည်)-ဒေါ်နီလာထွန်း၊ ဦးကျော်ဇင်-(ဒေါ်သန်းသန်းလှိုင်)တို့၏ မိခင်၊ မြေးလေးယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၂၆-၉-၂၀၂၂ ရက် နံနက် ၁၁:၄၀ နာရီတွင် လူကြီးရောဂါဖြင့် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂:၃၀ နာရီတွင် ကျီစုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)
**အသက်(၉၀)**

ဦးဟန်ဝင်းအောင်(ညွှန်ကြားရေးမှူးချုပ်)-ဗိုလ်ကြီးညွှန့်ညွှန့်ဝေ(ငြိမ်း)တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီး မြင့်ထွန်း(ငြိမ်း) သည် ၂၆-၉-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ဝင်း
**အသက်(၇၄)နှစ်**

ဦးသစ်လွင်နှင့် ဒေါက်တာဌေးဌေးလှိုင်(ဆေးရုံအုပ်ကြီး၊ ဟသ်ာတပြည်သူ့ဆေးရုံကြီး)တို့၏မိခင် ဒေါ်တင်ဝင်း (ဆင်လမ်းလေးကျေးရွာ၊ ဓနုဖြူမြို့နယ်)သည် ၂၅-၉-၂၀၂၂ ရက် ညနေ ၆:၅၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျန်းမာရေးမိသားစု**
**ဟသ်ာတပြည်သူ့ဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်နီလာ
**အသက်(၅၃)နှစ်**
**ကော့မှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နေ (ဗိုလ်ကြီးဝင်းဆန်း-ငြိမ်း)၏ဇနီး မောင်သာထက်စံ၊ မောင်ကောင်းစည်သူတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ခင်နီလာသည် ၁၈-၉-၂၀၂၂ (စနေနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)၊ သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာ၊ ကွင်းအမည်-ကရင်ချောင်းကွင်း၊ ကွင်းအမှတ်-၅၆၁၊ ဦးပိုင်အမှတ်-၈၊ ဧရိယာ (၉.၆၇)ဧကအနက်မှ ဧရိယာ(၃.၆၇)ဧကရှိ လယ်ယာမြေနှင့် ယင်းလယ်ယာမြေနှင့် ပတ်သက်ပြီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဦးရန်အောင်ဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းနှင့်တကွ မည်သူမဆို ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးမမစိုး**
**အထက်တန်းရှေ့နေ(စဉ်-၄၅၁၇၃)**
**အမှတ်(၁၉၀)၊ စိန်ပန်းမြိုင်လမ်း၊ ၁၃၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၆၁၈၈၈၈၀**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့နယ်၊ ပုဗ္ဗသီရိရပ်ကွက်၊ မြေကွက်အမှတ်(ပ-၃၁၄၁၉)၊ ဧရိယာ (၀.၀၅၅)ဧကရှိ မြေနှင့်ပတ်သက်၍ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၅၃၀)၊ (၂၉-၄-၂၀၂၂)ရက်စွဲဖြင့် ဒေါ်ခင်စိန်မြင့်မှ ကျွန်မ ဒေါ်ကေခိုင်စိုး သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို (၂၈-၉-၂၀၂၂) ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်ကေခိုင်စိုး**
**[၉/တကန(နိုင်)၂၀၉၃၀၄]**
**ဖုန်း-09-899108859**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ အောင်ဇေယျလမ်း၊ မြေကွက်အမှတ်(၂၈၄)၊ အကျယ်အဝန်း(၄၀'x၆၀')၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်နှင်းတင် (W/RGN 018973) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းကွေက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအားငင်းထံမှ အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူမှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၆၈)**
**အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀ ၆၈၅ ၇၁၇၊ ၀၉-၇၉၇ ၆၄၀ ၆၁၆**

## ဦးလှသန်း
**ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၃၁)**
**အသက် (၈၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်နေ (ဦးမောင်စိန်-ဒေါ်မြညွှန့်)တို့၏ သား၊ (မကျင်ရွှေ)၊ (မတင်ကြွေ)၊ (မခင်မေ)၊ (မခင်သိန်း)၊ မခင်သန်းတို့၏ မောင်၊ (စိန်ဂျွန်း ဦးထွန်းရွှေ-ဒေါ်လှကြည်)တို့၏သားသမက်၊ (ဒေါ်ခင်သန်းမြင့်)၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးမိုးကျော်သန်း-ဆရာမ ဒေါ်စမ်းစမ်းအေး၊ မှော်ဘီမြို့နယ်နေ ဦးအောင်မြင့်မြတ်-ဆရာမ ဒေါ်ယဉ်မေသန်း၊ ရပ်စောက်မြို့နယ်နေ ဦးမိုးကျင်သန်း-ဒေါ်နန်းမြတ်ဌေးအောင်၊ ဦးမိုးသူသန်း-ဒေါ်သန်းသန်းမော်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့နေ ဦးနေလင်းသန်း-ဒေါ်သီတာအေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မမြကြေးမုံ၊ မောင်အောင်ပြည့်ဖြိုး၊ မောင်စစ်သွေး-မချယ်ရီထွန်း၊ မစိုးမြတ်သီတာ၊ မောင်စိုင်းသက်လင်းတို့၏အဘိုး ဦးလှသန်းသည် ၂၅-၉-၂၀၂၂(စနေနေ့) ညနေ ၄:၂၄ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်လှ
**အသက်(၇၇)နှစ်**

အမှတ်(၇၈၀)၊ ဓမ္မရာဇာလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဦးချစ်တင်-ဒေါ်မဲ)တို့၏ သမီး၊ ဦးစံလွင်(အငြိမ်းစားညွှန်ကြားရေးမှူး၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန)၏ ဇနီး၊ ဒေါက်တာထိန်ဝင်း-(ဒေါ်မြင့်မြင့်ကြည်)တို့၏ ညီမ၊ ဦးဝင်းလွင်-ဒေါ်မာလာတို့၏ အစ်မ၊ ဦးစိုးဝင်းနိုင်- ဒေါ်နန်းမို့မို့စိုး၊ ဦးမျိုးညွှန့်အောင်-ဒေါ်မြတ်မြတ်ထွေး၊ ဦးအောင်စိုးမိုး-ဒေါ်နီနီစန်း၊ ဦးနိုင်ထွန်းလင်း-ဒေါ်မိုးသီတာလွင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၄-၉-၂၀၂၂ (သောကြာနေ့) ည ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အကယ်ဒမီ ဒါရိုက်တာ
## ဦးထွန်းအောင်ဇော်
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးစံငြိမ်းလမ်း၊ အမှတ်(၁၃)နေ (ဦးမောင်မောင်-ဒေါ်မြင့်မြင့်)တို့၏ သားကြီး၊ (ဦးကိုကိုကြည်)-ဒေါ်ခင်နွဲ့တို့၏သားသမက်၊ ဒေါ်ခိုင်ခိုင်ကြည်၏ခင်ပွန်း၊ မသိမ့်နန္ဒာထွန်း၊ မယုနန္ဒာထွန်းတို့၏ ဖခင်သည် ၂၃-၉-၂၀၂၂(ကြာသပတေးနေ့) ည ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၂၂ (သောကြာနေ့)တွင် ထိန်ပင်သုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မဉ္ဇူသကလမ်း၊ မြေကွက်အမှတ်-၁၁၆၄၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ မျက်နှာဝမြေပို ၂ ပေအပါရှိ မြေချ(ပါမစ်)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်မြေယာဌာနတွင် ဦးတင်မြင့် (AG-၃၂၂၅၅၇)အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးတင်မြင့်၏ အမွေစားအမွေခံများထံမှ ဒေါ်ဆွေဆွေမော်ကလည်းကောင်း၊ ဒေါ်ဆွေဆွေမော်ထံမှ (၃၁-၈-၂၀၂၂)ရက်စွဲပါ စာချုပ်ဖြင့် ဒေါ်သက်ထား [၁၂/လမန(နိုင်)၁၄၇၈၉၃]က ဝယ်ယူလက်ရောက်ရရှိပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြေညာပါသည့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)တို့ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ဇော်မြတ်(LL.B)** | **ဒေါ်စုသန္တာဝင်း(LL.B,LL.M)** |
| **(စဉ်-၈၅၀၉)** | **(စဉ်-၁၃၅၉၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်-၁၇၈၊ အခန်း(၅)၊ ဗိုလ်အောင်ကျော်လမ်း၊ AYA BANK အပေါ်ထပ်၊**
**ဗိုလ်တထောင်မြို့နယ်။ ဖုန်း-၀၉-၄၃၀၈၂၁၉၂၊ ၀၉-၄၃၀၃၁၁၅၀။**

## ကန့်ကွက်နိုင်ပါကြောင်း

ဖြူးမြို့၊ ဘူတာမြောက်ရပ်ကွက်နေ ဦးထက်ထက်[၇/ဖမန(နိုင်)၁၃၅၁၃၄]မှ ဘူတာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၄-က)၊ ဘူတာမြောက်ရပ်၊ ဦးပိုင်အမှတ်(၄၈-ဈ)၊ ဧရိယာ ၀ ဒသမ ၀၅၀ ဧကရှိ အရှေ့(၁၉)လမ်း၊ အနောက်-ဦးပိုင်အမှတ်(၄၈-င)၊ တောင်-ဦးပိုင်အမှတ်(၄၈-ည)၊ မြောက်-ဦးပိုင်အမှတ်(၄၈-ခ) အလားလေးရပ်အတွင်းရှိ ကိုညွှန့်မောင်၊ မခင်မြိုင်အမည်ပေါက် ဘိုးဘပိုင်ခြံမြေကွက်အား ဦးထက်ထက်အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ၁၇-၁၀-၂၀၂၂ ရက်မတိုင်မီ ဖြူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ဖြူးမြို့နယ်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ရန်ကင်း(၅)လမ်း၊ အမှတ်(၄၈)နေ ဦးမြင့်အောင်[၉/ကဆန(နိုင်)၀၁၆၁၃၅]-ဒေါ်ချိုချို[၉/ကဆန(နိုင်)၀၁၆၁၃၈]တို့၏သား မောင်ပြည့်ဖြိုးဟိန်း[၉/မထလ(နိုင်)၂၅၆၈၆၅]သည် မိဘများ၏ ဆိုဆုံးမမှုကို လုံးဝနာခံခြင်းမရှိဘဲ မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ ၂၇-၉-၂၀၂၂ ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဖခင်-ဦးမြင့်အောင်-မိခင်-ဒေါ်ချိုချို**

## ခရစ်တော်၌အိပ်ပျော်ခြင်း
# ဦးအောင်တင်သိန်း(Kevin)
**အသက်(၆၇)နှစ်**

(ဦးထွန်းဖေ-ဒေါ်ခင်ဦးဇွန်း)နှင့် (ဒေါက်တာဘဟန်-ဒေါ်သိန်းလွင်)တို့၏မြေး၊ (ဦး Teddy တင်သိန်း)-ဒေါ် Marjorie မြင့်မြင့်ဟန်တို့၏ ချစ်လှစွာသောသားငယ်၊ ဦးဖေတင်သိန်း-ဒေါ်တီဆိုင်ဂျမ်၊ ဦးဟန်တင်သိန်း-ဒေါ်ကျင်ခိုးမန်မုံ၊ ဒေါ်လွင်မေသိန်း-ဦးမင်းသူတို့၏ ညီ/အစ်ကို၊ တေဇာဟန်၊ ခင်ဇာဟန်၊ ဟေမာမင်းသူ၊ ဝေမာမင်းသူ၊ တင်ဖေသိန်းတို့၏ ချစ်လှစွာသော ဦးလေးဦးငယ်၊ အမှတ်(၄က)၊ ကမ္ဘာအေးလမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးအောင်တင်သိန်း(Kevin)သည် ၂၇-၉-၂၀၂၂ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၉-၂၀၂၂ ရက် နံနက် ၉ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂၅)၊ ဗိုလ်ချုပ်ရေနံ စက်ကွက်၊ ဦးပိုင်မြေကွက်အမှတ်(၇) လက်ရှိအခေါ် သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်းနှင့် ဦးရာဇတ်လမ်းထောင့်၊ ဧရိယာ(၀.၀၅၅)ဧကရှိ အမှတ်(၇)ဟုခေါ်တွင်သော ဦးညွှန့်သိန်း အမည်ပေါက်ခြံမြေကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်သူ (၁) ဦးထွန်းထွန်းဝင်း [၁၂/သကတ(နိုင်)၀၂၀၅၉၉]၊ (၂) ဦးစိန်လွင် [၁၂/ကတတ(နိုင်)၀၀၅၄၁၉] အမှတ်(၁၀၂)၊ ရွှေပြည်သာလမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ်နေသူတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်မူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းစိုး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၂၈၅/၂၀၀၄)**
**(၁၃/၉)၊ ကျောင်းလမ်း၊ ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့။ ဖုန်း-၀၉-၇၆၅၈၄၅၈၄၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၊ မြေကွက်အမှတ်-၇၃၀၊ မြေကွက်တည်နေရာအမှတ်(၇၃၀)၊ ဗန္ဓုလလမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးမောင်စု(AD-၀၂၉၇၅၇)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးမောင်စုထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးသန်းကျော်ဌေး [၁၁/စတန(နိုင်)၀၅၆၇၂၉]၊ ဒေါ်နော်စေးဟဲ[၁၄/ပသရ (နိုင်)၀၈၃၉၂၈]တို့မှ ပါမစ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာချုပ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မူးယစ်ကို ပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

## အရေပြားအကျိတ်နာရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွားများတွင်ဖြစ်ပွားတတ်သည့် အရေပြားအကျိတ်နာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသော ကျွဲ၊ နွားများကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) နာမကျန်း ကျွဲ၊ နွားများကို လွှတ်ကျောင်းခြင်း၊ အခြားနွားများနှင့် ရောနှောခြင်းမပြုရန်၊
(၂) ကျွဲ၊ နွားမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ဆောင်ရွက်ရန်၊
(၃) ကျွဲ၊ နွား အသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွားများကို ဝယ်ယူမွေးမြူရန်၊
(၄) ဝယ်ယူသည့်နွားအသစ်များကို မိမိခြံရှိ နွားများနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၅) ရောဂါပိုးသယ်ဆောင်တတ်သည့် အင်းဆက်ပိုးမွှားများဖြစ်သည့် မှက်၊ ခြင်၊ ယင်နှင့် မွှားများကို ထိန်းချုပ်ရန်၊
(၆) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊
(၇) ကျွဲ၊ နွားများ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်(AHD/PC-3)ရယူရန်၊
(၈) မိမိ ကျွဲ၊ နွားများတွင် အရေပြားအကျိတ်နာဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ် ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ခရီးသွားလုပ်ငန်းကို ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်နိုင်မှုနှင့် အချိန်ကိုက် အမြန်ဆုံးပြန်လည်စတင်ဆောင်ရွက်နိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလို

## သင့်လျော်သည့်ဒေသများကို ဦးစားပေးအစီအစဉ်အလိုက် ရွေးချယ်ပြီး ပြည်တွင်းခရီးသွားများအတွက် ပြန်လည်ဖွင့်လှစ်နိုင်ရန် အသင့်ပြင်ထားကြရမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၁ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်အမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၂၇

၂၀၂၁ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အမျိုးသားခရီးသွားဖွံ့ဖြိုးတိုးတက်ရေး

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၉/၂၀၂၁) ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၉/၂၀၂၁)ကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ ယနေ့ ဖတ်စရာ

**ထိုင်းနိုင်ငံ၌ နိုဝင်ဘာလမှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးသူ နိုင်ငံတကာခရီးသည်များအား နိုင်ငံအတွင်း ခရီးသွားလာခွင့်ပြုမည်** စာမျက်နှာ » ၁၃

ဆရာကြီးပီမိုးနင်း၏ ဆောင်းပါး

**မည်သူမဆို တိုးတက်နိုင်၏** စာမျက်နှာ » ၂၁



## ယခုနှစ်ဘောလုံးရာသီ မန်ယူအသင်း ပရီမီယာလိဂ်ဖလား ရရှိလိမ့်မည်မဟုတ်ဟု ဂယ်ရီနဗီးလ် ပြောကြား

မန်ယူအသင်းဟာ အခုနှစ်ဘောလုံးရာသီအတွင်းမှာ ပရီမီယာလိဂ်ဖလားရရှိလိမ့်မည်မဟုတ်ကြောင်းနဲ့ ပရီမီယာလိဂ်ချန်ပီယံဖြစ်မယ့်အသင်းကောင်းတစ်သင်းဖြစ်ဖို့ လိုအပ်နေသေးကြောင်း ဂယ်ရီနဗီးလ်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❍